# ပရိတ်အမျိုးမျိုး

(ဟံသာဝတီ)

U



ဓမ္မာနုဓမ္မ မဟာဒွါရ နိကာယ
ကျေးဇူးသျှင် - အရှင်အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး

၄၁၂၃

ကျေးဇူးသျှင် အရှင်အုဂ်ဖိုရ်ဆရာတော်

ရေးသားစီရင်တော်မူအပ်သော

အတိစိတြဂန္ထိရဿဝမ္မ

# ပရိတ်အမျိုးမျိုး

## သာသနဝေပုလ္လသုတ္တန္တဒေသနာ

နှင့်

## ဝိမှယဝိသဇ္ဇနာ

ရန်ကုန်မြို့

ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၅-ခု၊ (သာသနာ ၂၅၀၇) ၁၉၆၄-ခု

H 500—A [ဟံသာဝတီ]

အတိစိတြဂဏ္ဍိရဇ္ဇဓမ္မ
ပရိတ်အမျိုးမျိုး
ဟံသာဝတီမှ ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၆၄-ခု၊ ဇန္နဝါရီလ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊
ဟံသာဝတီပုံနှိပ်တိုက်(မှတ်ပုံတင်အမှတ် ၀၀၀၃-၀၀၀၄)
ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ပရိတ်အမျိုးမျိုး** | |
| * | နိဒါန်း | |
| ၁။ | ပဉ္စသိခ တန္တိဿရသုတ်အမွှန်း ... | ၁ |
| ၂။ | ပဉ္စသိခစောင်းချင်းဂါထာပါဠိအနက် ... | ၆ |
| ၃။ | နရသီဟဂါထာအမွှန်း ... | ၂၀ |
| ၄။ | နရသီဟဂါထာပါဠိအနက် .... | ၂၆ |
| ၅။ | ဗောဇ္ဈင်သုတ် ၃-မျိုးအမွှန်း ... | ၄၇ |
| ၆။ | ဗောဇ္ဈင်သုတ် ၃-မျိုးပါဠိအနက် ... | ၅၄ |
| ၇။ | ဂုဏ်တော်အမွှန်း ... | ၆၅ |
| ၈။ | ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက် ... | ၆၈ |
| ၉။ | တရားဂုဏ်တော် ၆-ပါးပါဠိအနက် ... | ၇၅ |
| ၁၀။ | သံဃာဂုဏ်တော် ၉-ပါးပါဠိအနက် ... | ၇၉ |
| ၁၁။ | ဝိပဿနာဉာဏ် ၁၀-ပါးအမွှန်း ... | ၈၃ |
| ၁၂။ | ဝိပဿနာဉာဏ် ၁၀-ပါး ... | ၈၇ |
| ၁၃။ | ဗြဟ္မဝိဟာရအမွှန်း ... | ၁၁၉ |
| ၁၄။ | မေတ္တာပွားနည်း ၄-မျိုးပါဠိအနက် ... | ၁၂၂ |
| ၁၅။ | သတိပဋ္ဌာန်အမွှန်း ... | ၁၄၀ |
| ၁၆။ | အဘိဓမ္မာ အောက် ၆-ကျမ်းအမွှန်း ... | ၁၄၅ |
| ၁၇။ | ပဋ္ဌာန်းအမွှန်း ... | ၁၄၉ |
| ၁၈။ | ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိအနက် ... | ၁၅၄ |
| ၁၉။ | ဒေဝဒူတသုတ်အမွှန်း ... | ၁၆၃ |
| ၂၀။ | ဒေဝဒူတသုတ်ပါဠိအနက် ... | ၁၆၈ |
| ၂၁။ | မဟာသမယသုတ်အမွှန်း ... | ၂၀၅ |
| ၂၂။ | မဟာသမယသုတ်ပါဠိအနက် ... | ၂၀၈ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃။ | မဟာသမယသုတ်လာအမျှဝေ | .... | ၂၄၃ |
| ၂၄။ | အာဋာနာဋိယသုတ်အမွှန်း | .. | ၂၄၇ |
| ၂၅။ | အာဋာနာဋိယသုတ်ပါဠိအနက် | .... | ၂၅၁ |
| ၂၆။ | သမဒဒအာသီသဂါထာပါဠိအနက် | ... | ၂၇၉ |
| ၂၇။ | ပထမဥဏ္ဍှာပနဂါထာပါဠိအနက် | ... | ၂၈၁ |
| ၂၈။ | ဒုတိယဥဏ္ဍှာပနဂါထာပါဠိအနက် | .... | ၂၈၂ |
| ၂၉။ | ဘီလူးတို့အား မင်္ဂလာစကားဆိုရန် | ... | ၂၈၃ |
| ၃၀။ | လက္ခဏာတော်ကြီး ၃၂-ပါးရှိခိုး | ... | ၂၈၄ |
| ၃၁။ | မဟာရာဟုလောဝါဒသုတ်အမွှန်း | ... | ၂၉၄ |
| ၃၂။ | မဟာရာဟုလောဝါဒသုတ်ပါဠိ အနက် | ... | ၃၀၁ |

## သာသနဝေပုလ္လသုတ္တန္တဒေသနာ

| | | | |
|---|---|---|---|
| ၁။ | ဓမ္မစကြာအမွှန်း | ... | ၃၂၅ |
| ၂။ | ဓမ္မစက္ကပဝတ္တနသုတ်ပါဠိအနက် | ... | ၃၃၀ |
| ၃။ | အနတ္တလက္ခဏာသုတ်အမွှန်း | .... | ၃၄၉ |
| ၄။ | အနတ္တလက္ခဏာသုတ်ပါဠိအနက် | .... | ၃၅၃ |

## ဝိမ္ပယဝိသဇ္ဇနာ

| | | | |
|---|---|---|---|
| ၁။ | ငေါ်ငေါ်-ဟု သံထပ်ရွတ်သီရာ၌ မှတ်ဖွယ် | ... | ၃၆၇ |
| ၂။ | မာမာ-ဟုသံထပ်ရွတ်သီရာ၌မှတ်ဖွယ် | .... | ၃၈၇ |
| ၃။ | ဘုရားဟောကို သကဋသို့တင်၍ မရွတ်သီသင့်ကြောင်း | ... | ၃၉၀ |
| ၄။ | ဘုရားဟောကို မိမိဘာသာဖြင့် ရွတ်သီသင့်ကြောင်း | ... | ၃၉၃ |
| ၅။ | အချုပ်မှတ်ဖွယ် | ... | |

# နိဒါန်း

ဇာတိအာဏာ၊ မဟာဝိသယ၊ သုံးလောကခေတ် အလုံးထက်၊ ထစ်ချုန်းကြေငြာလျက်၊ တေဇာတော်အစုံ တင့်သည့်၊ ဂုဏ်အရှင့်မြတ်ဘဂဝါ၏၊ သာသနာဓမ္မစက် ကို၊ ပွါးတက်စည်ပင်အောင်၊ တီထွင်အားသစ်တော်မူ သဖြင့်၊ ဇမ္ဗူမဆံ့၊ သီဟိုဠ်ပျံ့အောင်၊ နှံ့သောသတင်း၊ ကျော်စောခြင်းရှိတော်မူခြင်း-

သာဋ္ဌကထာ၊ နရာပဝရ၊ အမတာဒဒ၊ သာဂရုပ ဝစနာ၊ ဒေသနာတန္တိဝယ်၊ ဂမ္ဘီနက်ကို၊ အချက်သိလျက်၊ စက်မဏိစိန်သွား၊ ကဲ့အလားသို့၊ ပိုးဝါးဒေါင်ဗကာ၊ အာ သက်မဆံ၊ မြင်သန့်စူးရှသည့်၊ ထူးလှသောဉာဏ်ခေါင် ထီး၊ ဉာဏ်ဝန်ကြီးဖြစ်တော်မူခြင်း-

တောဒည်းဖြာလှိုင်း၊ ဗျာကရိဏ်းသကဋ၊ လောကီယ သဒ္ဒါ၊ သာမာယဇာ၊ ဋ္ဌရုသီးသီး၊ အနည်းနည်း၌၊ ပြီးစီး တတ်ကျွမ်းလျက်၊ ကပ်ဆန်း၍မကုန်၊ ဥဒါန်းတော်သိန် ဂုဏ်မှာ၊ တိန်ဘုံတွင်ယုန်ရိပ်သို့၊ ပုံတံဆိပ်အန္တုန်းထား ၍၊ ထုံးတပါးကမ္ပည်းတင့်လျက်၊ ကြီးမြင့်သောဂုဏ် သရေရှိတော်မူခြင်း-

အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊ စံမှီညီမျှလျက်၊ သီလတော်စာဂိ၊ ပါရမီမှာ၊ စာမရီစံပြုလျက်၊ တန္တုသဓမ္မ သမ္ဘာရဆောက်အဦးဖြင့်၊ အထူးဖြိုးခိုင်၊ မယိုင်မနစ်၊ အားသစ်အပတ်တကုတ်၊ အားထုတ်ကျင့်ကြံနိုင်သော၊

သံယမ သံဝရ၊ သီလပြည့်စုံ၊ လုံခြုံစွာထိန်းသိမ်းတော်မူခြင်း-

ဤသို့လျှင်၊ ဂဏာစေရ၊ ဂဏအဓိပတိ၊ အတိပညဝန္တ၊ တိပိဋကဗဟုဿုတ၊ ဗေဒတ္တယ ဗဟုဿုတ၊ လောကီယစ္ဆန္ဒ၊ သဒ္ဒဆေက၊ ကိတ္တိယသ၊ သိက္ခာမာမက၊ စသောဂုဏ်အသီးသီးတို့ဖြင့်၊ ချိုး၂မကုန်၊ ကြွက်သရေအလုံးစုံတို့နှင့်၊ ပြည့်စုံတော်မူသော အုဂ်ဖိုရဲဆရာတော်ဘုရားကြီးသည်၊ ပွါးစီးသုတ၊ ကုသလသမ္ဘာ၊ ပညာမိုရင့်၊ အစုံဘင့်လျက်၊ ရင့်သည်ထက်ရင့်ကြစေရန်၊ ရည်သန်တော်မူချက်အတိုင်း၊ ရေးသားပြုပြင်၊ စီရင်တော်မူအပ်သော၊ **အတိစိတြာ မှိရတ္ထဓမ္မ ပရိတ်အမျိုးမျိုးနှင့် တက္ကဓမ္မစက္ကသုတ်, အနတ္တလက္ခဏာသုတ်တို့၏** အနက်အဓိပ္ပါယ်ကိုပြရာပြကြောင်းဖြစ်သော **သာသနဝေပုလ္လ သုတ္တန္တဒေသနာ**၊ ခရာသံထပ်၊ အရပ်ရပ်တို့ဖြင့်၊ သပ်ရပ်ဖွယ်ရာ၊ ရွတ်သီခြင်းနည်းအလာဖြင့်၊ ပရိတ်တော်ဒေသနာကို၊ ကောင်းစွာရွတ်သီအပ်ကြောင်းနှင့်၊ ထပ်လောင်း၍ ဆုံးဖြတ်တော်မူအပ်သော၊ **ဝိမုယဝိသဇ္ဇနာ**၊ သုံးဆူသောကျမ်းမဟာကို ပညာဉာဏ်ကွန့်မြူးလျက် အထူးရေးသားတော်မူခဲ့လေသည်။

ဤသုံးဆူသော ကျမ်းရွှေစာကို ရှေးအခါသမယတွင် စက်တင်ကာပုံနှိပ်လျက် ကျေးလက်မြို့ရွာသို့ပြည့်ယှိုင်အောင် ဖြန့်ချိုင်ခဲ့သော်လည်း အချိန်ကြာညောင်း နှစ်ပေါင်းများစွာရှည်မြင့်ခဲ့သဖြင့် အာဿာဝတီ သည်းတင့်ဆန်း နွယ်နီနတ်ပန်းကို မြော်မှန်းတမ်းတနေကြသည့် အသားများပြားလှစွာသောရဟန်း

ရှင်လူ ပြည်သူအပေါင်းတို့က ယခုအခါ ရှာဖွေမရ၍ ထပ်မံ ရိုက်နှိပ်ဖြန့်ချိရန် တောင်းပန်ကြသောကြောင့် ဆရာတော်ဘုရားကြီးအား ရိုသေလေးစားစွာ ဂါရဝပြု လိုသဖြင့်၎င်း၊ ဤကျမ်းစာသည် ကြည့်ရှုကြားနာသူတို့ သဒ္ဓါမိုးကြီး ယိုစီးသွန်ဖြိုးစေနိုင်သဖြင့်၎င်း၊ မြော်လင့် တောင့်တကြသူ ရှင်လူရဟန်း တပည့်တပန်းတို့၏ အာ သာဆန္ဒကိုပြည့်စေလိုသဖြင့်၎င်း ဤကျမ်း ၃-ကျမ်းကို မူဟောင်းမပျက် မူသစ်မစွက်ဘဲ စက်တင်ပုံနှိပ်ခြင်းဖြစ် ပါသည်။

အဆိုပါ ကျမ်း၃-စောင်နှင့်တကွ များစွာသော ကျမ်းတို့ကို ပြုစုစီရင်တော်မူသည့် သီလ ပညာ သမာ ဓိကွန် ရင့်သန်ကြီးထူ ဇမ္ဗူမဆံ့ ဂုဏ်ရောင်ပျံ့သဖြင့် မြန်မာ့ဥက္ကာမီး ကျွန်းကျွန်းထိီးဖြစ်တော်မူသော ကျေးဇူး ရှင်အရှင်အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည် အာဇာ နီယပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်၍ "ပုဂ္ဂလဝိသေ သောဇာနိတဗ္ဗော"မိန့်ဟောညွှန်ပြဖော်ထုတ်ခဲ့ကြသည့် အတိုင်း ခြင်းရာဖြစ်ရပ် အတ္ထုပ္ပတ်ကို ဆက်စပ်ရှာဖွေ အကျဉ်းအမြွက်မျှ ပြဆိုလိုပေသည်။

## အုဂ်ဖိုရ်ဆရာတော် အတ္ထုပ္ပတ်

ဒွါရဝါဒီဂိုဏ်းတည် ပထမဒွါရဝါဒီ သာသနာပိုင် ကျေးဇူးရှင်-အရှင် အုဂ်ဖိုရ်ဆရာတော် ဘုရားကြီး၏ မွေးဖွားရာအရပ်ဒေသမှာ သာယာဝတီခရိုင် သာရဝေါ တိုက်နယ် သာရဝေါမြို့မှ မြောက် ၂-မိုင်ခန့်ဝေးကွာ သော ရွာကလေးရွာပင်ဖြစ်လေသည်၊ ၎င်းရွာတွင် ဦးရွှေဘမ်းနှင့် ပထမဇနီးဒေါ်ရေးဘို့ ရင်သွေးရတနာ

ဖြစ်သော ကျေးဇူးသျှင်ဆရာတော် အလောင်းလျာ ကလေးကို ၁၁၇၉-ခု တပေါင်းလဆန်း ၅-ရက် တနင်္ဂနွေနေ့တွင် ကောင်းမွန်မြင့်မြတ်သော နက္ခတ်နှင့် ယှဉ်လျက် ဘွားမြင်ခဲ့လေသည်။

ငယ်မည်မှာ မောင်ရွှေညှင်းဖြစ်သည်၊ မောင်ရွှေ ညှင်း၏ ၁၅-နှစ်သား အချိန်တွင် ရွာကလေးရွာ၏ အရှေ့ဘက် ၄-ဖါလုံခန့် အကွာ၌တည်ရှိသော နန်းဦး ကျောင်းတိုက်၌ ဘိုးဇော်ဂျီဟုခေါ်တွင်သော ဆရာ တော်ဘုရားထံသို့ရောက်၍ မကြာမြင့်မီပင် ဆရာတော် ဘိုးဇော်ဂျီ၏ ချီးမြှောက်တော်မူချက်ကြောင့် "ဥက္ကံဝံ သမာလာ"ဟူသော ဘွဲ့အမည်ဖြင့် သာမဏေဘဝသို့ ရောက်ရှိခဲ့လေသည်။

ဆရာတော် ဘိုးဇော်ဂျီသည် မိမိတပည့် သာမဏေ ၏ ဉာဏ်ထက်မြက်ပုံကို အားရုံပြုမိသဖြင့် ဟသ်ာတမြို့ အင်းဝအုပ်ကျောင်းဆရာတော် အရှင်မဏိအထံ၌ ၂-ဝါ,သရက်တောကျောင်းတိုက် အရှင်ကဝိနှင့် တိုက် အုပ်ဆရာတော်အရှင်ဇောတထေရ်တို့၏ အထံ၌၂-ဝါ, ရန်ကုန်မြို့ လောကမှန်ကင်းကျောင်းတိုက် ဆရာတော် အရှင်မတိမထေရ်အထံ၌ ၂-ဝါပရိယတ်,ပဋိပတ်တို့ကို လေ့လာသင်ကြားစေခဲ့လေသည်။

ရှင်ဥက္ကံဝံသမာလာသည် ၁၂၀၀- ပြည့်နှစ် နှစ်ဦး၌သာရဝေါသို့ပြန်ရောက်လျက် မန်ကျည်းတော ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သာရဝေါ ကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ရောက်ရှိ ပြီးနောက် မန်ကျည်းတောဆရာတော်နှင့် ဓနုဖြူမြို့

ရွှေဂူဆရာတော်ဘုရားကြီး အရှင်ဇောတထေရ်တို့၏ အထံ၌ ပရိယတ်,ပဋိပတ်တို့ကို ဆက်လက်၍ သင်အံ့ လေ့လာကျင့်သုံးခဲ့ရာ ရဟန်းသိက္ခာ ၄-ဝါရှိခဲ့လေသည်။

၎င်းနောက် ၁၂၀၄-ခုနှစ်တွင် ဓနုဖြူမြို့ ရွှေဂူဆရာ တော်ဘုရားကြီးကိုယ်တိုင် ခေါ်ဆောင်သွားရောက်၍ အပ်နှံသဖြင့် ၁၂၀၇-ခုနှစ်အထိ ၄-နှစ်တိုင်တိုင် အမရပူရနေပြည်တော်ဗားကရာတိုက် ဒုတိယ ဗားက ရာဆရာတော်ထံ၌၎င်း၊ ၁၂၁၁-ခုနှစ်အထိ ၄-နှစ် တိုင်တိုင် မြသိန်းတန်ကျောင်းတိုက် တတိယ မြသိန်း တန်ဆရာတော်ဘုရားကြီး အထံ၌၎င်း နေထိုင်လျက် ပရိယတ်, ပဋိပတ်တို့ကိုနည်းခံယူပြန်လေသည်။

၁၂၁၁-ခုနှစ် ဝါတွင်း၌ နိယမသာရကျမ်းနှင့် ကံခွဲစာတမ်းခေါ် အဟောသိကံ အဆုံးအဖြတ်တို့ကို အပြီးအဆုံး ရေးသားတော်မူပြီးလျှင် တန်ဆောင်မုန်း လလောက်မှစ၍ စစ်ကိုင်းမြို့ထူပါရုံကျောင်းတိုက် ဆရာ တော်အရှင်ပုညာရမ္ဘထေရ်၏ အထံ၌၎င်း၊ရတနာပူရ နေပြည်တော်ဟောင်းဖြစ်သော အင်းဝရွာအနီး လက် ဆောင်ယူရွာ မလယ်တောရဆရာတော် အရှင်ဥတ္တမ ထေရ်၏အထံ၌၎င်း ပရိယတ်,ပဋိပတ် နည်းများကိုခံယူ ရန် ၄-လစီခန့်နေထိုင်ခဲ့ပြန်လေသည်။

ထိုနောက်မှ ရဟန်းတော် အရှင်ဥက္ကံဝံသမာလာ သည်နောက်လိုက်တပည့်သံဃာ ၁၀-ပါးနှင့်သာရေဝေါ တိုက်နယ်သို့ ကြွရောက်လျက် ရွာကလေးရွာ၏ တောင် ဘက် ဆွေမျိုးများဆောက်လုပ်အပ်သော ယာယီဝါး ပိုး ဝါးကျောင်းဆောင်ကြီး၌ ၁၂၁၂-ခုနှစ်တွင် ဝါဆို

၍၊ ၁၂၁၂-ခုနှစ်တွင် သာရဝေါ ကျောင်းတိုက်သို့ ပြောင်းရွှေ့ ဝါကပ်တော်မူပြီးလျှင် ရာမညတိုင်း၌ ၅၄-နှစ်တိုင်တိုင် ဒွါရဝါဒိနိကာယကြီး၏ တိုးတက် စည်ပင်ရေးနှင့် သာသနာတော်ကြီးပွားရေး စသော သာသနာဘက်ဆိုင်ရာ လုပ်ငန်းများကို ကြီးပမ်းအား ထုတ်တော်မူခဲ့လေသည်။

အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ကျမ်းဂန်များမှာ—

၁။ နိယမသာရကျမ်း။
၂။ ကံခွဲစာတမ်းခေါ် အဟောသိကံအဆုံးအဖြတ်။
၃။ ရွှေမင်းဝံစေတီတော်ကြီး အလှူရေစက်ချလက်ာ ၃-ပုဒ်။
၄။ မြို့အဆုံးအဖြတ်စာတမ်း။
၅။ ရှင်မဟာကစ္စည်းဖြတ်ထုံးစာတမ်း။
၆။ ခန္ဓာခွဲစာတမ်း။
၇။ သတိသမ္ပဇညမေတ္တာစာ။
၈။ ဂုဏာဒိပကမေတ္တာစာ။
၉။ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့နည်းစာတမ်း။
၁၀။ မနောကံအဆုံးအဖြတ်စာတမ်း။
၁၁။ ကံဒွါရခိုသမတ်စာတမ်း။
၁၂။ ကံဒွါရအဆုံးအဖြတ်။
၁၃။ ပရပ္ပဝါဒိနိမဒ္ဒနကထာမေတ္တာစာ။
၁၄။ ဗိုးကွက်မေတ္တာစာ။
၁၅။ တိပုဋ္ဌာဝိသဇ္ဇနာစာတမ်း။
၁၆။ သတိဝေပုလ္လမေတ္တာစာ။

၁၇။ မိစ္ဆာဝါဒနာသနစာတမ်း။
၁၈။ ဝါဒါနုဝါဒအနုဓမ္မစာတမ်း။
၁၉။ ဗောဓိသျှောင်ရတု။
၂၀။ ဤမက္ကာရီပါဠ်နိသျ။
၂၁။ စွယ်တော်သျှောင်ရတု။
၂၂။ ကလျာဏီ ဝိသုဒ္ဓါစာရီ မဟာ သိမ်တော်ကြီး ကျောက်စာ။
၂၃။ ဗုဒ္ဓသရိက္ခစာတမ်း။
၂၄။ အမြိတောဒကစာတမ်း။
၂၅။ အတိစိတြ ဂန္တိရတ္တဓမ္မ ပရိတ်အမျိုးမျိုး။
၂၆။ သာသနဝေပုလ္လ သုတ္တန္တဒေသနာ။
၂၇။ ဝိမှယ ဝိသဇ္ဇနာ။
၂၈။ ဂုဏ်တော်ဖွင့် ဘုရားရှိခိုး အမျိုးမျိုး။
၂၉။ ကဝိမနောနုရဉ္ဇနာ မေတ္တာစာ။
၃၀။ လောကဝိဝရဏာ ပါဋိဟာရိယ စာတမ်း။
၃၁။ စေတိယ ပဋိဇဂ္ဂနဒီပက စာတမ်း-

စသော ကျမ်းကြီးကျမ်းငယ် တို့ဖြစ်ပေသည်။

ဤကဲ့သို့ စာပေပို့ချခြင်း, ကျမ်းဂန်ရေးသားပြုစုခြင်း, တရားဓမ္မ ဟောကြားပြသ ဆုံးမတော်မူခြင်း စသော သာသနာဘက်ဆိုင်ရာ လုပ်ငန်းများကို ကြိုးပမ်း အားထုတ်တော်မူခဲ့သော အုဂ်ဖိုရ် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၇-ခုနှစ် တပေါင်းလဆုတ် ၂-ရက်တနင်္ဂနွေနေ့ နံနက် ၁၀-နာရီအချိန်၌ သက်တော် ၈၉-နှစ်၊ သိက္ခာဝါတော် ၆၉-ဝါရှိပြီဖြစ်ရာ အိုခြင်းစသော သဘောတရားနှင့်စက် ဘိစီးခဲ့လေရ

# နိဒါန်း

ကားတဘဝဇာတ် တဖြစ်ကြိုလာ တခန္ဓာတည်းဟူသော ဘဝဇာတ်ကိန်းကို သိမ်းဖြတ်တော် မူလေသတည်း။

## ပုံနှိပ်စေခြင်းနှလုံးသွင်း

ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် စီရင်တော်မူခဲ့သော ကျမ်းစာများ မတိမ်ကောမပပျောက်စေရန်ငှင်း, တပည့်နောက်သား လူအများတို့မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွားနိဗ္ဗာန်တိုင်အောင် အကျိုးများစေရန်ငှင်း ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ဆရာဦးခင်စိုး [သာသနဓဇသီရိ ပဝရဓမ္မာစရိယ]နှင့် ဆရာဦးသိန်းဟန် (၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး,ဦးသိန်းဟန် (၂) ဟံသာဝတီပါဠိဆရာများအဖွဲ့က အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် ကောင်းစွာ သုတ်သင်ပြင်ဆင်လျက် ပုံနှိပ်လုပ်ဆောင် အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

အတိဝိတြဂန္ထိရဏ္ဏဓမ္မ

# ပရိတ်အမျိုးမျိုး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဉ္စသိခတန္တိဿရသုတ်အမွန်း

၁။ ဝေဒိယကပဗ္ဗတေထ၊
သမယံ မဂဓေသုကံ။
ဝိဟရတိန္တသာလာယံ၊
ပဉ္စသိခေါ မဓုသရော။ ။

၂။ ဂီတိယော ဝိဏာယ ဂိတ္ဂာ၊
အသာဝေသိ မယံ တထာ။
ဘဂဝတော ဠုဒါနေဝ၊
ဘော သာဝေမ မဓုသရံ။ ။

ရှင်းအနက်

၁။ မဓုသရော၊ တောခုနစ်ဆိုင် အိုင်ခုနစ်ထပ် ဆဲ့နှစ်ပတ်ရေသီတာ ရစ်ခွေစီးလျက်တဖြာဖြာ ငါး

ရာမြစ်ငယ် ငါးသွယ်မြစ်ကြီး ရံကာဆီးတဲ့ တောကြီး
ကန္တာဗွေ နဘောမိုးလွင့် ဖြိုးစွင့်စွင့်ဝေ အမြင့်ငါးရာယူ
ဇနာချင့်ဆောင် ကုန်းခေါင်ခေါင်ဝယ် သုံးထောင်
ပြောကျယ် မြိုင်လယ်ဘုံတွင်း ငွေဆီးနှင်းက တစွေ
စွေ မိုးလယ်ရောက်ဆိုက် ရှစ်သောင်းလေးထောင်
တောင်မကိုဋ်နှင့် တိုက်ကြငှန်းမြေ ဇမ္ဗူလုံး ကြက်
သရေ သိုက်နန်းကြော့ ဘုံရုဝေ တောင်ဟေမရာဇ်
ဖျားပေါ် ပျော်ပျော်လေ ပျော်ပျော်ပါးပါး ကစားမှိ
တင်းသော ကရဝိက်ငှက်မင်းသည် ဘော်ဘော်ချင်း
လေ့ ရိပ်ရောင်ငွေ့ကို ဖူးမြင်မြော်တွေ့လျှင် ကြွေ့
ကြွေ့ရိုက်ချွေ ပတ္တမြားဇော်မြိတ် ရောင်ဘိတ်ရွှန်း
ဝေ မြပလွေကို သံခြေကျူးလှုပ် မှုတ်လေသောပမာ
ကဲ့သို့ သာယာညှင်းဘွဲ့ မြည်တွန်ခဲ့သော် အိုဘဲ့အ
သံ နှုန်းစံတုပြိုင် မနိုင်တဲ့အောင် မြိုင်ကန္တာဘုံ ရဂုံ
ရိပ်ဆောင်တွင် ဟိုတောင်ဟိုတောင် ဟိုချောင်ဟို
မြောင်ကြားမှာ မြဖလ်ပတ္တမြား ရွှေသားငွေရောင်
ထွန်းပြောင်ကြူကြူ လိုဏ်ဂူမုတ်အောင်း ဝိဇ္ဇာဇော်ဂီ
တပသီအပေါင်းတို့ ဘယ်ရပ်ဘယ်ဆီ ဘယ်ဒီသာ
စခန်း ဘယ်သည့်လမ်းဘယ်တောင်ဘန်း ဘယ်ပင်
နန်းက အဆန်းဆန်းတွေ မြည်တွန်လေသည်ဟု ရပ်
ဒီသာပေါင်း လှည့်လည်ပြောင်းလို့ ချောင်းမြောင်းရှု
မြော် တမ်းရည်ရော်လျက် အာဘော်ဆိတ်ဆိတ်
ကိုယ်နှင့်စိတ်လည်း မလိပ်မလည်း မငြိုးရွှင်စံ အာရုံ
ခံရှင့် မြိုင်ယံရိပ်ခို ထိုထိုထိုတလ္လား ဟိုဟိုဟိုသား
ငှက်များတို့ ဟိုဟိုဟိုပင်ပေါ်ဖျားက လွမ်းအားနှင့်

တင်ငင် စိတ်ထဲကမြကြည်လင် မာန်မဝင်မာန်မထင် ကြဘဲ ရှင်ပျော်ယစ်မူး ကခုန်မြူးလို့အခါခါ ကျူးကြ ရွှေဘော် ခေါ်ကြဖို့မ ဟောဟိုကမြည်တွန်သံ မြိုင် တော်လုံးသိမ့်သိမ့်ညံ ဖိတ်ဖိတ်လျှံ ခြိမ့်ကျုံကျုံအသံထူး မို့ နားခံလို့မရောင့်ရဲနိုင်ဘူး မိန်းမူးမှိုင်မောလျက် အာရုံစွဲဇောတဒါရုံ နောင်ကြိုသည့်ရွှေဘွင်သဲမှာ မြ မမေ့သုရဘိဂုဏ် သောတ ရုံအကြိုက် ကြိုတွေ့လိုက် တို့မောင်မယ် သားငယ်မြေးပု နောင်တစုမှာ ဥဒါ ဟရုဏ်ပုံတခု ဥဒါန်းမှုထုံးစံ ပြဘို့ရန်ဘန်သကားဟု ယင်းသို့ထွေပြား ဘာသာအားဖြင့် ပျော်ပါးငြိမ့်ခြွေ ဘော်တရွှေနှင့် ဟောဝန်မြိုင်ကြော ဗွေရဂုံစုံဂနိုင်တော မှာ လွမ်းထွေထွေရှင်မောလျက် လည်ညိတ်ကာ ဘန် ဘန်ပြောလို့ အံ့ဩကြအဖုံဖုံ ချီးငေါ်၍မပြီး ချီးပ၍ မကုန် ကမ္မဟေတု စိတ္တပစ္စယ ဥတုဇသဒ္ဒါရုံ ဥဇုံ ဥဇုံ ဝိသုံဝိသုံ သာဒုံသာဒုံ မုဒုံမုဒုံ ဂုဏ်လွန်ဂုဏ် မွန် ဂုဏ်ဝှန်ကျူးထိတ်သည့် ကရဝိက်ငှက်မင်း၏ အ သံကဲ့သို့ ဌာန်တျာတေ ယတြင်္ဂတေ ဌာန်ခုနစ်ပါး နှင့် ယှဉ်းမသွေ ဗျဥ္ဇနေမလ္လာလ ညီမျှဆယ်ပါး သဒ္ဒါအားမလပ် ပုယတ်ကရိုဏ်း ခိုင်းနိုင်းမကြွင်း ရွှေ နှုတ်တော်အာလုပ်တွင်းမှ ရုန့်ရင်းဖရုသ် အကြော သတရား နှုတ်သွာသွားကို ပယ်ရှားခဲ့ဘူး ကုသိုလ် ထူးကြမ္မာ သချေ်လေးထပ် ကပ်တသိန်းလုံး ဖြည့် သုံးတဲ့စရိယာ ငါးဖြာကျင့်ညီ ပါရမီတော် သမ္ဘာ ရင်း ဆော်လာဘန်ဆင်း၍ သန့်ရှင်းသာယာ နာ ပျော်မကွဲ တခဲနက်ပဲ့တင်ဟိ ဂမ္ဘီအတိ ဥဏ်အသိ

လွယ် ရှစ်သွယ်အင်္ဂါ လက္ခဏာဂုဏ်ရှိ၍ ဝိရောမိ သတ္တဝါ မိစ္ဆာပင်မှန်ကစား အသံတော်ကိုကြားလေက မတပ်မှားသူ တလူမျှမရှိ ကြားသိသမျှ နတ်လူပေါင်း ပျောင်းခွေခွေတရှုရှု ဇော်ဟုန်ဟုန်ပီတိနှင့် အံ့ချီ၍ဆိုးမတိုင် ဘယ်ခါမှတုန်းနိုင်လိမ့် လွမ်းချီချီမြိန့်သော အသံတော်ဂုဏ် ပြည့်စုံတော်မူသောကြောင့် မဂူသရမည်ခေါ် လူသုံးဘော်တို့၏ နားနှစ်စုံမှာ လိုက်လိုက်တုန် ကျော်ကြားသည့် ဘုရားရှေးကိုယ်တော်မြတ်သည်။ ဇကံသမယံ၊ လူနတ်ပြဟ္မာ သတ္တဝါဝေနေ မျှားမိုလ်ခြေတို့ ကိုးထွေအမြိုက် ဝိမုတ္တိရတနာ နတ်ညြဇာသုခ ဘိုက်ကို ရထိုက်ရည်ရော် မြင်မြော်သောအား ခါတပါး၌လျှင်။ မဂဓေသု၊ အသိန်းမက မျှားလှပတ်ကုံး မြို့နိဂုံးတို့၏အချက် ကနက်ရိပ်ခို ရာဇဂြိုဟ်ပြည်ကြီး၏ တည်မှီးရာခေတ်ဘုံ ဂုဏ်မဟာသိုင်း သောင်းခရိုင်နိုင်ငံများ အပေါ်မှာ ကျော်လှိုင်းသော မဂဓရောဇ်တိုင်းကြီး၌။ ဝေဒိယကပဗ္ဗတေ၊ ရောင်ဝါရွှန်းစို ပတ္တမြားညှိုပွတ်တိုင် မယိုင်ညီညီ စီရရီစိုက်ထောင်သကဲ့သို့ ထိုထို ထိုတောင်တန်း ထိုထို ထိုခြေခါးပန်းမှာ ရစ်သန်းပင်စည် အညီလုံးဝန်း ရိပ်သွန်းနုပျို တောမြိုင်ညိုခယမ်းသောကြောင့် ဝေဒိယကမည်သော တောင်ယံ၌လျှင်။ဗုန္ဒသာလာယံ၊ ဟေမရံသီ လရောင်ခြည်သို့ တူညီပွင့်ငုံ ဝတ်မုံလဲ့လဲ့ စိမ်းနွဲ့ရွက်လျှာ ရှက်ကာမစဲ ရွှေနဘဲဟု ရင့်နွဲ့ခေါ်ရိုး ပင်တောစိုးတို့ ရိပ်ခိုးပတ်လည် ဝန်းရံတည်လျက် ပန်းချိုလက်မှူ ဒေဝရင်နတ်ဘန်လာပြုသကဲ့သို့ အတုမရ အလှဆန်းကြယ် အံ့ဘွယ်ထူးလည် အတည်တည်နှင့် ဗုန္ဒ

သာလ နာမမဥ္ဇူ။ လိုက်ရွှေဂူ၌သာလျှင်။ ဝိဟာရတိ၊ ရွှေကိုယ်တော်တပါးတည်း အရဟာတ္တဖိုလ်ဈာန် ရွှေယာဉ်ပျံရောင်ထိန်ညီးကို စံပျော်ပျော်တက်စီးလျက် ပြည်ကြီးနိဗ္ဗူ။ ရွယ်ချူမွေ့လျော် မြင်မြော်နိုင်းရှည့် စံပယ်တော်မူ၏။ အထ-တသ္မိံ ကာလေ၊ ထိုသို့မွေ့လျော် စံပယ်တော်မူသောအခါဝယ်။ပဥ္စသိခေါ၊ တိမ္ဗရုနတ်မင်း ရွှေရင်တော်တွင်းမှာတဲ့ သင်းပျံ့ပျံ့တကြိုင်ကြိုင် နတ်သုံးတဲ့ဂမုန်းခိုင်လို ကိုယ်တော်တိုင်သက်ပိုင်မွှေ့ရနံ့ဘို့ ဆဲ့ခြောက်နှစ်ရွယ်ငယ်အဘို့နှင့် အင်မချို့တဲ့ကိုယ်ရုပ်သွင် ရောင်တခင်ခင်ဖြစ်လာပေါ်ထင်၍ ရွှေစင်နိုင်းဘွဲ့ နေကဲ့အလား ငါးကလျာဏီ စုံညီထွန်းပ ကုန်ကုန်လှပေတဲ့ သူရိယဝစ္ဆ နားမဆန်းကြယ် နတ်မိမယ်နှင့် သက်လယ်နှံ့သ ချစ်မေတ္တာဟုန် ရွှေဖူးစာဥဏ္ဏာလုံမှာ ပုံပုံငှဲပသော ပဥ္စသိခ မည်ရထင်ရှား ဂန္ဓဗ္ဗနတ်သားသည်။

၂။ ဂိတိယော၊ "ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံ သူရိယဝစ္ဆသေ"ဆဲ့ငါးချက်ဂါထာပေ ဆန်းအလင်္ကာ ကဗျာသီချင်းတို့ကိုလေ။ ဂိတွာ၊ သာယာချိုငေါ် ကျူးကြော်ရင့်ဇေး သံတိုင်လေလေ သံတိုင်လေးလေး သံပြိုင်ကြွေး၍။ ဝီဏာယ၊ ငွေသားတန္တိ ဇာန္ဒနီစောင်းရိုးရောင်မြှိုးပဝင်း ရွှေစောင်းကျင်းမှာ ပယင်းမျက်ဘွဲ့ သားရေကဲ့ဟန် စိမ်ပြုလုပ် ဂါဝုတ်သုံးလီ တူညီပမာဏ ဂဏန်းရနှင့် ဝေလုဝပဏ္ဍု မည်မှုကျော်ညောင်း နတ်ရှင်စောင်းဖြင့်။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ

ဂုဏ်တော်များအရှင် ဘုရင်တကာတို့၏ထိပ်ပန်း ရဟန်း
တကာတို့၏ထွဋ်ဖျား ဘုရားရှေ့ကိုယ်တော်မြတ်အား
လျှင်။ အသာဝေသိ၊ စောင်းသံနိကာယ် ငါးဆယ်အမျှ
ဖြိုးဖြိုးကြွအောင် မြိုးမြိုးမြမြ ညှင်းခကြူကြူ တဆူဒါန
သဒ္ဓါအလှူ ရည်ရွယ်ချူ၍ ညီမူတုပ်ဝပ် တီးခတ်ရှင်လန်း
လျက် ခယမ်းတော်မူလေပြီ။ ဘော-သဟာယကာ၊
ဘော်ရွှေတသင်း အိုသားချင်းတို့။ ဒါနိ-ဣဒါနိ၊ စည်း
ဝေးညီညာ ဤအခါ၌။ မယံ၊ ငါတို့သည်။ တထာ၊
ထိုပဥ္စသိခ မည်ရထင်ရှား ဂန္ဓဗ္ဗနတ်သားကဲ့သို့။ မဓုသရံ၊
ချိုမြိန်လှစွာ ကာလီဒါသဆရာ ဉာဏ်မဟာလက်သုံး
ထုံးစံလာတိုင်း ဆန်းဂိုဏ်းအစုံ အလင်္ကာဂုဏ်နှင့် မှန်
ပုံမရွှင်း စောင်းချင်းဂါထာ ကျမ်းအလာကို။ သာဝေမ၊
ကိုယ်တော်မြတ်ဖျား သုံးလူ့တို့ထိပ်ခေါင်ထား ဘုရား
ရှေ့နားတော်တွင်း သွင်းလျှောက်ကြည်ဖြူ ညီမူသော
အားဖြင့် ဦးချညွှတ်တွားလျက် ခစားနှုးညံ့ကျူးကုန်အံ့။

ဤကား အမွှန်းဂါထာ၏ ယောဇနာ

---

## ၂-ပဉ္စသိခစောင်းချင်းဂါထာ ပါဠိအနက်

### ပဉ္စသိခစောင်းချင်း ၁၅-ဂါထာ

၁။ ဗုဒ္ဓါျပသံဟိတာ၊ ဓမ္မျပသံဟိတာ။
သံဃူပသံဟိတာ၊ အရဟန္တျပသံဟိတာ။
ကာမူပသံဟိတာ။ ။

ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊
တိမ္ဗရုံ သူရိယဝစ္ဆသေ။
ယေန ဇာတာသိ ကလျာဏီ၊
အာနန္ဒဇနနီ မမ။ ။

ဝါတောဝ သေဒတံ ကန္တော၊
ပါနီယံဝ ပိပါသတော။
အင်္ဂီရသ္မိံ ပိယာ မေသိ၊
ဓမ္မော အရဟတံ ဣဝ။ ။

အာတုရဿေဝ ဘေသဇ္ဇံ၊
ဘောဇနံဝ ဇိဃစ္ဆတော။
ပရိနိဗ္ဗာပယိ မံ ဘဒ္ဒေ၊
ဇလန္တမိဝ ဝါရိနာ။ ။

သီတောဒကံ ပေါက္ခရဏိံ၊
ယုတ္တံ ကိဉ္ဇက္ခရေဏုနာ။
နာဂေါ ဃမ္မာဘိတတ္တောဝ၊
ဩဂါဟေ တေ ထနုဒ္ဒရံ။ ။

အစ္စင်္ကုသောဝ နာဂေါဝ၊
ဇိတံ မေ တုတ္တတောမရံ။
ကာရဏံ န ပဇာနာမိ၊
သမ္မတ္တော လက္ခဏူရုယာ။ ။

တယိ ဂဓိတစိတ္တောသ္မိ၊
စိတ္တံ ဝိပရိဏာမိတံ။
ပဋိဂန္တုံ န သက္ကောမိ၊
ဝင်္ကဃသ္တောဝ အမ္ဗုဇော။ ။

၇။ ဝါမူရု သဇ္ဇ မံ ဘဒ္ဒေ၊
သဇ္ဇ မံ မန္ဒလောစနေ။
ပလိသဇ္ဇ မံ ကလျာဏီ၊
ဧတံ မေ အဘိပတ္ထိတံ။ ။

၈။ အပ္ပကောဝတ မေ သန္တော၊
ကာမော ဝလ္လိတကေသိယာ။
အနေကဘာဂေါ သမ္ပါဒိ၊
အရဟန္တေဝ ဒက္ခိဏာ။ ။

၁၀။ ယံ မေ အတ္ထိ ကတံ ပုညံ၊
အရဟန္တေသု တာဒိသု။
တံ မေ သဗ္ဗင်္ဂကလျာဏီ၊
တယာ သဒ္ဓိံ ဝိပစ္စတံ။ ။

၁၁။ ယံ မေ အတ္ထိ ကတံ ပုညံ၊
အသ္မိံ ပထဝိမဏ္ဍလေ။
တံ မေ သဗ္ဗင်္ဂကလျာဏီ၊
တယာ သဒ္ဓိံ ဝိပစ္စတံ။ ။

၁၂။ သကျပုတ္တော ဝ ဈာနေန၊
ဧကောဒိ နိပကော သတော။
အမတံ မုနိ ဇိဂီသာနော၊
တမဟံ သူရိယဝစ္ဆသေ။ ။

၁၃။ ယထာပိ မုနိ နန္ဒေယျ၊
ပတွာ သမ္ဗောဓိ မုတ္တမံ။
ဧဝံ နန္ဒေယျံ ကလျာဏီ၊
မိဿဘာဝံ ဂတော တယာ။ ။

## ပဉ္စသိခစောင်းချင်း

၁၄။ သက္ကော စေ မေ ဝရံ ဒဇ္ဇာ၊
တာဝတိံသာန မိဿရော။
တာဟံ ဘဒ္ဒေ ဝါရေယျာဟော၊
ဧဝံ ကာမော ဒဠှော မမ။ ။

၁၅။ သာလံဝ နစိရံ ဖုလ္လံ၊
ပိတရံ တေ သုမေဓသေ။
ဝန္ဒမာနော နမဿာမိ၊
ယဿ တေ တာဒိသီ ပဇာတိ။ ။

## အဖြည့် ၇-ဂါထာ

၁။ ဧဝံ ဝုတ္တေ တေ ပဉ္စသိခ၊
ဘဂဝါ ဒဝေါစ ဂန္ဓဗ္ဗတံ။
ဂီတဿရေန ဂီတဿရောစ၊
တန္တိဿရော သံသန္ဒတိ တေန။ ။

၂။ တန္တိဿရော စ ဂီကဿရံ၊
န ဂီတဿရော ကဒါ ပနိမာ တေ။
သံရုဠှာ အတိဝတ္တတိ၊
တန္တိဿရမိတိ ဘဂဝါ တေန။ ။

၃။ ဘန္တေဇ္ဇပါလနိဂြောဓေ၊
တိမ္ဗရုနော ဓိတာမဟံ။
ပထမာဘိသမ္ဗုဒ္ဓေကံ၊
ကင်္ခါမိ သမယေဝ တံ။ ။

၄။ သိခဏ္ဍီနာမ ပုတ္တော တံ၊
ဝိဟရတာဘိကင်္ခတိ။

မာတလိယာ တံ နာလဒ္ဓံ၊
ကေနစာဟံ ယတော အထ။ ။

၅။ တဿ ရညော နိဝေသနေ၊
ဣမာ ဂါထာ ဝိဏ္ဏံ ဣတိ။
အဿာဝေသိ ဧဝံ ဝုတ္တော၊
သာ မေ သူရိယဝစ္စသာ။ ။

၆။ တေဒဝေါစ နမေခေါ၊
မာရိသ ဘဂဝါပိစ။
သုတော၀ သမ္ဗုဒ္ဓေါဒိဋ္ဌော၊
ကိတ္တေသိ ဒါနိ တံ တုဝံ။ ။

၇။ ပစ္စယတောတိ မေနျွ၊
ဟောတု အထ သမာဂမော။
ဘန္တေ ဂါထာ သံရုဠှိမာ၊
ပဋ္ဌသိခေါ အဝေါစ တိ။ ။

## ပဥ္စသိခတေးချင်း ၁၅-ဂါထာအနက်

၁။ ယာဂီတိယော၊ အကြင်ဂါထာသီချင်းတို့သည်။ ဗုဒ္ဓူပသံဟိတာ၊ ဘုရားကျေးဇူး ဂုဏ်အထူးကို ချီးကျူးသဟဲ စွဲမှီ၍ဖြစ်ကုန်၏။ ဓမ္မူပသံဟိတာ၊ တရားကျေးဇူး ဂုဏ်အထူးကို ချီးကျူးသဟဲ စွဲမှီ၍ဖြစ်ကုန်၏။ သံဃူပသံဟိတာ၊ သင်္ဃာကျေးဇူး ဂုဏ်အထူးကို ချီးကျူးသဟဲ စွဲမှီ၍ဖြစ်ကုန်၏။ အရဟန္တူပသံဟိတာ၊ ရဟန္တာ၏ကျေးဇူး ဂုဏ်အထူးကို ချီးကျူးသဟဲ စွဲမှီ၍ ဖြစ်ကုန်၏။ ကာမူပသံဟိတာ၊ငါးပါးအာရုံ ကာမဂုဏ်

ကျေးဇူး အထူးထူးကို ချီးကျူးသဟဲ စွဲမှီ၍ ဖြစ်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ အရှင် ဘုရားအား။ တာဟိဂီတိဟိ၊ ထိုဂါထာသီချင်းတို့ဖြင့်။ အဟံ၊အကျွန်ုပ်သည်။ အသာဝေမိ၊ ဝေလုဝပဏ် ရွှေစောင်းတော် နတ်သံကို ချေင်ပျံ့သင်း နားတော်တွင်းသို့ သွင်း လျှောက်ပါအံ့။

၂။ ဘဒ္ဒေသုရိယဝစ္စသေ၊ နေသူရိန်ဝန်း ခ-လာ သွန်းသို့ ထွန်းပြောင်တောက်ပ အလှဆန်းကြယ် နတ်မိမယ်။ ယေနပဟောတုနာ၊ အကြင် အကြောင်းကြောင့်။ ကလျာဏီ၊ ငါးကလျာနိကာယ် ဆန်းတကြယ်ရှိထသော။မမအာနန္ဒဇနနီ၊ မဲ့မောင်ငါ၏ သာယာနှစ်သက် စုံမက်မြတ်နိုးခြင်းကို မကင်းမကွေ ဖြစ်စေတတ်ထသော။ တွံ၊ သင်နတ်မယ်သည်။ ယံဒေဝရာဇာနံ၊ အကြင်တိမ္ဗရုနတ်မင်း ခမည်းတော်ရင်းကို။ နိဿာယ၊ မှီတင်း၍။ဇာတာ၊ရင်ခွင်ထက်ဖျား ဖြစ်လာဘွားသည်။ အသိ၊ဖြစ်၏။ တေ၊ သင်နတ်မယ်၏။ တိမ္ဗရူ၊တိမ္ဗရုမည်သော။တံပိတရံ၊ ထိုခမည်းတော်နတ်မင်းကို။ အဟံ၊ မဲ့မောင်ငါသည်။ ဝန္ဒေ-ဝန္ဒာမိ၊ ချီငေါ်မြတ်နိုး ရှိခိုးပါ၏။

၃။ ဘဒ္ဒေ၊အလှဆန်းကြယ် နတ်မိမယ်။ သေဒတံ၊ အပူဘိစီး၍ ချွေးတီးတီးပျံ့ ကိုယ်မသန့်ကုန်သောသူတို့သည်။ ဝါတော၊ လေယဉ်လေညှင်းကို။ ကန္တောဣဝဓ၊ တောင့်တမလပ် နှစ်သက်အပ် သကဲ့သို့ငှင်း။ ပိပါသတော၊ ရေမရတတ် မွတ်ငတ်သော သူသည်။ ပါနီယံ၊ သောက်ရေကို။ ကန္တောဏ္ဍဝစ၊ တောင့်တ

မလပ် နှစ်သက်အပ်သကဲ့သို့ငှင်း။ အရဟတံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဓမ္မာ၊ လောကုတ္တရာ တရားကို။ ကန္တောဘဏ္ဍဝစ၊ တောင့်တမလပ် နှစ်သက်အပ်သကဲ့သို့ ငှင်း။ အင်္ဂီရသ္မိံ၊ပြိုးပြိုးပြက်ပြက် တခဲနက်သော ကိုယ်ရောင်ဝန်း ထွန်းလင်းတောက်ပသော။ တံ၊ သင်နတ်မယ်ကို။ မေ၊ မဲ့ မောင်ငါ့အား။ ပိယာ၊ ချစ်မြတ်ကြည်ညို နှစ်လိုအပ်သည်။ အသိ၊ ဖြစ်ပြီ။

၄။ အာတုရဿ၊ ရောဂါစွန်းငြိ အနာရှိသောသူအား။ ဘေသဇ္ဇံ၊ ဆေးကို။ ဒတ္တာ၊ ပေး၍။ နိဗ္ဗာယိ ဏ္ဍဝစ၊ ရောဂါပူရှိမ်း ငြိမ်းစေသကဲ့သို့ငှင်း။ ဇိဃစ္ဆိတော၊ အာဟာရပြတ် ဆာလောင်ငတ်သော သူအား။ ဘောဇနံ၊ အာစာကို။ ဒတ္တာ၊ ပေး၍။ နိဗ္ဗာယိဏ္ဍဝစ၊ ဆာလောင်ပူရှိမ်း ငြိမ်းစေသကဲ့သို့ငှင်း။ ဝါရိနာ၊ ရေသည်။ ဇလန္တံ၊ ထိန်ထိန်ညီးညီး တောက်လောင်မီးကို။ နိဗ္ဗာယိဏ္ဍဝစ၊ ငြိမ်းပျောက်လွတ်ရှင်း ကင်းစေသကဲ့သို့ငှင်း။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ မံ-မမ၊ မဲ့မောင်ငါ၏။ ပရိဠာဟံ၊ နတ်မိမယ်အား ချစ်စေနာ လွန်ပွါး၍ မီးအလားတူ ပြင်းလှသောအပူကို။ တွံ၊ သင်နတ်မယ်သည်။ ပရိနိဗ္ဗာယိ၊ ရှောင်တခင်သော့ ငြိမ်းစေလော့။

၅။ ဃမ္မာဘိတတ္တော၊ အပူလွှန်မင်း နှိပ်စက်ခြင်းရှိသော။ နာဂေါ၊ ဆင်ပြောင်သည်။ ကိဉ္ဇက္ခရေဏုနာ၊ ရွှေကြာပဒုံ ပန်းဝတ်မှုံနှင့်။ ယုတ္တံ၊ ပြည့်စုံသော။ သီတောဒကံ၊ ဧးမြရိပ်ဖျန်း ချမ်းသောရေလည်း ရှိထ

သော။ ပေါက္ခရဏိ ၊ ရေကန်သို့။ ဩဂဟ၊ အာသာ ရမ္မက် နှစ်သက်မြော်တင်း လျှင်စွာဆင်း၍။ သုခံ၊ ကိုယ်ပကိုယ်တွင်း ချမ်းသာခြင်းကို။ ဝိန္ဒတိဣဝ၊ ရှောင် တခင်တည့် ရလေ၏သို့။ ဧဝံတထာ၊ ထို့အတူ။ အဟံ၊ မဲ့မောင်ငါသည်။ တေ၊ သင်နတ်မယ်၏။ ထနဒ္ဓရံ၊ ရွှေတည်သီးအလား သားမြတ်နှစ်ခုကြား ရွှေရင်သားသို့။ ဩဂဟော၊ သက်ဝင်ခိုလှုံ ရင်ငွေ့ကို ခြုံရမှ။ သုခံ၊ ကိုယ်ပကိုယ်တွင်း ချမ်းသာခြင်းကို။ လဘိဿာမိ၊ ယွင်းချွတ်မသွေ ရပါလေအံ့သကား။

၆။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ အစွက်ကို သော၊ ချိတ်ငင်ဆွဲကြောင်း သံချွန်းတောင်းဖြင့် ကောင်း စွာငင်နှိပ် မချိတ်နိုင်သော။ နာဂေါ၊ ဆင်ပြောင်သည်။ မေ၊ ငါသည်။ တုတ္တတောမရံ၊ နားရင်းထိုးစူး ဒူးခြေ လက်ထွင်း ထိုခက်ရင်းကို။ ဇိတံ၊ အောင်အပ်ပြီ။ ဣတိ၊ ဤသို့။ သမ္မတ္တော၊ အမုန်သစ်သစ် အလွန်ယစ်၍။ ကာရဏံ၊ တစုံတခုသောအကြောင်းကို။ နဇာနာတိ ဣဝ၊ မသိသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အဟံ၊ မဲ့မောင်ငါသည်။ တေ၊သင်နတ်မယ်၏။ လက္ခဏူရုယာ၊ ရွှေစိုင်တမွတ် ပွတ်မှချွတ်သကဲ့သို့ ချောမွတ်လှဟန် ရွှေ ပေါင်တံစုံ လက္ခဏာဂုဏ်ရှိသောကြောင့်။ သမ္မတ္တော၊ ရာဂအမုန် သုန်သုန်ယစ်မူး အရူးကဲ့သို့ဖြစ်၍။ကာရဏံ၊ တစုံတခုသောအကြောင်းကို။ နပဇာနာမိ၊ ဉာဏ်ရောင် ကင်းကွာ မသိပါ။

၇။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ အဟံ၊ မဲ့မောင်ငါသည်။ တယိ၊သင်နတ်မယ်၌။ ဂဓိတစိတ္တော၊

ရှေးရှုရည်မှတ် တပ်သောစိတ်ရှိသည်။ အသျှ၊ ဖြစ်ပြီ။ ဝက်ယသွော၊ အဖျားညွန့်သိပ် သံမျှားချိတ်ကို စိတ်ရှိ တိုင်းမျိုမှားသော။ အမ္ဗုဇော၊ ငါးသည်။ ပဋိဂန္တုံ၊ တဘန်ပြန်နစ်ခြင်းငှါ။ နသက္ကောတိဗ္ဗဝ၊ ရုန်းအံ့ကြိုးပမ်း မစွမ်းနိုင်၍သို့။ ဝေံတထာ၊ ထို့အတူ။ မေ၊ မဲ့မောင်ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိပရိဏာမိတံ၊ ဘောက်ပြန်၏။ ပဋိဂန္တုံ၊ ဆုတ်နစ်တဘန် ပြကတေ့ဖြစ်ပြန်ခြင်းငှာ။ န သက္ကောမိ၊ လုံ့လကြံခိုင် မစွမ်းနိုင်။

၈။ ဝါမူရု၊ ပွတ်မှာတင်ချွတ် တမွတ်ရွှေစိုင် ရောင်ပြိုင်လှမော ရွှေငှက်ပျောတုံးဟန် ရွှေပေါင်တံရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ မံ၊ မဲ့မောင်ငါ့ကို။ သဇ၊ ရွှေမုရိုးစည်ပုံခင်း ရွှေလည်ဘင်းကို လက်ငင်းသိမ်းရုက် ဘက်လှည့်ပါလော့။ မန္ဒလောစနေ၊ ဖြည်းညှို့သိမ်မွေ့ ရှုကြည့်လေ့ရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ မံ၊ မဲ့မောင်ငါ့ကို။ သဇ၊ ရွှေမုရိုးစည်ပုံခင်း ရွှေလည်ဘင်းကို လက်ငင်းသိမ်းရုက် ဘက်လှည့်ပါလော့။ ကလျာဏိ၊ ကောင်းမြတ်လှစွာ ကိုယ်အင်္ဂါငါး လက္ခဏာများနှင့်ပြည့်စုံသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိနယ်။ မံ၊ မဲ့မောင်ငါ့ကို။ ပလိသဇ၊ ပေါင်ပေါ် ထက်ဖျား ကိုယ်လုံးထား၍ ပိုက်ဖြားမကြွင်း မောင့်လည်ဘင်းကို ညှင်းညှင်းသာသာ ဘက်လှည့်ပါလော့။ ဧတံ၊ ထိုသို့သာညှင်း လည်ဘက်ခြင်းကို။ မေ၊ မဲ့မောင်ငါသည်။ အဘိပတ္တိတံ၊ ခါဘယ်မလပ် မပြတ်တောင့်တအပ်ပြီ။

၉။ ဝလ္လိတကေသိရာ၊ ညွန့်ဖျားကော့ကော့ ကြော့ရှင်းကောင်းစွာ ဆံကေသာရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ တယိ၊ သင်နတ်မယ်၌။ မေ၊ မဲ့မောင်ငါ၏။ ကာမော၊ သက်လုံးသွေးချိ မွေ့လျော်လိုသော ဆန္ဒသည်။ သန္တော၊ များစွာအပုံ ရှိပါတုံလျက်။ တွံ၊ သင်နတ်မယ်က။ မယိ၊ငါ၌။ အပ္ပကောဝတ၊ချစ်မေတ္တာ ဟုန် အထုံနည်းလေခဲ့သကား။ အရဟန္တေ၊ ရဟန္တာ ပုဂ္ဂိုလ်၌။ ဒက္ခိဏာ၊ သဒ္ဒါကြည်ဖြူ ပေးလှူအပ်သော အလှူသည်။အနေကဘာဝေါ၊ များသောအကျိုးရှိသည်။ သမပါဒိဧဝ၊ ဖြစ်သည်သာလျှင်တည်း။

၁၀။ သဗ္ဗင်္ဂကလျာဏီ၊ ကြွင်းမဲ့လုံးစုံ ကိုယ်အင်္ဂါ ဂုဏ်ရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ တာဒိသု၊ သည်းခံကျေးဇူး ဂုဏ်အထူးရှိကုန်သော။ အရဟန္တေသု၊ ရဟန္တာပုဂ္ဂိုလ်တို့၌။မေ၊မဲ့မောင်ငါ၏။ ကတံ၊ ပြုအပ်သော။ ယံ ပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကောင်းမှုသည်။ တယာ၊ အလှဆန်းကြယ် နတ်မိမယ်နှင့်။ သဒ္ဓိံ၊အတူတကွ။ဝိပစ္စတံ-ဝိပစ္စတု၊ ရွှေလည်ဘက်နွဲ့ လက်တော်ဆွဲ၍ ခံစားရ အကျိုးစုကို ယခုခံစားရပါစေ။

၁၁။ သဗ္ဗင်္ဂကလျာဏီ၊ ကြွင်းမဲ့လုံးစုံ ကိုယ်အင်္ဂါ ဂုဏ်ရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ အသ္မိံ ပထဝိမဏ္ဍလေ၊ဤဇမ္ဗူသောင်းခွင် မြေအပြင်၌။ မေ၊မဲ့မောင်ငါ၏။ကတံ၊ ပြုအပ်သော။ယံပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကောင်းမှုသည်။

တယာ၊အလှဆန်းကြယ်သင်နတ်မိမယ်နှင့်၊သဒ္ဓိ ၊အတူ တကွ။ ဝိပဉ္စတံ-ဝိပဉ္စတု၊ ရွှေလည်ဘက်နှဲ့ လက်တော် ဆွဲ၍ ခပဲရောရ အကျိုးစုသည် ယခုဖြစ်ပါစေ။

၁၂။ သူရိယဝစ္ဆသေ၊ သူရိယဝစ္ဆာ မည်သော၊ ဘဒ္ဒေ၊အလှဆန်းကြယ် နတ်မိမယ်။ သကျပုတ္တော၊ သာကီဝင်မင်းသားလည်းဖြစ်ထသော။ ဈာနေန၊ဈာန် ဖြင့်။ ကောဒိ၊မြတ်သောအဖြစ်သို့ ရောက်ထသော။ နိ ပကော၊ရင့်သောပညာလည်းရှိထသော။ သတော၊သတိ နှင့်ပြည့်စုံထသော။ မုနိ၊ မြတ်စွာဘုရားသည်။ အနေက သံသာရံ၊ များစွာမြင့်ကြာ သံသရာပတ်လုံး။ အမတံ၊ နိဗ္ဗာန်ကို။ဇိဂိသာနော၊ ရှာမှီးလျက်။ ဝိစရတိဣဝ၊ကျင် လည်တော်မူ၏သို့။ ဧဝံတထာ၊ထို့အတူ။ အဟံပိ၊ မဲ့ မောင်ငါသည်လည်း။ တံ၊အလှဆန်းကြယ် သင်နတ်မိ မယ်ကို။ ဇိဂိသာနော၊ရင်ငွေ့ပန်းမုံ လှိုရ ပါကြောင်း အောက်မေ့ ရှာကြံလျက်။ဝိစရတိ၊ ကျင်လည်သွားလာ မြင့်ကြာလှလေပြီ။

၁၃။ ကလျာဏီ၊ကောင်းမြတ်လှစွာ ကိုယ်အင်္ဂါ ငါး လက္ခဏာများနှင့်ပြည့်စုံသော။ဘဒ္ဒေ၊ အလှဆန်း ကြယ် နတ်မိမယ်။ မုနိ၊မြတ်စွာဘုရားသည်။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိ ၊သဗ္ဗညုတဉာဏ်တော်သို့။ ပတွာ၊ ရောက်၍။ နန္ဒေယျယထာ၊နှစ်သက်တော်မူ၏သို့။ ဧဝံ တထာ၊ထို့အတူ။အဟံ၊မဲ့မောင်ငါသည်။တယာ၊ အ လှဆန်းကြယ် သင်နတ်မယ်နှင့်။ မိဿဘာဝံ၊ရောနှော ရှင်ပျော် ပေါင်းဘော်ခြင်းသို့၊ ဂတော၊ရောက်သည်ရှိ သော်။ နန္ဒေယျံ၊နှစ်သက်ရွှင်ဖိန်း ရှိမ်းမြေ့သကား။

၁၄။ အဟောဘဒ္ဒေ၊ ဒိုသူရိယဝစ္ဆ နာမဆန်းကြယ် နတ်မိမယ်။ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့ကို။ ဣဿရော၊ အစိုးရသော။ သက္ကော၊ သကြားမင်းသည်။ မေ၊ မဲ့ မောင်ငါ့အား။ ဝရံ၊ နတ်ပြည်နှစ်ထပ် နတ်စည်းစိမ်ဆုမြတ်ကို။ စေဒဇ္ဇာ၊ အကယ်မသွေ ပေးခဲ့ချေအံ့။ ဧဝံပိသတိ၊ ဤသို့ပေးသော်လည်း။ တံ၊ ထိုစည်းစိမ်ဆုမြတ်ကို။ အဟံ၊ မဲ့မောင်ငါသည်။ ဝါရေယျံ၊ မလိုတားမြစ် ပယ်ရှားပစ်လိမ့်။ တယိဝ၊ သင်နတ်မယ်၌သာလျှင်။ မမ၊ မဲ့မောင်ငါ၏။ ကာမော၊ ရမ္မက်ယစ်ပိုး ချစ်နှောင်ကြိုးသည်။ ဒဠှော၊ ဖြေချွတ်နိုင်ဘဲမြဲလေစွသကား။

၁၅။ သုမေဓသော၊ ပညါခွင့်သိ ဉာဏ်မြင်ရှိသော။ ဘဒ္ဒေ၊ အလှဆန်းကြယ် နတ်မိမယ်။ တွံ၊ သင်နတ်မယ်သည်။ ယဿပိတုနော၊ အကြင်အဘ၏။ ဓီတာဒိသီ၊ ဤသို့ပြင်လျာ လက္ခဏာများနှင့်ပြည့်စုံသော။ ပဇာ၊ ရွှေရင်တော်သီး ချစ်သွေးသည်။ အသိ၊ ဖြစ်ချေ၏။ နစိရံ၊ မပြတ်။ ဖုလ္လံ၊ ပွင့်သော။ သာလံဝ၊ နတ်မိမယ်တို့ စံပျော်ပျို့သည့် မြို့၏အနီး အင်ကြင်းပင်ကြီးနှင့် တူသော။ တေ၊ သင်နတ်မယ်၏။ ပိတရံ၊ ခမည်းတော်တိမ္ဗရုနတ်မင်းကို။ အဟံ၊ မဲ့မောင်ငါသည်။ ဝန္ဒမာနော၊ ချီးမွမ်းရှင်မောလျက်။ နမဿာမိ၊ တုပ်ဝပ်မြတ်နိုး ရှိခိုးပါ၏။ ဣတိ-သမတ္တံ၊ ၁၅-ဂါထာ ကျမ်းအလာသည် ဤတွင်၌ အပြီးသတ်ပြီ။

## အဖြည့် ၄-ဂါထာအနက်

၁။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ရွှေနားတော်တွင်း စောင်းသီချင်းကို သွင်းလျှောက်ကြည်ဖြူ ညီမူတီးခတ်အပ်

သည်ရှိသော်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဂန္ဓဗ္ဗ၊ ပဉ္စသိခ မည်ရသောထင်ရှား ဂန္ဓဗ္ဗနတ်သားကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စသိခ၊ ပဉ္စသိခနတ်သား။ တေ။ သင်၏။ တန္တိဿရော၊ စောင်းသံသည်။ ဂီတဿရေန၊ သီချင်းသံနှင့်။ ဂီတဿရောစ၊ သီချင်းသံသည်လည်း။ တေန၊ ထိုစောင်းသံနှင့်။ သံသန္ဒတိ၊ နှီးနှော ရောရှက်၏။

၂။ တန္တိဿရော၊ စောင်းသံသည်။ ဂီတဿရံ၊ သီချင်းသံကို။ ဂီတဿရောစ၊ သီချင်းသံ သည်လည်း။ တန္တိဿရံ၊ စောင်းသံကို။ နာတိဝတ္တတိ၊ လွန်၍ မဖြစ်ပေ။ ပဉ္စသိခ၊ ပဉ္စသိခနတ်သား။ တေ၊ သင် သည်။ ကဒါပန၊ အဘယ် အခါ၌။ ဣမာဂါထာ၊ ရတနာသုံးစုံ ကာမဂုဏ်နှင့်စပ်သော ဤသီချင်း ဂါထာတို့ကို။ သံရူဠှာ၊ နှံ့ဘွဲ့စီးကုံးအပ်ကုန်သနည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူပြီ။

၃။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ အရှင်ဘုရား သည်။ ဧကံသမယံ၊ အခါတပါး၌။ ပဌမာဘိသမ္ဗုဒ္ဓေါ။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မြင် သိတော်မူပြီး၍။ အဇပါလနိဂြောဓေ၊ ဆိတ်ကျောင်း ညောင်ပင်၌။ ဝိဟာရတိ၊ ဣရိယာပုထ် မယုတ်နိုင်းညို စံပယ်တော်မူ၏။ တေနသမယေန၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တိမ္ဗရုနော၊ တိမ္ဗရုမည်သော ဂန္ဓဗ္ဗ နတ်မင်း၏။ ဓီတာ၊ ရွှေစင်နှိုင်းဘွဲ့ ခနကဲ့အလား ငါးကလျာဏီ စုံညီထွန်းပ ကုန်ကုန်လှပေတဲ့ သူရိယ

ဝစ္ဆံ့မည်သော သမီးတော်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို နတ်သမီးကို။ အဟံ၊ အကျွန်ုပ်သည်။ ကဒါမိ၊ ချစ်ခင် အားရှိ မက်မော၏။

၄-၅-၆။ မာတလိဿ၊ မာတလိ နတ်မင်း၏။ သိခဏ္ဍီနာမပုတ္တော၊ သိခဏ္ဍီမည်သော သားတော် သည်လည်း။ တံ၊ ထိုနတ်သ္မီးကို။ အဘိကင်္ခတိ၊ ချစ်ခင် အားရှိ မက်မော၏။ ဘန္တေ၊ အရှင်ဘုရား။ ယတော၊ အကြင့်ကြောင့်။ ကေနစိ၊ တစုံတခုသော အကြောင်း ဖြင့်။ တံ၊ ထိုနတ်သ္မီးကို။ အဟံ၊ အကျွန်ုပ်သည်။ နာလဒ္ဓံ၊ စကားကျွမ်းဝင် မမြင်ရပါသေး။ အတော၊ ထို့ကြောင့်။ အထ၊ ထိုသို့မမြင်ရသေးသော အခါ၌။ ဣမာဂါထာ၊ ဤသီချင်းဂါထာတို့ကို။ သံရူဠ္ဟာ၊ နှိုးဘွဲ့ စီကုံး၍။ တဿရညော၊ ထိုတိမ္ဗရုနတ်မင်း၏၊ နိဝေ သနေ၊ အိမ်တော်ဗိမာန်၌။ ဝီဏံ၊ ဝေလုဝပဏ္ဍုမည် သောစောင်းကို။ အဿာဝေသိ၊ ကောင်းမွန်သပ်ရပ် တီးခတ်အပ်လေပြီ။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ တီးခတ်အပ်သည်ရှိသော်။ သာသုရိယဝစ္ဆသာ၊ ထိုသူရိယဝစ္ဆနတ်သ္မီးက။ တေံဝစနံ၊ ဤသို့သောစကား ကို။ မေ၊ အကျွန်ုပ်အား။ အဝေါစ၊ သာယာသံချို မြွက်ဆိုလေ၏။ မာရိသ၊ ပဋ္ဌသိခ မည်ရှုထုတ်ဆောင် အိုမဲ့မောင်။ ခေါ၊ စင်စစ်။ မေ-မယာ၊ နတ်မယ်ငါ သည်။ဘဂဝါ၊ မြတ်စွာဘုရားကို။နသမ္မုခါဒိဋ္ဌော၊ မျက် မှောက်ထင်ထင် မဖူးမြင်ရဘူးပါ။အပိစ၊ ထိုသို့မဖူးမြင် ရသော်လည်း။ သုတောဝ၊ တာဝတိံသာသုဓမ္မာသဘင်သို့ ရောက်ဝင် ရှင်ပျော်တုန်းက ဘုန်းရှိသေဌ်နင်း သကြား

မင်း၏ ဘုရားဂုဏ်သတင်းကို သီချင်းကဲ့ဟန် ဆိုမြည်သံကို နာခံစွင့်စွင့် ကြားဘူး၏ရှင့်။ ဗုဒ္ဓါနိ၊ ယခုဘာဘန်။ တံ၊ ထိုမြတ်စွာဘုရားကို။ တုဝံ၊ သင်နတ်မောင်သည်။ မေ-မမ။ နတ်မယ်ငါ့အား။ ကိတ္တေသိ၊ ကျူးရင့်သာမော ဆိုပြောပြန်၏။

၇။ ဗုဒ္ဓတိပစ္စယတော၊ ဤသို့ကျေးဇူးစကား ပြောကြားလာသောကြောင့်။ အဇ္ဇ၊ ယနေ့။ နော၊ မောင်မယ်နှစ်ဖြာ ငါတို့၏။ သမာဂမော။ မေတ္တာမြဲဆုံဥဏ္ဏာလုံသည်။ ဟောတု၊ ဖြစ်ပါစေတော့။ ဗုဒ္ဓတိ၊ ဤသို့။ အဝေါစ၊ သာယာသံချို မြွက်ဆိုလေ၏။ ဘန္တေ၊ အရှင်ဘုရား။ အထ၊ ထိုသူရိယဝစ္ဆ မည်ရကျော်သီး နတ်သွီးကို ဇယီးဘွဲ့နှံ့ ရည်းစားဖြစ်ရန် ကြံရှိတုန်းက။ ဗုဒ္ဓမာဂါထာ၊ ဤသီချင်းဂါထာတို့ကို။ သံရုဇ္ဈာ၊ နှုံးဘွဲ့စီကုံးအပ်ကုန်ပြီ။ ဗုဒ္ဓတိ၊ ဤသို့။ ပဉ္စသိခေါ၊ ပဉ္စသိခနတ်သားသည်။ ဘဂဝတော၊ မြတ်စွာ ဘုရားအား။ အဝေါစ၊ ရွှေနားတော်ကြား လျှောက်ထားလေ၏။

ဤကား သီလက္ခန္ဓဝဂ္ဂ ပါဠိတော် လာ ၁၅-ဂါထာနှင့်
၎င်းပါဠိတော်နှင့်အညီလျှင်နှုံးဘွဲ့ရေးစီအပ်သော
၇-ဂါထာတို့၏ အတ္ထယောဇနာ
စောင်းချင်းအနက်

---

## ၃-နရသီဟဂါထာစု၏အမွှန်း

၁။ နရသီဟော ပဋိဿာသံ၊ သုတ္တာဝ ပုနဒိဝံသံ။
ဇာတကံ ကတွာ ပါဠိသိ၊ နဂရန္တာဒိကမ္မကော။

၂။ ပီတာယံ ဒေဝီတိက္ခမာနုစ္ဆရိက္ခာ၊
တံ နရသီဟာ ပေတာဝလ္လိက္ကိ၂။
အဘိတ္တဝေမစ္ဆ၂ပသိ ဒါနိ ဘော၊
စုမ္ဗ၂ဒြိတွာ တေ ကုမာရံ။ ။

### ၎င်းအနက်

နရသီဟော၊ အာကာနဘော ကောင်းကင်ဗွေမှာ ကုဋေမက ထွန်းနေလသို့ လောကဇာတိ ခေတ်ဘုမ္မိဝယ် တုမရှိဂုဏ်တန်ဆောင် ဆယ်ချောင်းသောလက်ရောင်ကို လင်းပြောင်ပြောင် ဆောင်နိုင်ကြကုန်သော ပြဟ္မိသရရာဇာ မဟာပြဟ္မာမင်းတို့နှင့်တကွ နတ်ဒေဝမှာအကုန် လူ့ဘုံမှာအရပ်ရပ် အမြတ်မြတ် အဆူဆူ ဗိုလ်လူအပေါင်းတို့ထက် လောင်းစိန္တိဗုဒ္ဓဝင် နွယ်တော်စင်ဂုဏ်တော်ရှိ၍ မြတ်ခေါင်ထိထွတ်ဖျားမှာ စိန်သယံပုံအလားကဲ့သို့ ယောက်ျားပီပီ အာဇာနည် အစစ် ဖြစ်တော်မူသောကြောင့် နရသီဟ မည်ရကျော်ကြားတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာဒိကမ္မကော၊ ဦးစွာအစ ကပိလရိပ်မြို့ တယူဇနာခန့် အပြန့်ကျယ်ဝန်းသော နန်းရွှေဘုံဌာနသို့ ခြောက်ဆယ်မျှယူဇနာ ခရီးတာကွာလှမ်းသော နန်းရာဇဂြိုဟ် နဂိုရ်ရိပ်ဝေက နွေရာသီနှ ရတုပေါ်စ တန်ပေါင်း လပုဏ္ဏမီဝယ် ပါဋိပဒ ထိုနေ့ကစ၍ ကန္တာရစခန်းဗွေ စုံဂနိုင်လမ်းခြေမှာ နတ်ဒေဝရာ ဘန်သတော်မူလာသကဲ့သို့ ညီမူရာဆန်း ရှုမခန်းအောင် နတ်ပန်းမိုးက တဖြိုင်ဖြိုင် သင်းကြိုင်ပျံ့ဂန္ဓာရုံ သဘာဆင်စုံဖူးမြော်

ညောင်းလျက် တောမြိုင်ဘုံရဂုံကြောင်းဖြင့် နှစ်သောင်း မျှလောက် နောက်တော်ပါ များသယ်ာရဟန်းနှင့် ကြွမြန်းတော်မူခဲ့သော် ဖြူပြာလဲ့တိမ်တန်း လျှပ်စစ် ပန်းကတဖြာဖြာ နတ်ဒေဝါပဇ္ဇုန်ကျူးလို့ ကမ္ဘူးလျက် အခါခါ ကဆုန်လပြိဿရာသီမှာပုဏ္ဏမီစန်းပြည့်(မြွေ) ဟိုယမန်နာရီနေ့က ချမ်းမြွေသာယာ ကြွရောက်တော် မူလာသောအခါဝယ်။ ဇာတကံကတွာ၊ သကျနွယ်ရှိန် မျိုးသာကီနွယ်တို့ တိမ်တန်ခွန်လွှား မာန်စောင်တော် တကြွားကြွားကို ပယ်ရှားတော်မူခြင်းငှာ မြူတိမ်ရှင်း သွေ့ အဇင္နာပွေ့မှာ ရွှေကိုယ်တော်ဘုရား ချပ်တန့် နားလျက် များဗိုလ်ထုလုံး အံ့မဆုံးအောင် တုန္ဟုန်းမရ တန်ခိုးတော်ပြပြီးမှ ပေါက္ခရမိုးယ်းသာတီ ပုလဲပွင့်မှုန် စီစီကို ပလီရွှန်းဝေ ရွာသွန်းတော်မူစေသောအခါဝယ် များဗိုလ်ပါတသောၔသာ အံ့ဩကြ ဖြစ်ထွေကြောင့် တီတေနန္တရ ဘဝဖြစ်ၔဟာင်း မင်းခြောက်ပါး-မတ် ခြောက်သောင်းတို့ ဝက်ပါတောင်စောင်း ကျောင်း သင်္ခမ်း ဟိုအကွေ့မှာ ဖူးမြင်မြော်တွေ့ ကြိုတော်မူကြ ဆဲတွင် သဲဘွင်ကလှိုက်လှိုက်တုန် လွမ်းဗျာဟုန်ပုံပုံ ဇွေ့၍ ခွေ့ခွေ့ရှိုက်ငင်လျက် သက်ဝိညာဉ်သေငယ် ဇောဖြင့် မိန်းမောကြသောအခါဝယ် ဒေဝံရာနတ်ရှင် သွန်းရေစင်အခန်းခန်း အဆန်းဆန်းဖြစ်ပုံ ဝေဿန် မင်းဇာတ်တော်စုံကို ကုန်စင်မကျန် ပြန်ဟောတော်မူ ပြီးမှ။ ပုနဒိဝသံ၊ တဘန်ိုးသောက် နေဝန်းရောက် သော်။နဂရန္တံ၊ရွှေပြည်တော်သာကင်း မြို့တော်တွင်းသို့။ ပါဝိသိ၊ ရှေးဘုရားတို့ထုံးအင် ဒိဓ်လမ်းစဉ်အလိုက်

ကြွချီတော်မူခိုက်ဝယ်။ ပဋိဃ္ဃေါသံ၊ ဖူးမြော်ညွတ်ပျောင်း
ဗိုလ်လူပေါင်းတို့ သောင်းသောင်းခြိမ့်ညံ ချီးမွမ်းကြ
ပဲ့တင်သံကို။ ဒေဝီသုတ္တာဝ၊ ဒိပက်ရာ မြတ်စွာဘုန်း
ဟော့ ထံတော်ရှေ့၌ ရသေ့သုမေဓာ လောင်းမြတ်စွာ
သူတော်ကောင်းနှင့် ဖြစ်တိုင်းမသွေ ပေါင်းရပါစေဟု
မြဲနေသစွာ ဆုပတ္တနာပန်ဘူးကြောင့် အချစ်ထူးလို့
သွေမကူးသော ပဘာဝတီ ကိန္နရီနှင့် မဒ္ဒီစန္ဒာ
အမရာသမ္ဘူလ ဖြစ်သမျှတူနှစ်ဘော်ပင် ကျင်လည်
တော်မူခဲ့ပြီးမှ ပစ္ဆိမဘဝ ဤကာလအခါဝယ် ဒေဝဒဟ
ပြည်မစိုးချုပ် ထိန်းအုပ်တော်မူသော သုပ္ပဗုဒ္ဓ ရာဇ
မျက်ဖျော် ရွှေရင်တော်သီး ရှုမငြီးတဲ့ သမီးတော်တည့်
ယသော်ဒေဝီ မဟေသီမြတ်ဖျား လေးသောင်း
ကျော်ဘော်ရွှေတို့ ထိပ်ခေါင်ထား၏ ရွှေနားတော်ပါး
ဆတ်ဆတ်ကြား၍သာလျှင်။ ဇုက္ခမာနာ၊ ရွှေခြံသော့
ရုပ်ခံ နန်းဝေယန်လေသောက် ကိုးနဝရတ်ခြယ်ပြုံ
ပေါက်ကို တော်ကရှောက်ပြေးဘွင့်၍ မြော်လင့်တော်
မူလတ်သော်။ အစ္ဆရိက္ခာ၊ ပြောင်ပြောင်ထိန်ညီး နေခြည်
ရောင်တောက် လောင်မီးကဲ့သို့ မပြီးတဲ့အံ့ဘွယ်လူးကို
ဖူးမြော်စေ့စေ့ မြင်တွေ့တော်မူသောကြောင့်။ ကုမာရုံ၊
နုနယ်ငယ်သေး ရာဟုလာရင်တော်သွေးကို။ စုမ္ဗ၂-စုမ္ဗိ
တွာ၊ ရွှေရင်တော်မွှေ့မွှေ့ ပိုက်ခါခါလက်တော်ပွေ့
လျက် အိုမေ့ထိပ်ပန်း ရှုမခန်းတဲ့ ရွှေနန်းရုပ်ကာယ်ဟု
အဘန်ဘန် နန်းရှုပ်တော်မူ၍။ အစ္ဆ၂ပဿ၊ တုန်နိုင်း
မပေါ် လှခေါင်ကျော်တဲ့မျိုးဘော်မျက်ရှုသားရာဟုငယ်
ရောင်ငုညီးညီး ရွှေကောင်ကြီးပမာမျှ ဟောဟိုကကြွ

လာတော်မူ ဤသည့်ကား မယ်နှင့်တူပျော် ဘွားဘက် မျှော်တဲ့ မောင့်ခမည်းတော်တည့် မျက်ဖျော်ရွှေသား မောင့်ကိုဘွားသနေ့ သန်ခေါင်စေ့ချိန်မှန်တွင် ဘွားဘက်တော်ကဏ္ဍက သိန္ဓဝမြင်းဇာနည်ကို ရိပ်ခြည်ဆော်နှိုး သံတိုးတိုးမိန့်ခေါ်၍ နောက်တော်မြဲ မောင်ဆန္နနှင့်တကွ အသိန်းမကနတ်မိးရောင် လင်းပြောင်ပြောင်လျှံစီစီနှင့် နတ်တူရိယာ သံညီလာ ဝန်းခလျက်ရန်ကြိုင်ဖြိုး နတ်ပန်းမိုးကလည်းတစွေစွေ ရွှေပြည်တော် ကပိလ,ဒေဝဒဟ, ကောလိယဟု သက္က တိုင်းဘောင် သုံးပြည်ထောင်ကို ကုန်အောင် ညဥ့်တွင်းကျော်ဘောက်နင်း၍ မြစ်မင်းနော်မာ ဂင်္ဂါဆိုတဲ့ ဟိုဘက်နားသို့ ခုန်လွှားကူးမြောက် ရောက်တော်မူခါဝယ်ရောင်ဝါပြိုးပြက် မြပုလဲဖွေ ငွေသောင်ထက်မှာ ရွှေလက်တော်သုံး မယ်မယ်ထုံးလိုက်သည့် မြရောင်ထုံးကို အုပ်လုံးလှည်းဖြတ်၍ ရပ်သုဒ္ဓါဘုံ နန်းရိပ်မြို့ဟိုဌာနကဃဋိကာရမဟာဗြဟ္မာကြီး လက်တည်းကပ်လာသောကမ္ဘာ့တန်းဆာ ရွှေကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူပြီးမှ ဒုက္ကရစရိယာ ခြောက်နှစ်ကြာလျှင် မဟာဗုဒ္ဓဟောရွှေပလ္လင်အောင်ခန်း၌ သော့သွမ်းသောမာရ်ခပင်းကို နှိပ်နင်းတော်မူရသဖြင့် အတုလအစစ် ဖြစ်တော်မူပြီးသော် ပြည်ကြီးဗာရာဏာ ကာသိကတိုင်းဘုံ မိဂဒါဝုန် ရဂုံတောမြိုင် ဂနိုင်ဌာန၌ပထမဝါရောက်ထမြောက်တော်မူတဲ့ဖေ ထို့နောက်ရာဂြိုဟ် နဂိုရ်ဗိုးနှိမ် အာဏာရှိန်သော ဗိမ္ဗိသာရမင်း စံကင်းဗိမာန် နန်းဝေယန်ဟု ဝေဠုဝန်ခေါ် ရွှေကျောင်းတော်ဝယ် လေး

ဘော်ယာပိုထ် စံပျော်တော်မူခိုက်တွင် မောင့်ဘိုးတော်မင်းပင့်လိုက်ခြင်းကြောင့် ခပင်းများစွာ ရံသဃ်ာနှစ်သောင်းနှင့် စံဟောင်းဌာနီ ပြည်ကပီဉ္ဇဌာနသို့ ယခုမှပင် မောင့်ဘခင်ဘုန်းမောက် ကြွရောက်တော်မူလာသည် အိုမယ်မယ်လေးသက်စု ရွှေရင်တော်ဘွားပေမဲ့သားရာဟုငယ် ခမည်းဘုန်းကြွယ် ဆန်းတကြယ်ကိုသော့ကွယ်မျှော်တမ်း ရူပါစမ်းဖေ မယ်မယ်လေးသက်ဝေ ရွှေလည်တော်ဆွဲပါတဲ့ ပုလဲခွေ ဖေဖေလေးခမည်းတော်၏ဖြစ်ထွေကို ပြောလေလေမယ်မချိုနိုင်ဘု လွှမ်းဗျာထွေပွေလောင်လွှမ်းလို့မယ်စိတ်တော်ပန်းပါဘိဧဖေ။ အယံဉှိသော၊ ဤသို့အံ့ဩမကုန် ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူ ဤသူကား။ တေ-တုယှံ၊ မယ်မယ့်ဂမုန်းအင် သက်တင်ထားတဲ့ သားရွှေစင်၏။ ပိတာတိ၊ မဟာသမ္မတ အာဒိစ္စဝံသ ခတ္တိယနွယ်တော်ရှိန် မျိုးသာကိန်တို့ထိပ်ပန်း ရဟန်းတကာတို့၏အထွတ် နတ်ဗြဟ္မာတို့၏သေဌ်နင်း အမင်းမင်းတို့၏ဘုရင် မယ်မယ်လေးထိပ်ခေါင်တင် ရမ္မ, သုဘ, သုရမ္မ မည်တွင်သောရွှေနန်းသုံးဆောင်ရှင် သီဟာသန ဥကာသ် ဖြူရိုပ်လွှင်မှာ ဗိုလ်သဘင်ရံသန်း ခယမ်းတော်မူအပ်သော ခမည်းတော်နတ်ရှင် ဖေဖေလေးမွေးဘခင်ဟု။ ဥဒ္ဒိတွာ၊ ရွှေစင်ရောင်ခ လက်ညှိုးတော်ထိုးပြ၍။ နရသီဟာဟိ၊ နရသီဟ မည်ရထူးစွာ ဆန်းဂါထာတို့ဖြင့်။ ဧတံ-တာဒိသံ၊ ထိုသို့အံ့ဘွယ် ဆန်းတကြယ်သော ဘုရားရွှေကိုယ်တော်မြတ်ကို။ အဝဏ္ဏိ၂၊ ဥဏ္ဏာလုံရောင်ညီး ရွှေတန့်ဆောင်ဂုဏ်ဆိမ်း၍ ရောင့်ရဲမပြီး ချီးမွမ်းတော်မူလေပြီ။

ဘောသဟာယကာ၊ ဘော်ရွှေတသင်း ဒိုသားချင်းတို့။ ဗုဒ္ဓါနိ၊ စည်းဝေးညီညာ ဤအခါ၌။ တံ-တာဟိ၊ ထို နရသီဟ မည်ရထူးစွာ ဆန်းဂါထာတို့ဖြင့်။ တံ၊ သို ရွှေကိုယ်တော် မြတ်ဘုရားကို။ မယံ၊ ငါတို့သည်။ အဘိတ္ထဝေမ၊ အာရုံမပျံ့ ချီးမွမ်းကြကုန်အံ့။

ဤကား နရသီဟဂါထာစုအမွှန်းအနက်

---

## ၄-နရသီဟ ဂါထာ ပါဠိအနက်

### နရသီဟ ၁၀-ဂါထာ

၁။ သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော၊
သူရိယ နိမ္မလတလာဘိနလာဋော။
ယုတ္တတုင်္ဂမုဒုကာယတနာသော၊
ရံသိဇာလဝိကသိတော နရသီဟော။ ။

၂။ စက္ကဝရင်္ကိတရတ္တသုပါဒေါ၊
လက္ခဏာမဏ္ဍိတအာယတပဏှိ။
စာမရိဆတ္တဝိဘူသိတပဒေါ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၃။ သက္ကျကုမာရဝရော သုခုမာလော၊
လက္ခဏဝိစိတ္တပသန္နသရီရော။
လောကဟိတာယ အာဂတော နရဝီရော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၄။ အာယတယုတ္တသုသဏ္ဌိတသောတော၊
ဂေါပခုမော အဘိနီလနေတ္တော။
ဣန္ဒဓနုအဘိနီလဘမုကော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၅။ ပုဏ္ဏစန္ဒနိဘော မုခဝဏ္ဏော၊
ဒေဝနရာနံ ပိယော နရနာဂေါ။
မတ္တဂဇိန္ဒဝိလာသိတဂါမီ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၆။ သိနိဒ္ဓသုဂမ္ဘီရမဉ္ဇုဃောသော၊
ဟိင်္ဂုလဝဏ္ဏရတ္တသုဇိဝှော။
ဝီသတိဝီသတိသေတသုဒန္တော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၇။ ခတ္တိယသမ္ဘဝအဂ္ဂကုလိန္ဒော၊
ဒေဝမနုဿနမဿိတပါဒေါ။
သီလသမာဓိပတိဋ္ဌိတစိတ္တော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၈။ ဝဋ္ဋသုဝဋ္ဋသုသဏ္ဌိတဂီဝေါ၊
သီဟဟနုမိဂရာဇသရီရော။
ကဉ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၉။ အဉ္ဇနသမဝဏ္ဏသုနီလကေသော၊
ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော။
ဩသဓိပဏ္ဍရသုဒ္ဓသုဥဏ္ဏော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၁၀။ ဂစ္ဆန္တော နီလပထေဝိယ စန္ဒော၊
တာရဂဏာပရိဝေဋ္ဌိတရူပေါ။
သာဝကမဇ္ဈဂတော သမဏိန္ဒော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

# ပရိတ်အမျိုးမျိုး

## နရသီဟအဖြည့် ၁၇-ဂါထာ

၁။ သုမဋ္ဌမုဒုသုပတိဋ္ဌိတပါဒေါ၊
မဋ္ဌိတသောဘဏသုစိတြနိဇဃော်။
ဗြဟ္မဂတ္တသမအဇ္ဇဝဂတ္တော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၂။ ဟိင်္ဂုလအာယတအင်္ဂုလုပေတော၊
သတ္တပိနုဿဒလက္ခဏယုတ္တော။
ဇာလရဇ္ဇက္ကရစာရဏပုဏ္ဏော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၃။ ဥပရိသီသကသိခရလောမော၊
ဇဏ္ဏုပရိမဇ္ဇနသက္ကိတကရော။
ပုဏ္ဏစီတန္တရံသဗဒ္ဓမဒသော၊
ဧသ ဟိ တုယှံ ပိဘာ နရသီဟော။ ။

၄။ ဇောတကတာရကမဏ္ဍုလုသဒ္ဒေါ၊
ဧကိကလောမကူပကေကော။
ဩဇသုဓရသမဓမနိကော၊
ဧသ ဟိ တုယှံ ပိဘာ နရသီဟော။ ။

၅။ မဏ္ဍုရောသမိသုက္ကသုဒါဌော၊
အန္တရမာဒိဋ္ဌော သံသမဒန္တော။
သီလသမာဓိဓိရာ ဗျသဒိသော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၆။ သုဇာတခဏုတြာဘိ မုက္ခဂ္ဂန္ဓော၊
သီဟနဒံ နဒန္တအသမ္ဘိ။

# နရသီဟဂါထာပါဠိအနက်

ဒေဝမနုဿ သုပူဇနိဇာတော၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၇။ သောဠသဝဿမဟာဇနမဇ္ဈေ၊
အညဓနေဂ္ဂဟ နိဗ္ဗလကာမော။
ဒွါဒသခါနေသိပ္ပ ပကာသံ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၈။ ဗျာဓိတဇိဏ္ဏမတေသယ ပဿံ၊
တာတ တုဝ ထ သုဇာတ ဇနိကာ။
ဝိသနဝါယုက ပူရဏကာလေ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၉။ မဇ္ဈိမသမယေ ယတိယ ဘိနိက္ခံ၊
ကောဋိရပုဏ္ဏသုဝေ ဂတ တသ္မိံ။
ယောဇနတိံသက မုဒ္ဒနိနောမာ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၁၀။ ဆဗ္ဗဿာနိ ဝတ ဘုတ္တရမဏ္ဍော၊
မာရုဇ္ဇိ မိဂဒါယ ပဝတ္တော။
ရာဇဂဟာ ယျကပဂ္ဂဟိတောသ္မိံ၊
ဧသ ဟိ တုယှံ ပိတာ နရသီဟော။ ။

၁၁။ သဂ္ဂဘိသမ္ဘရသံသမဇာတော၊
ကေတိဂါပုတအမိုကယောဇနေ။
အာယတကုန္တသုကဋ္ဌနကုမ္ဘော၊
တုယှံ တတော ဝတဟော အသဒိသော။

၁၂။ အဋ္ဌနဟုတ ဒုညတိကာပိဝါ၊
စတုနဟုတကုမာရိကာပိဝါ။

သတာနယဇနီပိ နိက္ခိတော၊
တုယှံ တတော ၀တဟော အသဒိသော။

၁၃။ ဒိဗ္ဗဇုယျာနပေါက္ခရဏိယော၊
နေကာဘိသမ္ဗတ္တိယ နိက္ခမာနော။
ကုလိနပိတာမဟ စူဠမောတရော၊
တုယှံ တတော ၀တဟော အသဒိသော။ ။

၁၄။ သတ္တမာဒိန္နာဘိဂတံ၊
ရာဇာဓိရာဇိဿရ သဇ္ဇမာနော။
ပဉ္စသတ္တနဝဘူမိပူရကော၊
တုယှံ တတော ၀တဟော အသဒိသော။ ။

၁၅။ ကေယောဇနကပိလဝတ္ထုကံ၊
ခေလပိဏ္ဍမိဝ ၀ဋ္ဋဂေဟ၀ါ။
ဇေဂုစ္ဆန္တော ဥဿဇ္ဇန္တော၊
တုယှံ တတော ၀တဟော အသဒိသော။ ။

၁၆။ သမဏိတာဘိ၀ဿေယျ၀ိကာလသံ၊
မာလာဂန္ဓ ၀ိလေပနာဒယော။
ကာသာ၀န္တိ အလံပိ ၀ဇ္ဇယိ၊
သုတာ တေဝတံ သော ၀တာဟော
အသဒိသော။ ။

၁၇။ ရာဟုလဿုတ မဟေသျဘိတ္တ၀ိ၊
ဒသျိတွာ သမ္ဗုဒ္ဓန္တော၂ဝံ။
ဂါထာဟိ ပသန္န အနန္တိကဂ္ဂံ၊
ဝံသဂ္ဂံ ၀ိညြဂ္ဂံ ၀ါဒြ။ ။

## နရသီဟ ၁၀-ဂါထာအနက်

၁။ သိနိဒ္ဓနီလမုဒုကုဉ္စိတကေသော၊ ချောမွေ့ညို လွင် ကြည်လင်နူးညံ့ ရှင်းသန့်သောဆံတော်စုလည်း ရှိတော်မူထသော။ သူရိယနိမ္မလတလာဘိ နလာဋော၊ ပြောင်ပြောင်ရိပ်ပြေး နေရောင်သွေးကဲ့သို့ ညစ်ကြေး မစွန်း ထွန်းပသောနဖူးပြင်တော်လည်း ရှိတော်မူထ သော။ ယုတ္တတုင်္ဂမုဒုကာယတနာသော၊ လျောက်ပတ် တင့်တယ် ရှုချင်ဘွယ်သောနှတ်ခမ်းတော်နှင့်တကွ ရှည် တိုကြီးငယ် ကဲ့ရဲ့ဘွယ် အပြစ်မှကင်းသော နှာသီး, နှာခေါင်း, နှာတံတော်လည်းရှိတော်မူထသော။ ရံသိ ဇာလဝိကသိတော၊ ပြိုးပြက်တောက်လောင် ရောင်ခြည် တော်ကွန်ရက်ဖြင့် တလက်လက်ပွင့်လင်းသော ကိုယ် တော်လည်းရှိတော်မူထသော။ နရသီဟော၊ လူ့နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောက်ျားထူးလည်း ဖြစ်တော်မူထသော။ ဧသဟိ- ဧသောပန၊ ဟောဟိုကကြွလာတော်မူ ထိုသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၂။ စက္ကဝရင်္ကိတရတ္တသုပါဒေါ၊ တရာ့ရှစ်ကွက် စက်ရတနာမြတ်တို့ဖြင့် မှတ်အပ်ထူးဆန်း နီမြန်းတင့် တယ် စင်ကြယ်သောခြေဘဝါးတော်လည်း ရှိတော်မူ ထသော။ လက္ခဏမဏ္ဍိတအာယတပဏှိ၊ ဆင်ယင် တန်းဆာလက္ခဏာသဘော ရှည်သောဖနှောင့်တော် လည်း ရှိတော်မူထသော။ စာမရီဆတ္တဝိဘူသိတ- ပါဒော၊ ရွှေထီးအလား ပွင့်ပွင့်ကားသော ခြေဖမိုး

တော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့ထက် ဆတက်လွန်ကြွးယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ သေဟ-သောပန၊ ဟောဟိုကကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၃။ သကျကုမာရဝရော၊ သာကီဝင် မင်းသားအပေါင်းတို့၏ ညွှတ်ပျောင်းကော်ရော် ပူဇော်ရာလည်း ဖြစ်တော်မူထသော။ သုခုမာလော၊ သိမ်မွေ့နူးညံ့သော ခြေဘဝါး, လက်ဘဝါးတော်အပြင်လည်းရှိတော်မူထသော။ လက္ခဏဝိစိတ္တပသန္နသရီရော၊ လက္ခဏာတော်ကြီးငယ် ဆန်းတကြယ်တို့ဖြင့် သပ္ပါယ်တော်မူလှသော ရွှေကိုယ်တော်လည်း ရှိတော်မူထသော။ လောကဟိတာယ၊ လူအပေါင်းတို့၏အကျိုးငှာ။ အာဂတော၊ ကြွလာတော်မူထသော။ နရဝီရော၊ လူနတ်ခပဲတို့ထက် လွန်ကဲသောလုံ့လတော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက် လွန်ကြွး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ ဧသဟိ-သောပန၊ ဟောဟိုကကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၄။ အာယတယုတ္တသုသဏ္ဌိတသောတော၊ သင့်မြတ်လည်းလျော်ငြား ကောင်းစွာတည်သော နားတော်လည်း ရှိတော်မူထသော။ ဂေါပခုမောအဘိနီလ-

နေဝတ္တော၊ နွားငယ်၏မျက်လုံးကဲ့သို့ အလွန်ညိုသဖြင့် တင့်တယ်သော မျက်လုံးတော်လည်း ရှိတော်မူထ သော။ ဗုန္ဒမနေအဘိနီလဘမုကော၊ သကြားလင်းလေး သက်တင်ရေးကဲ့သို့ကွေးညွတ်သော မျက်ခုံးရေနှင့်တကွ ညိုလှသောမျက်မှောင်တော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထ သော။ ဧသဟိ-ဧသောပန၊ ဟောဟိုကကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား ၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၅။ ပုဏ္ဏစန္ဒနိဘော၊ လပြည့်ဝန်းနှင့် တူသော။ မုခဝဏ္ဏော၊ ကြည်လင်သောမျက်နှာတော်လည်းရှိတော် မူထသော။ ဒေဝနရာနံ၊ နတ်လူဗြဟ္မာ သတ္တဝါအပေါင်း တို့၏။ ပိယော၊ ချစ်ခင်မြတ်နိုးရာလည်း ဖြစ်တော်မူထ သော။ နရနာဂေါ၊ ဆဒ္ဒန်ဆင်မင်းကဲ့သို့ ရဲရင့်သော ယောကျ်ားလည်း ဖြစ်တော်မူထသော။ မတ္တဂဇိန္ဒ- ဝိလာသိတဂါမီ၊ အမုန်ယစ်သောဆင်မင်းကဲ့သို့ တင့် တယ်စံပယ်သော ကြွသွားခြင်းလည်းရှိတော်မူထသော။ နရသီဟော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း တို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထ သော။ ဧသဟိ-ဧသောပန၊ ဟောဟိုက ကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ် သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၆။ သိနိဒ္ဓသုဂမ္ဘီရမဉ္ဇုဃောသော၊ ပြေပြစ်နက်နဲ ဘာခဲနက်သာယာသော အသံတော်လည်း ရှိတော်မူထ

သော။ဟိင်္ဂုလဝဏ္ဏရတ္တသုဇိဝ္ဝေါ၊မြင်းသီလာသန္တာဆေး ဒန်းကဲ့သို့ နီမြန်းသောလျှာတော်လည်း ရှိတော်မူထ သော။ ဝိသတိဝိသတိသေတသုဒန္တော၊ ပုလဲအတူ ဖြူ စင်ဆန်းကြယ် နှစ်ဆယ် နှစ်ဆယ်သော သွားတော် လည်းရှိတော်မူထသော။ နရသီဟော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ား ထူးလည်း ဖြစ်တော်မူထသော။ သေဟိ-သောပန၊ ဟောဟိုက ကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့် သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်း တော်နတ်ရှင် မွေးဘခင်တည်း။

၇။ ခတ္တိယသမ္ဘဝ အဂ္ဂကုလိန္နော၊ မဟာသမ္မတ ခတ္တိယနွယ်တော်ရှိန် မျိုးသာကိန်တို့၏ အရှင်သခင် လည်းဖြစ်တော်မူထသော။ဒေဝမနုဿနမဿိတပါဒေါ၊ နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ညွတ်ပျောင်း ဦးတိုက်ရာ ခြေတော်အစုံလည်းရှိတော် မူထသော။ သီလသမာဓိပတိဋ္ဌိတစိတ္တော၊သီလသမာဓိ၌တည်သော စိတ်တော်လည်းရှိတော်မူထသော။ နရသီဟော၊လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ သေဟိ-သောပန၊ ဟောဟိုကကြွလာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၈။ ဝဋ္ဋ သုဝဋ္ဋ သုသဏ္ဌိတဂီဝေါ၊ လည်ရေးသုံးထပ် သပ်ရပ်တင့်တယ် ဆန်းကြယ်ကွန့်ဖြိုး ရွှေမှ

ရှိ၊ စည်ပမာ ကောင်းစွာတည်သော လည်ညွန့်တော်လည်း ရှိတော်မူထသော။ သီဟဟနုံ၊ ခြင်္သေ့မင်း၏ မေးနှင့်တူသော မေးတော်လည်းရှိတော် မူထသော။ မိဂရာဇ သရီရော၊ ခြင်္သေ့မင်း၏ကိုယ်ကဲ့သို့ စည်းကျပ်သော ကိုယ်တော်လည်း ရှိတော်မူထသော။ ကဉ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော၊ ရွှေအဆင်းတူ မြန်ညည်မကပ်မြတ်သော အဆင်းတော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ သေဟိ-သောပန၊ ဟောဟိုကြွလာတော်မူ ထိုသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၉။ အဉ္ဇနသမဝဏ္ဏ သုနီလကေသော၊ မျက်စဉ်းညိုအဆင်းကဲ့သို့ သန့်ရှင်း ညိုလွင်သော ဆံတော်လည်း ရှိတော်မူထသော။ ကဉ္စနပဋ္ဋဝိသုဒ္ဓနလာဋော၊ ရောင်ထင်ငွါးငွါး ရွှေစင်ပြားပမာ စင်ကြယ်စွာသော နဖူးသင်းကျစ်တော်လည်း ရှိတော်မူထသော။ ဩသဓိပဏ္ဍရသုဒ္ဓသုဥဏ္ဏော၊ သောက်ရူးကြယ်ရောင် ပြောင်ပြောင်ဝင်းကြူ ဖြူစင်သောဥဏ္ဏာလုံမွေးရှင်တော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်းဖြစ်တော်မူထသော။ သေ-သောပန၊ ဟောဟိုကြွလာတော်မူ ထိုသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင်မွေးဘခင်တည်း။

၁၀။ စန္ဒော၊ ရောင်ဝါကြွားကြွား လနတ်သားသည်။ အနိလပထေ၊ လေတို့၏လမ်းခွင် မိုးကောင်းကင်ခရီး၌။ တာရဂဏာပရိဝေဋ္ဌိတရူပေါ၊ ကြယ်တာရာအပေါင်း ခြံရံဘိ ခြံရံလျက်။ ဂစ္ဆန္တောဝိယ၊ လှည့်လည်သွားလာသကဲ့သို့။ သမဏိန္ဒော၊ ရဟန်းအပေါင်းတို့၏အရှင်သခင်အစစ်ဖြစ်တော်မူ၍။ သာဝကမဏ္ဍလေဝါ၊ အဂ္ဂမဟာ သာဝကတို့၏ အလယ်၌တင့်တယ်စံပယ်တော်မူလျက်။ အာဂစ္ဆန္တော၊ ကြွလာတော်မူထသော။ နရသီဟော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောက်ျားထူးလည်းဖြစ်တော်မူထသော။သေဟိ-ဧသောပနေ၊ ဟောဟိုကကြွလာတော်မူ ထိုသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင်မွေးဘခင်တည်း။ ဣတိ-ဣမာဟိဂါထာဟိ၊ ဤနရသီဟမည်ရထူးစွာ ဆန်းဂါထာတို့ဖြင့်။ ဒေဝီ၊ ယသောဓရာ မိဘုရားသည်။ ရာဟုလဿ၊ သားတော်ရာဟုလာအား။ ဥဒ္ဒိသိ၊ ရွှေစင်ရောင်ခ လက်ညှိုးတော်ထိုးပြ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိတ္ထဝိ၊ သာယာချီးငေါ် ချီးမွမ်းတော်မူလေပြီ။

ဤကား ပါဠိတော် လာရင်းဖြစ်သော နရသီဟ
ဆယ်ဂါထာ၏ အတ္ထယောဇနာ

## နရသီဟအဖြည့် ၁၇-ဂါထာအနက်

၁။ သုမဇ္ဈမုဒုသုပတိဋ္ဌိတပါဒေါ၊ ချောမွေ့နူးညံ့ပုံ့ပုံ့ရောင်ထင် ရွှေခြေနင်းအသွင်ကဲ့သို့ မြေပြင်ဦးထိပ်

နင်းနိုပ်ညီညာ ထိခြင်းငါးစွမ်းနိုင်သော ဘဝါးတော် အပြင်ရှိတော်မူထသော။ မဌ္ဌတသောဘဏာသုစိတြ- နိဇဃေ်ာ၊ ပြေပြစ်တင့်တယ် ဆန်းကြယ်ထူးလည် ဇေကြီမည်သောသား၏ သားလုံးမြင်းခေါင်းနှင့်တူသော သားလုံးမြင်းခေါင်းတော်လည်း ရှိတော်မူထသော။ ဗြဟ္မဂတ္တသမအဇ္ဇဝဂတ္တော၊ မဟာဗြဟ္မာမင်း၏ ကိုယ် သဏ္ဌာန်စံမမျှနှုန်းမမှိ ညီညာသပ်ရပ် ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူထသော။ နရသီဟော၊ လူ နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ ဧသေဟိ- ဧသောပန၊ ဟောဟိုကကြွလာတော်မူ ထိုသူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၂။ ဟိဂ်ုလအာယတအဂ်ုလုပေတော၊ မြင်းသီလာ နှစ်ကွဲသို့ ပြေပြစ်ရှည်သွယ် သပ္ပါယ်နွဲ့ပျောင်းသော ခြေချောင်းတော်, လက်ချောင်းတော်လည်း ရှိတော် မူထသော။ သတ္တပိနုဿဒလက္ခဏာယုတ္တော၊ လက်ဖမိုး တော်နှစ်ဘက်, ခြေဖမိုးတော်နှစ်ဘက်, ပခုံးစွန်းတော် နှစ်ဘက်, လည်ဘင်းတော်မြတ် ခုနစ်ရပ်သော ဌာနဌ ညီမျှထင်ရှား အသားတော်၏ ပြည့်ဖြိုးတော်မူခြင်း လက္ခဏာတော်ဂုဏ် ပြည့်စုံတော်မူထသော။ ဇာလရ- ဇိက္ကာရစာရဏာပုဏ္ဏော၊ ဒေဝရင်နတ် ဘန်ဆင်းအပ် သော လေသွန်ကွန်ရက်ပမာ လက္ခဏာတော်ရေး နိစွေးရောင်မောင်း တချောင်းမှသည် တချောင်းသို့ ကူး ပြောင်းရက်သန်းလျက် တခဲနက်စွေ့စပ်သော လက်

ချောင်းတော်လေးရပ်,ခြေချောင်းတော်ငါးရပ်နှင့်လည်း ပြည့်စုံတော်မူထသော။ နရသီဟော၊ လူ့နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူးယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ ဧသဟိ-ဧသောပနာ၊ ဟောဟိုကကြွလာတော်မူ ထိုသျှကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၃။ ဥပရိသီသကသိခရလောမော၊ ရွှေမျက်နှာတော်ကိုမြော်ကြည့်သကဲ့သို့ အထက်သို့သာ လက်ျာဦးညွှန့် ကွန့်မြူးဖူးမြော်သော မွေးညှင်းတော်လည်းရှိတော်မူထသော။ ဇဏ္ဍပရိမဏ္ဍနသက္ကိတကရော၊ မညွှတ်မကိုင်း မရှိုင်းမတ်မတ် ဒူးနှစ်ရပ်ကို သုံးသပ်ခြင်းငှါ စွမ်းနိုင်သော လက်တော်ရှိတော်မူထသော။ ပုဏ္ဏ စိ-တန္တရံသဗဒ္ဓမဒသော၊ လက်ပြင်ကျောစပ် နှစ်ရပ်သော ဌာနဲ့ အစပ်မထင် ရွှေအင်းပျဉ်ကဲ့သို့ တပြင်တည်း ပြည့်ဖြိုးတော်မူထသော။ နရသီဟော၊ လူ့နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူးယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ ဧသဟိ-ဧသောပနာ၊ ဟောဟိုကကြွလာတော်မူ ထိုသျှကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၄။ ဇောတကတာရက မဏ္ဍလုသခေါ်၊ ရွှေပွတ်တိုင်ဝယ် ခိုင်ခိုင်တည့်မတ် တပ်ထားအပ်သော ပတ္တမြားကြယ်ဝန်းကဲ့သို့ ခြေဖမိုးတော်အထက် လေးသစ်

ခန့်တက်၍ ရှန်းစက်ညီညာသော ခြေဖမျက်တော်လည်း ရှိတော်မူထသော။ ဧကိကလောမကူပကောကော၊ ရတ နာရောင်စိုင် ကြွေနန်းတိုင်ထက် ပေါ်ထွက်ကွန့်မြူးသော မြခြူးနွယ်နုကဲ့သို့တခုခုသောမွေးတွင်းလိုဏ်ဂူဝယ်တဆူ တဆူစီသာ ညီညာပေါ်ထွက်သောမွေးညှင်းတော်လည်း ရှိတော်မူထသော။ဩဇာသုဓရသဓမနိသော၊ထူးမြတ်ဩ ဇာ အရသာကို ကောင်းစွာယူဆောင် ခုနစ်ထောင်မျှ လောက် လည်ရေးတော်တိုင်ရောက်သဖြင့် မကောက် မပြတ် ဖြောင့်မတ်သောအကြောတော်လည်း ရှိတော်မူ ထသော။ နရသီဟော၊လူနတ်ပြဟ္မာ သတ္တဝါအပေါင်း တို့ထက် ဆတက်လွန်ကြူး မယောက်ျားထူးလည်း ဖြစ် တော်မူထသော။ ဧသဟိ-ဧသောပန၊ ဟောဟိုက ကြွ လာတော်မူ ထိုသသူကား။ တုယှံ၊ မယ်မယ့် သက် ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၅။ မဏ္ဍာရောသဓိ သုက္ကာသုဒါဌော၊ သောက်ရှူး ကြယ်မင်း ဇရောင်အဆင်းကဲ့သို့ သန့်ရှင်း ဖြူစင်သော စွယ်တော်လေးဆူရှိတော်မူထသော။အန္တရမာဒိဌော၊ တဆူနှင့်တဆူ အကျူမြူခန့်ပမာ စပ်ရာ မထင်သော သွားတော်လည်း ရှိတော်မူထသော။ သံသမဒဓန္တာ၊ ရှေ့နောက်ယွင်းယို ရှည်တိုမရှိ တည့်တည့်မတ်မတ် ညီညွတ်သော သွားတော်လည်းရှိတော်မူထသော။သီလ သမာဓိ-ဓိရာဒုသဒိသော၊ သီလသမာဓိ ပညာ အစရှိ ကုန်သော ဂုဏ်တော်တို့ကြောင့် တစုံတယောက်သော သူတို့နှင့် တူတော်မမူထသော။ နရသီဟော၊ လူနတ်

ပြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ ဧသဟိ-ဧ သောပနု၊ ဓဟောဟိုကကြွလာတော်မူ ထိုသသူကား။ တုယ္ဟံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၆။ သုဇာတတခကျုပြာဘိမုဏ္ဍလွန္တော၊ လုမ္ဗိနီခေါ် တော်သမိုက်ရ ဂနိုင်ယံဌာနဉ်ဘွားမြင်စအခါ မြောက် ဒိသာရပ်ခန်းသို့ မြေ်တမ်း ရှေးရှုလျက် ကြွလှမ်း တော်မူထသော။ အသမ္ဘိသီဟနဒံ၊ လောကခါတ်ငှ ဘုံသုံးဆူမှာ ပြိုင်သူမထောက် ငါတယောက်ဟု မ ကြောက်မရွံ့ မတွန့်မြမြီ ရဲရင့်သံကို။နဒန္တံ-နဒန္တော၊ သာယာချီငေါ် ကျူးရင့်တော်မူထသော။ ဒေဝမနုဿ သုပူဇနိဇာတော၊ နဂါးဂဠုန် ကုမ္ဘဏ်ဂန္ဓဗ် နတ် ပြဟ္မာအဆူဆူ ဗိုလ်လူအပေါင်းတို့၏ ညွတ်ပျောင်း ကော်ရော် အပူဇော်ကို ခံယူတော်မူလျက် ဘွားမြင် တော်မူထသော။ နရသီဟော၊လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူး လည်း ဖြစ်တော်မူထသော။ ဧသဟိ-ဧသောပနု၊ ဟော ဟိုက ကြွလာတော်မူ ထိုသသူကား။ တုယ္ဟံ၊ မယ်မယ့် သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၇။ သောဠသ ဝဿ မဟာဇနမဇ္ဈေ၊သက်တော် ဆဲ့ခြောက် ရွယ်တော်ရောက်သော် တသိန်းခြောက် သောင်း မျိုးတော် ပေါင်းတို့၏ အလယ်ဉ်။ အညု

မနုဂ္ဂဟနိဗ္ဗလကဓော၊ အက္ခဏ, ဝါလ သရအညီ ဝေမိမည်ခေါ် အကျော်သုံးပါး လေးသွားတို့ စွမ်းအား-မ-ဆောင် ပိုလိတထောင်တင် လေးစွမ်းအင်ကို ငင်ကာဆွဲယူ ကလူအသွင် တင်တော်မူ၍။ ဒွါဒသ ဓာဓနုသိပ္ပံ၊ သဒ္ဒသဒ္ဒ, သရရုဇ္ဈ, သရပါသာဒ, သရ သောပါဏ, သရမဏ္ဍပ စသည်မလပ် ဆဲ့နှစ်ရပ် သော လေးအတတ်ကို။ ပကာသံ-ပကာသန္တော၊ ဝရ ဇိနှ်သံ မိုဃ်းကြိုးသံ မြေညွှန့်ပဲ့တင်သံ ဖိမ့်ဖိမ့်ညံ မြိမ့် ကျုံကျုံ အသံမစဲအောင် ပြဆောင်တော်မူထသော။နရ သီဟော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆ တက်လွန်ကြူး ယော:ကျားထူးလည်း ဖြစ်တော်မူထ သော။ ဧသဟိ-ဧသောပန၊ ဟောဟိုကြွလာ:တော် မူ ထိုသူကား။ တုယှံ၊မယ်မယ့်သက်ထား သင်ချစ် သား၏။ ပိတာ၊ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

ဂ။ ဝီသနဝါယုက ပုရဏကာလေ၊ သက်နှစ်ဆဲ့ ကိုး ပြည့်ဖြိုးရွယ်မြောက် ရောက်တော် မူသောအခါ ဝယ်။ တာတ၊မယ်မယ့်သက်စု ရှုမအားတဲ့ သား:ရောဟု။ တုဝံ-တွံ၊ မယ်မယ့်သက်ထား သင်ချစ်သာ:းသည်။ ဇနိ ကာ၊ မဟေသီထွတ်ထား မယ်ဘုရားမှ။ သုဇာ:တော၊ တိမ်တိုက်ကင်းကွာ စန္ဒရာအလား ဘွား:မြင်တော်မူပြီ။ အထ-တသ္မိံ ကာလေ၊ ထိုသို့ချမ်းမြေ့ဘွား:မြင်တော်မူ သနေ့၌။ဗျာ:ဓိတဗ်ဏ္ဏမတောသယော၊ သူအို သူနာ သူသေ တဆန်း ရဟန်းတထွေ ဒေဝဒူတ မည်ရ:ကြောင်းဟိတ် နိမိတ်လေးပါးတို့ကို။ပဿံ-ပဿန္တော၊ ရှေးရှုထင်ထင် မြင်တော်မူထသော။ နရသီဟော၊ လူနတ်ပြဟ္မာ သတ္တ

ဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ သေဟိ-ဧသောပန၊ ဟောဟိုကကြွလာတော်မူ ထိုသူ့ကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၉။ တသ္မိံကောဋ္ဌိရပုဏ္ဏာသုဝေ၊ ကရကဋ္ဌ ရာသိပုဏ္ဏမီစန်းပြည့်(ပြေ့)ထိုသနေ့၌။မဇ္ဈိမသမယေ၊ခြွေရံဆိတ်ညံ့သန်ခေါင်ယံဝယ်။အဘိနိက္ခံ-အဘိနိက္ခမန္တော ကဏ္ဍကတွင်မည် ဇာနည်ပေါ့ပေါ့ မြင်းယာဉ်ကြော့ဖြင့် အသော့လွယ်ကူ တောထွက်တော်မူ၍။ ယောဇ-နတိံသကဉ္စနိနော့မာ၊ သုံးဆယ်မျှယူဇနာ ခရီးတာအထက် ရှစ်ဉသဘာကျယ်စွာ မြစ်နော်မာဟိုဘက်သို့။ ဂတေ-ပတ္တော။ခုန်လွှားကူးမြောက် ရောက်တော်မူသောအခါ၌။ ယတိယော၊ ကမ္ဘာ့တန်းဆာ ရှေ့ကြွသက်နန်းဖြင့် ရဟန်းပြုတော်မူထသော။ နရသီဟော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူထသော။ သေဟိ-ဧသောပန၊ ဟောဟိုကကြွလာတော်မူ ထိုသူ့ကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၁၀။ ဘုတ္တာရုမင္ဂလော၊ဗောဓိမဏ္ဍိုင် ခရိုင်ချက်ဗွေ၌။ ဆဗ္ဗသဿာနိ၊ လရာသီမလစ် ခြောက်နှစ်တိုင်တိုင်။ ဝတံ-ဝတန္တော၊ ဒုက္ကရစရိယာ ရှည်စွာနေ့ည လုံ့လတော်မူပြီး၍။ မာရဇ္ဇိ၊ ဒေဝပုတ္တာ စသည်တသင်း မာရ်ခပင်းကို

နှိပ်နင်းတော်မူပြီးမှ။ မိဂဒါယေ၊ ဗာရာဏသီ ပြည်
ဌာနီအနီး မိဂဒါဝုန် ရဂုံတောကြီးဝယ်။ ပဝတ္တေ၊
ဓမ္မအထူး တရားဦးကို ကြည်နူးလှစွာ သာယာရွှင်မော
ဟောတော်မူထသော။ အသ္မိံ-ဣမသ္မိံ ကာလေ၊ ပြီဿ
ရာသီ ဤအခါ၌။ အယျကပဂ္ဂဟိတော၊ မောင့်ဘိုး
တော်မင်း ပင့်ခေါ်တော်မူခြင်းကြောင့်။ ရာဇဂဟာ၊
ပြည်ရာဇဂြိုဟ် နဂိုရ်နန်းမြေက။ ပဝတ္တော၊ ပြန်လည်
တုံ့ခေါက် ကြွရောက်တော်မူထသော။ နရသီဟော၊
လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် ဆတက်လွန်
ကြူး ယောကျ်ားထူးလည်း ဖြစ်တော်မူ ထသော။
ဧသဟိ-ဧသောပန၊ ဟောဟိုက ကြွလာတော်မူ ထိုသ
သူကား။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။
ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်တည်း။

၁၁။ အဘိသမ္ဗုရ သံသမဇာတော၊ ဘုန်းတော်ပရ
မေ ဂုဏ်မဟောကြောင့် ရွှေကိုယ်တော်ဘုရား ဘွားမြင်
တော်မူသနေ့ မြင်တွေ့မျက်မှောက် ပေါ်ရောက်ကုန်
သော။ ကေတိဂါဝုတအမိုကယောဇနေ၊ တဂါဝုတ်,သုံး
ဂါဝုတ်,ယူဇနာခွဲ, တယူဇနာမျှ အဝကျယ်ကုန်သော။
အာယတကုန္တသုကဋ္ဌနကုမ္ဘေ၊အလျားမြေဆိုးသုံးစား
မကုန်ရောင်ဟုန်ညီးညီး လေးလုံးကုန်သော ရွှေအိုးကြီး
တို့ကို။ သင္ဂေါ-သဇ္ဇိတော၊ မငဲ့မတွယ် စွန့်ပယ်တော်
မူလေပြီ။ တာတ၊ မယ်မယ့်သက်စု ရှုမအားတဲ့သား
ရာဟု။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။
တတောပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်ကား။

အသဒိသောအဟောဝတ၊ ဩော်–အံ့ဘွယ်မတုံး မြတ်ခေါင်းဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၂။ အဋ္ဌနဟုတဒုဉ္ဉတိကာပိဝါ၊ ဘိုးတော်မှရှစ်သောင်း, ဘွားတော်မှရှစ်သောင်း အပေါင်းအားဖြင့် တသိန်းခြောက်သောင်း မျိုးတော်ပေါင်း တို့ကိုဂုင်း။ စတုနဟုတ ကုမာရိကာ ဝါ၊ မင်းသမီးပေါင်း လေးသောင်းကျော်တို့ကိုဂုင်း။သတနယဇနနီပိ၊ရွှေရင်တော်ဘွား သားတော်နှင့်တကွ မဟေသျှထိပ်ထား မယ်မယ်ဖျားတို့ကိုဂုင်း။ အနိက္ခိတော၊ မင့်မတွယ် စွန့်ပယ်တော်မူလေပြီ။ တာတ၊ မယ်မယ့်သက်စု ရှုမအားတဲ့သားရာဟု။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ တတော ပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်ကား။အသဒိသော အဟောဝတ၊ဩော်-အံ့ဘွယ်မတုံး မြတ်ခေါင်ဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၃။ ဒိဗ္ဗဇယျာနပေါက္ခရဏိယော၊ ဒေဝရင်နတ်ဘန်ဆင်း အပ်သော ဥယျာဉ်တတန် ရေကန်တခြားကစားပျော်ဘွယ် အသွယ်သွယ်တို့ကိုဂုင်း။ နေကာဘိသမ္ဘတ္တိယော၊ မင်းမြောက်တန်းဆာ ရတနာရောင်ဖြိုးအမျိုးမျိုးတို့ကိုဂုင်း။ ကုလိနပိတာမဟာစူဠမာတရော၊ မဟာသမ္မတနွယ်ရိုး အမျိုးတော်မြတ် သမုနတ်ခေါ်ခမည်းတော်နှင့်တကွ ဘမရာဘုံပျော် မိထွေးတော်မယ်ဘုရားတို့ကိုဂုင်း။ အနိက္ခမာနော၊ မင့်မတွယ် စွန့်ပယ်တော်မူလေပြီ။တာတ၊မယ်မယ့်သက်စု ရှုမအားတဲ့ သားရာဟု။ တုယှံ၊မယ်မယ့်သက်ထား သင်ချစ်သား

၏။ တတောပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်ကား။ အသဒိသော အဟောဝတ၊ ဩော်-အံ့ဘွယ်မတုံး မြတ်ခေါင်ဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၄။ သတ္တမာဒိန္ဒာဘိဂတံ၊ ခုနစ်ရက်မြောက် လက်တော်သို့ရောက်လတ့်သော၊ ရာဇာဓိ ရာဇိဿရံ၊ လေးကျွန်းသေဌ်နင်း စကြာမင်းတို့ ပွင့်လင်းရိပ်ငြိမ် စည်းစိမ်ကွန့်ဖြိုး အစိုးရခြင်းကိုဂင်း။ ပဥ္စသတ္တနဝဘူမိပူရကေ၊ ဘုံငါးဆင့်,ခုနစ်ဆင့်,ကိုးဆင့် အမြင့်ရိပ်ဆောင် ရတနာရောင်လျှပ် ဘုံပြာသာဒ်တို့ကိုဂင်း။ သဇ္ဈမာနော၊ မငဲ့မတွယ် စွန့်ပယ်တော်မူလေပြီ။ တာတ၊ မယ်မယ့်သက်စု ရှုမအားတဲ့ သားရာဟု။ တုယှံ၊မယ်မယ့်သက်ထား သင်ချစ်သား၏။ တတောပိတာ၊ ခမည်းတော်နတ်ရှင် မွေးဘခင်ကား။ အသဒိသောအဟောဝတ၊ ဩော်—အံ့ဘွယ်မတုံး မြတ်ခေါင်ဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၅။ ဧကယောဇနကပိလဝတ္ထုကံ၊ တယူဇနာခန့် အပြန့်ကျယ်ဝန်းသော ကပိလရိပ်မြုံ နန်းရွှေဘုံဌာနကို။ ခေလပိဏ္ဍမိဝ၊ ပျို့အန်စွန့်မြောက် တံတွေးပေါက်ကဲ့သို့ဂင်း။ ဝဋ္ဋဂေဟဝါ၊စောရသူလျှောင် နှောင်အိမ်ကဲ့သို့ဂင်း။ ဇေဂုစ္ဆန္တော၊ စက်ဆုပ်နံ့ညှီ မသတီသောကြောင့်။ ဥဿဇ္ဈန္တော၊ မငဲ့မတွယ် စွန့်ပယ်တော်မူလေပြီ။ တာတ၊မယ်မယ့်သက်စု ရှုမအားတဲ့ သားရာဟု။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ တတောပိတာ၊ခမည်းတော်နတ်ရှင် မွေးဘခင်ကား။အ

သဒိသော အဟောဝတ၊ဩ်-အံ့ဘွယ်မတုံး မြတ်ခေါင်ဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၆။ တာဝတ၊ မယ်မယ့်သက်စု ရှုမအားတဲ့ သားရာဟု။ အယျော၊မယ်မယ်ထိပ်တင် မောင့်ဘခင်သည်။ သမဏီတော၊ရုပ်ဟန်တဆန်း ရဟန်းဖြစ်တော်မူသောအခါ၌။ ကာသာဝံ၊ဖန်ရည်တပ်စွန်း ဝတ်သက်န်းကို။ အလံ-အလက်ရိတ္တာ၊ကိုယ်မှာလွှမ်းတင် တန်းဆာဆင်၍။ဝိကာလသံ၊နေခြည်ရိပ်လွဲ ပွဲတော် တည်ခြင်းကိုငင်း။ မာလာဂန္ဓဝိလေပနာဒယော၊ပန်းနှင့်နံ့သာ ကိုယ်မှာ သပ်ရှိမ်း ပန်လိမ်းခြင်းစသည်တို့ကိုငင်း။ အဝဇ္ဇယိ၊ ကြဉ်ရှောင်ဆုတ်နစ် စွန့်ပစ်တော်မူလေပြီ။ ဇာတိ–ဇတံဝစနံ၊ ဤသို့ကျော်ကြား သတင်းစကားကို။ သုတ္တာ၊ရွှေနားတော်ပါး မယ်မယ်ကြား၍။ အဟံပိ၊ ပူရန္တီ မဟောသီမြတ်စွာ မယ်မယ်ငါလည်း။ တေဝတံ-တာဒိသံဇာဝ၊ မယ်မယ့်ထိပ်တင် မောင့်ဘခင်ကဲ့သို့ပင်လျှင်။ကာသာဝံ၊ ဖန်ရည်တပ်စွန်း ဝတ်သက်န်းကို။အလံ-အလက်ရိတ္တာ၊ ကိုယ်မှာလွှမ်းတင် တန်းဆာဆင်၍။ဝိကာလသံ၊နေခြည်ရိပ်လွဲပွဲတော်တည်ခြင်းကိုငင်း။ မာလာဂန္ဓဝိလေပနာဒယော၊ ပန်းနှင့်နံ့သာ ကိုယ်မှာသပ်ရှိမ်း ပန်လိမ်းခြင်းစသည်တို့ကိုငင်း။ ဝဇ္ဇေတွာ၊ ကြဉ်ရှောင်ပယ်ရှားစွန့်ပစ်ထား၍။ အဘိဝသေ၊ သခင်ကိုမြှော် လွမ်းအာဘော်နှင့် အဘော်မမှီး တကိုယ်တည်းဖြင့် ငြီးငွေ့များရှိ နေခဲ့၏။ တာတ၊ မယ်မယ့်သက်စု ရှုမအားတဲ့ သားရာဟု။ တုယှံ၊ မယ်မယ့်သက်ထား သင်ချစ်သား၏။ သောတာဒိသော၊ ထိုသို့ ဂုဏ်သဘော ရှိတော်မူသော။

တတောပိတာ၊ ခမည်းတော် နတ်ရှင် မွေးဘခင်ကား။ အသဒိသောအဟောဝတ၊ ဩော်-အံ့ဘွယ်မတုံး မြတ်ခေါင်ဆုံးပေရှင့် နှုန်းမရှိလေခဲ့သကား။

၁၇။ မဟေသိ၊ ယသော်ဒေဝီ မဟေသီထွတ်ထား မိဘုရားသည်။ အနန္တကဂ္ဂံ၊ ဂုဏ်တော်မတုံး အဆုံးမသတ် မြတ်တော်မူထသော။ ဝံသဂ္ဂဝါ၊ မဟာသမ္မတ နွယ်ရိုး အမျိုးအားလည်းမတုံး အဆုံးမသတ် မြတ်တော်မူထသော။ ဝိဩဂ္ဂဝါ၊ ဋ္ဌာသာရိယမျိုး အစိုးရခြင်းဖြင့်လည်းမတုံး အဆုံးမသတ် မြတ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ သုံးလူ့အထွတ် ဘုရားရွှေကိုယ်တော်မြတ်ကို။ ပဿန္တ-ပဿန္တီ၊ ကိုယ်တိုင်စေ့စေ့ ဖူးတွေ့တော်မူလတ်သော်။ ရာဟုလသုတံ၊ သားတော်ကုမာ ရာဟုလာကို။ ဒသိတွာ၊ ရွှေစင်ရောင်ခ လက်ညှိုးတော်ထိုးပြ၍။ ဋ္ဌာတိ ဇဝံဂါထာဟိ၊ ဤနရသိဟ မည်ရထူးစွာ ဆန်းဂါထာတို့ဖြင့်။ အာဒြိ၊ ရိုသေလေးမြတ် စိတ်တော်ညွတ်လျက်။ အဘိတ္ထဝိ၊ သာယာချီငေါ် ချီးမွမ်းတော်မူလေပြီ။

ဤကားဆရာတော်ဘုရားကြီးနောက်ဖြည့်တော်မူအပ်သော နရသိဟ ၁၇-ဂါထာ၏အတ္ထယောဇနာ

## ၅-ပေါဋ္ဌင်သုတ် ၃-မျိုး၏ အမွှန်း

၁။ မဟာယသံ ဟုန္တိ အသတ္တမူလေ၊
ပေါဋ္ဌက်လဒ္ဓါ တြိဘဝေ သိရိန္ဒြော။
သမုဒ္ဒဆိန္နေ သကုဒိပဒိပေ၊
စက္ကိန္ဒရာဇာဝ ဂတေကရဇ္ဇံ။ ။

၂။ ကော်သမယံ ဘဂဝါပိ ယော သော၊
ဝသတိ ဝေဠုဝန တမှိ ဝေါစ ယံ။
ရာဇဂဟေ သယန္န ဂမိတွာ၊
ပိပ္ပလိသဝှိတာယ ဂုဟာယံ။ ။

၃။ မဟာကဿပထေရဿ၊
ဂိလာနေ မောဂ္ဂလာနဿ။
ဂိဇ္ဈကူဋေဝ ပုစ္ဆိတွာ၊
ပဋိသန္ထာရ ဘော တမှာ။ ။

၄။ ဂုဏ္ဍာပေတုံ သယံ တဿ၊
စုန္ဒထေရံ သုဏာတိ ရဇ္ဇ။
ဘိက္ခုနံ အနုကမ္ပာပိ၊
နဘန္တေတိ ဘဏာမေတံ။ ။

## ရှင်းနက်

သမုဒ္ဒဆိန္ဒေ၊ အံ့ဘွယ်ရှစ်လီ သမင်္ဂိကြောင့် ဗလဝါမုခ်ဝဲ ဩဘာလဲလဲတဟီဟီ ရေဒီလှိုင်းစီစီနှင့် သာဂရဂမ္ဘီ လေးလီသောသမုဒ်ရေခေါတ်ဖြင့် ပိုင်းခြားအပ်သော။ သကုဒီပဒီပေ၊ ကျွန်းငယ်ရံဆောင် နှစ်ထောင်နှင့်တကွ ဝိဝဋ္ဋဋ္ဌာယီ ကပ်လုံးတည့်ထွန်းလျက် သံတောင်ဝန်းရက်သော တိုက်စက္ကဝါဘုံ ကျွန်းကြီးလေးစုံ၌။ ကေရဇ္ဇံ၊ နှုန်းဘက်ပြိုင်သူ မပြုဝံ့ရှား တပါးတည်းသောမင်းအဖြစ်သို့။ ဂတော၊ သမ္ဘာဘုန်းမြှင့် ချီးပင့်နှိုးဆော်၍ ရောက်တော်မူသော။ စက္ကိန္ဒရာဇာဝ၊ သမ္မုတိနတ်စက္ကဝတ်မင်းမြတ်ကဲ့သို့။ ယောသိရိန္ဒြော၊ တီတာနန္တရဘဝထိုထိုက ဥဒဟိုရွက်စပ် မပြတ်ဆည်းပူးတော်မူ

အပ်သော ဗောဓိသမ္ဘာရ သမ္ဘာရဏာတည်းဟူသော ဘုန်းတော်ကြွက်သရေ၊ ဆရာမမှီး ငယ်ကတည်းက ဓနေယန္တ သိပ္ပလုံးစုံ တတ်ကုန်မြင်သိ စွမ်းသတ္တိရှိသော လောကီပညာ, ပါရမီဉာဏ် ဝိပဿနာဉာဏ်တည်း ဟူသောဓမ္မပညာအားဖြင့် နှစ်ပါးကုန်ခသော ကြွက်သရေတို့ကို စိုးနေပိုင်သတော်မူ၍ သိဒ္ဓတ္ထကုမာရဟု သကြားမင်းဘွဲ့ခံ သယမ္ဘူနွယ်ရိုး အမျိုးအသမ္ဘိန္န သာကိန္ဒထွတ်ခေါင် အကြင်သို့သဘောရှိသော သုံးလောက ဥဿျောင်သည်။ မဟာယသံ၊ တယူဇနာလောက် မြေပြင် အောက်မှ ပေါက်ရောက်ထင်ရှားသဖြင့် သုံးစားလျက် အရာမရွေ့ ကြပတေ့ပြည့်ဖြိုးသော ရွှေအိုးကြီးလေးလုံး နှင့်တကွ ငါးကလျာဏနိကာယ်စုံ ဒဿနီယဂုဏ် အသိန်းမကသော ပုညသမင်္ဂီ ဒေဝီမဟေ မိုးသူဇာနတ်မေ ဟု ယာနေကြင်ဘော် ယသော်ဓိမ္မာ ကဥ္စနာမှူးရှိ သမ္ပတ္တိ မဟိန် များစည်းစိမ်အပုံပုံကို။ဟုံ-ဟိတ္တွ၊ မငဲ့မတွယ် စွန့်ပယ်တော်မူခဲ့၍။အသတ္တမူလေ၊ ဗောဓိမဏ္ဍိုင် ခရိုင်ချက်ဗွေ့ရွှေပလ္လင်အောင်ခန်း၌။ဗောဇ္ဈင်္ဂလဒ္ဒါ-လဒ္ဓေနေ၊ (၁)ဘုန်းတော်ရိပ်ခိုလိုက်လိုသမျှများလှသောပရိသတ် ဗိုလ်လူအပေါင်းကို ကောင်းစွာပြုမူ၍ ဆောင်ယူအား ရှိလျက် ရတနာအတိပြီးသော စကြာယာဉ်မွန် ရထား ပျံကဲ့သို့ ပစ္စယုပ္ပန္န အနဝဇ္ဇဓမ္မ သုခဝိပါကတစု နုယန္တ ဗိုလ်ခြေကို ကိလေသစ်ကျူ ရန်မခုရအောင် သွေး ဆောင် တင်ယူတတ်သော သတိသမ္ဗောဇ္ဈင်ရတနာ, (၂) ကာဠာဝက စသည့်တရိုး ကိုးဆင့်မြောက် ဉပေါသထဆင် ဆယ်သန်ချာအရှိကို တဇီးတည်းဖြင့်

သာ ဘိစိးနိုင်သော ဆဒ္ဒန်ဆင်ပျံပမာ တဏှာလောဘ ဒေါသမောဟဖြစ်ပုံ ခလုံအစစ် အမုန်ရစ်သော ဆင်ရိုင်းကို ဝပ်ရှိုင်းအောင် ကွပ်လှိုင်းနိုင်သော သတ္တိမန် ကိုယ်သဏ္ဍာန်ကြီးမားလျက် အနဝဇ္ဇဓမ္မ ဟူသမျှကို တဝတည်း ပေါင်းစုဘတ်သော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရတနာ, (၃) သုံးရာ့ငါးဆယ် စွန်းကယ် ဂဏန်း သုံးသန်းခြောက်သိန်း ကိန်းလွန်တသောင်း ပေါင်းယူဇနာထွက် စကြဝဠာ ဝန်းကြယ်စွာအလုံးကို အဆုံးန္ဓိစပ်အောင် နံနက်စာမှီ ပြန်ချိနိုင်အား စွမ်းပကားရှိသော ဝလာဟက ဇာနေယျသိန် တိမ်တောင်ညွန့်စားပြိုင်တုအံ့ ရှားပေသော မြင်းပျံရတနာကဲ့သို့ ခြင်းရာဖြစ်ပုံ လေးအင်္ဂါစုံညီသဖြင့် အဟုန်ခွန်အား စွမ်းပကားရှိသော ဝီရိယသမ္ဗောဇ္ဈင်ရတနာ, (၄) လကွယ်သန်ခေါင် မိုယ်းမှောင်တိမ်ပုပ် လေးအင်္ဂါအုပ်စိုး၍ မိုးမမြင် မိုက်ထိး ကြီးလှသောမှောင်ခပင်းကို လင်းစေတတ်သော ပတ္တမြားရတနာအတူ စွမ်းလေးငူကာလ၌ မိုက်ဟူသော မောဟ မှောင်တိုက်ကို ပြိုက်ပြိုက်လွတ်ရှင်း လင်းစေ တတ်သော ပီတိသမ္ဗောဇ္ဈင် ရတနာ, (၅) မြကမ္ဗလာပဏ္ဍု ဆီပေါ်စုတခဲ လဲဝါနုပုံဟန် သုံးရန်အလိုက် ထိုက်တန်သောကိုယ်သဏ္ဍာန် နတ်ရုပ်ဝါဆင်းကြန်နှင့် တရံမလပ်သော မိဘုရားကြီးရတနာကဲ့သို့ ဓာတုကြွေဘာ ဝိရောဓရှင်းသန့်၍ နူးညွှံ့သော ပဿဒ္ဓိ သမ္ဗောဇ္ဈင်ရတနာ, (၆) တယူဇနာလောက်မြေအောက်၌ ဖုံးရှက်လျက် လျှိုဝှက်သော ရွှေအိုးကို အကျိုးတော်ဖြစ် ထုတ်လှစ်ဆောင်ယူ၍လွယ်တကူဆက်

ပေးသဖြင့် လေးကျွန်းလုံးနတ် စက္ကဝတ်မင်းမြတ်၏ လိုအပ်သမျှဆန္ဒကို ငြိမ်းပစေတတ်သော သူဌေးကြီး ရတနာနှင့်အတူ ဝိမောက္ခရတနာအဆူဆူကို လိုတော်မူသမျှ ရစေတတ်သော သမာဓိ သမ္ဗောဇ္ဈင် ရတနာ, (၇)အနုယန္တ ခတ္တိယမဟာ မတ်ဗိုလ်ပါ အပေါင်းတို့၏ မကောင်းသောစိတ်အကြံကို အမှန်သိတတ်သဖြင့် မှူးခွင့်နှင့်လျော်စွာ အာဏာပြုမူ၍ လေးကျွန်းသူတို့၏ ကြက်သရေ ခမည်းတော်နတ် သမုတေကို လျစ်လျူရှု စေတတ်သော ပရိဏာယက သားကြီးရတနာကဲ့သို့ ခြောက်ဖြာသော အာရုံအလုံး၌ မမုန်းမချစ် လျစ်လျူ စေတတ်သော ဥပေက္ခာ သမ္ဗောဇ္ဈင်ရတနာ ဘိုးနှ၍ စံဝင် ရတနာမြတ်ခုနစ်အင်ကို သိမြင်ထုပ်ပိုး အစိုးရ တော်မူသဖြင့်။ တြိဘဝေ၊ သုံးလောကခရိုင် နိုင်ငံတော် အလုံး၌။ ဇကရဋ္ဌံ၊ နှုန်းဘက်ပြိုင်သူ မပြုံ့ရှား တပါး တည်းသောအဖြစ်သို့။ ဥန္ဒြိ၊ အောက်ထက် ဝံန်းခြို ဘုံဘဝဂ်ဖျား ဘီလာအားဖြင့် များစကြဝဠာ အာဏာ ခေတ်ကိန်း သိန်းကုဋေအညီ ပွဲတင်သံ ဟိန်းဟီလျက်။ ဂစတာ၊ သမ္ဗုဒ္ဓါတော်ညွှန့် ဆော်ကွန့်ပင့်ချီ ရောက် လေပြီ။ သော တာဒိသော၊ ထိုသို့မကုန်အံ့ဩ ဂုဏ် သဘောရှိတော်မူသော။ဘဂဝါပိ၊ မြတ်စွာဘုရားသည် လည်း။

ကောသမယံ၊ ကျွတ်ထိုက်များစွာ သတ္တဝါတို့အား တရားအမြိုက် ရထိုက်ရည်လျော် မြင်မြော်သောအား ဓါတပါး၌။ ရာဇဂဟေ၊ အသိန်းမက များလှပတ်ကုံး ရွာနိဂုံးတည့် ခြံရံရှိလျက် နှံ့သိကျော်ညှိုင်း တိုင်းမဂဓိုရ်

ရာဇဂြိုဟ်ပြည်ကြီးဝယ်။ ဝေဠုဝနေ၊ နန်းကျောင်း ဗိမာန် ဝေဠုဝန်၌။ ဝသတိ၊ ဇုရိယာပုထ် မယုတ်နိုင်း ရှည့် စံပယ်တော်မူ၏။ တမ္ဗိ-တသ္မိံသမယေ၊ ထိုသို့ မွေ့လျော် စံပယ်တော်မူခိုက်ဝယ်။ ပိပ္ပလိသဂုဟာယ၊ ပိပ္ပလိဟူ သဒ္ဒါမူလဖြင့် ဗိုလ်လူများမြတ် ခေါ်ဝေါ် အပ်သော။ ဂုဟာယံ၊ ကကုသန်,ကောဏာဂုံ, ကဿပ ဘုရား နောင်ညီသုံးပါးတို့၏သာသနာ အခါကြိမ်မြန်း ရဟန်းတို့မွေ့လျော်ရာ သုရာဘိဂန္ဓာရုံ ပန်းမျိုးစုံထုံသ လျက် ငွေသယံဇာတိ လျှပ်ရောင်ညီထွန်းပသော လိုဏ် ဂူ၌လျှင်။ မဟာကဿပထေရဿ၊ ပါရမီကပ်ကိန်း ဉာဏ်တသိန်းရှိ အသီတိမဟာသာဝကရာထမ်း ဂုဏ် ကြွင်းရှင် အသျှင်မဟာကဿပထေရ်မြတ်၏။ ဂိလာ နေပ္ပိ၊ရုပ်ကိုယ်ခန္ဓာ ရောဂါစွမ်းငြိ နှိုးသောအခါ၌ရင်း။ ဂိဇ္ဈကူဋေ၀၊ လင်းတဟူပြီး ငှက်နှုတ်သီးသဏ္ဍာန် ဟန်ရှိ တောင်ထွဋ်၌ ဂုဏ်တမွတ်ကြောင့် ဂိဇ္ဈကုဋ်မည်သော တောင်ယံ၌လျှင်။ မောဂ္ဂလာနဿ၊ ဝသီငါးတန် ခြိုးခြံ သိမ်မွေ့ ဈာန်ဝင်လေ့ဖြင့် လိုသရွေ့ တန်းခိုး ဣဒ္ဓိမျိုးကို စိုးရဣာနန် ရာခံရှိသော အရှင်မဟာမောဂ္ဂလာန်ထေရ် မြတ်၏။ ဂိလာနေပိ၊ ရုပ်ကိုယ်ခန္ဓာ ရောဂါစွမ်းငြိ နှိုးသောအခါ၌ရင်း။ သာယနှေ၊ ဆည်းဆာရိပ်ဖျန်း ခါညချမ်းဝယ်။ ဂမိတွာ၊ ကြွလာတော်မူပြီး၍။ ပဋိသန္ဓာ ရေန၊ ကိုယ်လက်မန္ဒမ်း ချမ်းသာ၏လော, ဣရိယာ ပထ မျှပါ၏လောဟု ဘုရားတို့တံထွာ ဓမ္မတာခွင့်သိ ပဋိသန္ဓာရစကားလမ်းဖြင့်။ ပုစ္ဆိတွာ၊ သာယာထောက် လှမ်း မေးမြန်းတော်မူလတ်သော်။ နဘန္တေတိ၊ရုပ်ကိုယ်

ခန္ဓာ ကျင်နာန္တမ်းလျှ မချမ်းသာလှပါ, ဇရာဝိယာပုထ်
လေးပါးရုပ်လည်း ဆုတ်တက်မတူ ချမ်းပူမမျှနိုင်ပါ,
အနိဋ္ဌရုပ် ဒုက္ခတလီ ဤရောဂါကား တိုးပွါးလျက်သာ
မဆုတ်ပါချင် သုံးလောကသခင် နိဗ္ဗူသာခန်း ဘုံနန်း
ကြီးအရှင် သခင်ဘုရားဟု ရွှေနားတော်ကြား လျှောက်
ထားသောအခါ၌လျှင်။ အနုကမ္ပာ၊ နေ့ာတတ်အမွှ၊
မဟာကရုဏာတော်အားရှိ ဂုဏ်စိန္တိရှင် အသျှင်ဘုရား
က သနားတော်မူလှသည်ဖြစ်၍။ တမ္ပာအာဗာဓာ၊ ထို
ရောဂါအနာမှ။ ဝုဋ္ဌာပေတုံ၊ ချမ်းသာခွင့်ရောက် ထ
မြောက်စေခြင်းငှါ။ ယံဗောဇ္ဈင်္ဂလဒ္ဓိ၊ မဏ္ဍိုင်ချက်ခွင်
ပလ္လင်အောင်ရပ်၌ အကြင်သို့သဘောရှိသော ဂုဏ်ဇာ
တိလွန်စွာ ရအပ်ပြီးသော ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်
ရတနာကို။ အဝေါစ၊ အင်္ဂါရှစ်စုံ သံတော်ဂုဏ်ဖြင့်
မွေးထုံကျူးချိဟောလေပြီ။ သယံဂိလာနေပိ၊ကိုယ်တော်
ပင်ပန်း မချမ်းသာသောအခါ၌လည်း။ စုန္ဒထေရံ၊ စုန္ဒ
တွင်မည် မဟာထေရ်ကို။ တဥ္စ၊ ဗောဇ္ဈင်ခုနစ်ပါး
မြတ်တရားကို ငါ့သားစုန္ဒ ကောင်းမြတ်လှစွာ ရွတ်လေ
ပါဟု အာလုပ်တော်ညွှန်း ခေါ်တိုက်တွန်း၍။သုဏာတိ၊
လေးမြတ်တမူ မျှားဗိုလ်လူတို့ မတူနိုင်းညှိ နာတော်
မူ၏။ ဘိက္ခုနံပိ၊ ထံတော်မျက်မှောက် ဖူးရောက်ကြ
ကုန်သော ရဟန်းတို့အားလည်း။ အဝေါစ၊ အင်္ဂါ
ရှစ်စုံ သံတော်ဂုဏ်ဖြင့် မွေးထုံကျူးချိ ဟောလေပြီ။
ဘော-မးရိသာ၊ ဘော်ရွှေတသင်း အိုသားချင်းတို့။
အဇ္ဇ-ဇမသ္မိံကာလေ၊ စည်းဝေးညီညာ ဤအခါ၌။
တေံသမ္မောဇ္ဈင်္ဂံ၊ရောဂါကင်းဝေး နတ်ဆေးမန္တရားနှင့်

တူသော ထိုဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကို။ ဂရုံကတွာ၊ ခြောက်ပါးအင်စုံ တရားဂုဏ်၌ အာရုံလေးမြတ် စွဲယူလတ်၍။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာနူးညံ့ ရွတ်ကြကုန်ဒံ့။

ဤကား ဗောဇ္ဈင် ၃-သုတ်၏ အမွှန်း ၄-ဂါထာ
မြန်မာယောဇနာနည်း

---

## ၆-ဗောဇ္ဈင်သုတ် ၃-မျိုးပါဠိအနက်

### ကဿပဗောဇ္ဈင်သုတ်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလိကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလိကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလိကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလိကတော

အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ ဝတ္တတိ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တ-တိ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာ-ယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

---

## မောဂ္ဂလာနဗောဇ္ဈင်သုတ်

သတ္တိမေ မောဂ္ဂလာန ဗောဇ္ဈင်္ဂါ မယာ သမ္မ-ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ

သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီ-ကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ-နာယ သံဝတ္တတိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-ဝတ္တတိ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော

အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-
ဝတ္တတိ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါခေါ မောဂ္ဂလာန မယာ
သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-
ဝတ္တတိ။

ဣမေ ခေါ မောဂ္ဂလာန သတ္တ ဗောဇ္ဈင်္ဂါ မယာ
သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိ-
ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

---

## ဗုဒ္ဓဗောဇ္ဈင်သုတ်

သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာ-
တာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗော-
ဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ

၁။ သတိ သမ္ဗောဇ္ဈင်္ဂါခေါဘန္တေ ဘဂဝတာ
သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံ-
ဝတ္တတိ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ ခေါ ဘန္တေ ဘဂဝ-
တာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီက-
တော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ
သံဝတ္တတိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနယ သံဝတ္တတိ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## ဗောဇ္ဈင်သုတ် ၃-မျိုး၏အနက်

ကဿပ၊ ခုတင်တရား ဆယ့်သုံးပါးကို မအားမ
လပ် ဆောက်တည်တတ်သည့် သားမြတ်ပုတ္တ ကဿပ။
သတ္တ၊ ရေတွက်ပိုင်းခြား ခုနစ်ပါးကုန်သော။ ဣမေ
ဗောဇ္ဈင်္ဂါ၊ သစ္စာလေးတန် သိရန် အကြောင်း
ကောင်းစွာပေါ်ထင် ဗောဇ္ဈင်ဟူကြသော ဤတရားတို့ကို။
မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတာ၊
ကောင်းစွာကွန့်မြူးဉာဏ်တန်းခိုးဖြင့် ထိုးထွင်း၍ သိအပ်
ကုန်ပြီ။ ဘာဝိတာ၊ ပစ္စဝေက္ခနာ ပညာဟူသော ဉာဏ်
တရားဖြင့် ပွားစေအပ်ကုန်ပြီ။ ဗဟုလီကတာ၊ ဝသီ
ငါးတန် ကြိမ်ဖန်မလပ် ပြုအပ်ကုန်ပြီ။ တေဗောဇ္ဈင်္ဂါ၊
ထိုဗောဇ္ဈင်တရားတို့သည်။ အဘိညာယ၊ ဝရဇိန်နွှန်း
ဘက် မဂ်အရဟတ္တ ဉာဏ်ဟူသော ဂုဏ်သတ္တိကြောင့်
ဗောဓိသမ္ဘာ ရင့်မာလွန်ကြူး ဉာဏ်အထူးဖြင့် ပုံ့ပျူး
စုံမြိုး ထိုထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆယ့်
ခြောက်ချက် အနက်မကွာ သစ္စာလေးပါး မြတ်တရား
ကို ပိုင်းခြားတိတိ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊
သံသရာ နှောင်အိမ် ပူရှိန်လောင်ပြင်း ဆင်းရဲခြင်းမှ
ကင်းလွတ်မကြာ ငြိမ်းစေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။
သတ္တ၊ ရေတွက်ပိုင်းခြား ခုနစ်ပါးကုန်သော။ တေ
ဗောဇ္ဈင်္ဂါ၊ သစ္စာလေးတန် သိရန်အကြောင်း ကောင်း
စွာပေါ်ထင် ဗောဇ္ဈင်ဟူကြသော ထိုတရားတို့သည်။ ကတ
မေ၊ အဘယ်သည်တို့နည်းဟူမူကား—

၁။ ကဿပ၊ ခုတင်တရား ဆယ့်သုံးပါးကို
မအားမလပ် ဆောက်တည်တတ်သည့် သားမြတ်ပုတ္တ

ကဿပ။ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ လောကီဥစ္စာ ရတနာတို့၏ ဖြစ်ရာ ရွှေသွား ရေထားစကြာ ပုံပမာသို့ ရတနာဓမ္မဟူသမျှကို တစမကြွင်း ယူဆောင်ကြဉ်း၍ ပျော်ခင်းအမှန် ပြည်နိဗ္ဗာန်သို့ ဝင်ရန်ရွှေသွား ဖြစ်လားတူဘိ သတိသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာကွန့်ဖြိုး ဉာဏ်တန်းခိုးဖြင့် ထိုးထွင်း၍သိအပ်ပြီ။ ဘာဝိတော၊ ပစ္စဝေက္ခနာ ပညာဟူသား ဉာဏ်တရားဖြင့် ပွားစေအပ်ပြီ။ ဗဟုလီကတော၊ ဝသီငါးတန် ကြိမ်ဘန်မလပ် ပြုအပ်ပြီ။ သောသတိသမ္ဗောဇ္ဈင်္ဂေါ၊ ထိုသတိသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက် မဂ်အရဟတ္တ ဉာဏဟူဘိ ဂုဏ်သတ္တိကြောင့် ဗောဓိသမ္ဘာ ရင့်မာ လွန်ကြူး ဉာဏ်အထူးဖြင့် ပုံ့ပျူး စုံဖြိုး ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက် အနက်မကွာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားတိတိ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ် ပူရှိန်လောင်ပြင်း ဆင်းရဲခြင်းမှ ကင်းလွတ်မကြာ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

၂။ ကဿပ၊ ဓုတင်တရား။ လ။ ကဿပ။ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဆဒ္ဒန်ဆင်ပျံ သဏ္ဌာန်ထင်ရှား ကြီးမားလှစွာ ပုံပမာသို့ ဓမ္မကာယ သမ္ဘန္ဓဂုဏ် ထုံအပ်ထင်ရှား ကြီးမားစွာလှ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ပြီ။ ဘာဝိတော၊ ပြီ။

ဗဟုလိကတော၊ ပြီ။ သော ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ထို ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်း ဘက်။ လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ ခြောက်ချက်။လ။ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။လ။ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ၏။

၃။ ကဿပ၊ ခုတင်တရား။ လ။ ကဿပ။ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ လျှပ်တပြက်ခြင်း သောင်းလုံးထွင်း၍ တို့နှင်းခေါက်မှိ ပြန်ရောက်ချိသည့် ဇာနည်မြင်းပျံ ပုံသဏ္ဌာန်သို့ လေး တန်အင်္ဂါ စုံညီညာကြောင့် လွန်စွာခွန်အား စွမ်းပ ကားရှိ ဝီရိယသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါ ဘုရားသည်။ သမ္မဒက္ခာတော၊ ပြီ။ ဘာဝိတော၊ ပြီ။ ဗဟုလိကတော၊ ပြီ။ သော ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ထိုဝီရိ ယသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက် ။လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ ခြောက်ချက်။ လ။ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။ လ။ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ၏။

၄။ ကဿပ၊ ခုတင်တရား။ လ။ ကဿပ။ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ လ ကွယ်သန်ခေါင် မိုယ်းမှောင်တိမ်ပုပ် တောအုပ်ဟူပြီ လေးလီရှက်ဆောင် အမိုက်မှောင်ကို လင်းပြောင်စေ ငြား ပတ္တမြားရတနာကဲ့သို့ ကိလေသာစစ် ကြေးညစ် ပယ်ရှင်း ဥာဏ်အချင်းကို လင်းစေရောင်ညီ ပီတိ သမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။

သမ္မဒက္ခာတော၊ ပြီ။ ဘာဝိတော၊ ပြီ။ ဗဟုလီကတော၊ ပြီ။ သော ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ထိုပီတိသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက်။ လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက်။ လ။ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။ လ။ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ၏။

၅။ ကဿပ၊ ဓုတင်တရား။ လ။ ကဿပ။ ခေါ၊ ကေန်မလွဲ အမြစင်စစ်လျှင်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ လေးဖြာခေတ်လွန် ပူပန်ကင်းပျောက် မြောက်ကျွန်းသူရတနာကဲ့သို့ နှစ်ဖြာခေတ်စိတ် ဝိပရိတ်မှန် ဘောက်ပြန်ချွတ်ယွင်း ပူအပြင်းမှ ကင်းလွတ်စေဘိ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ပြီ။ ဘာဝိတော၊ ပြီ။ ဗဟုလီကတော၊ ပြီ၊ သော ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက်။လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက်။ လ။ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။လ။ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ၏။

၆။ ကဿပ၊ ဓုတင်တရား။ လ။ ကဿပ။ ခေါ၊ ကေန်မလွဲ အမြစင်စစ်လျှင်။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ မင်း၏လိုခွင့် ပျံ့လွင့်ခြင်းကို ကင်းစေမနေး သူဌေးကြီးရတနာကဲ့သို့ များစွာအာရုံ ပျံ့ကြံမရှိ သမာဓိသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ပြီ။ ဘာဝိတော၊ ပြီ။ ဗဟုလီကတော၊

ပြီ။ သော သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ထိုသမာဓိသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက်။ လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက်။ လ။ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။လ။ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ။ ၏။

၇။ ကဿပ၊ ဓုတင်တရား။ လ။ ကဿပ။ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ လေးကျွန်းသေဌ်နင်း ခမည်းမင်းကို မှူခင်းကိစ္စ ဟူသမျှ၌ ကြောင့်ကြတမူ လျှစ်လျူစေပြီး သားကြီးရတနာကဲ့သို့ အားရုံအလုံး မမုန်းမချစ် ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ သမ္မဒက္ခာတော၊ပြီ။ ဘာဝိတော၊ပြီ။ ဗဟုလိကတော၊ပြီ။ သော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်သည်။ အဘိညာယ၊ ဝရဇိန်နှုန်းဘက်။ လ။ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက်။ လ။ ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်။လ။ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ၏။

ကဿပ၊ ဓုတင်တရား ဆဲ့သုံးပါးကို မအားမလပ်ဆောက်တည်တတ်သည့် သားမြတ်ပုတ္တ ကဿပ၊ ခေါ၊ ဧကန်မလွဲ အမြဲစင်စစ်လျှင်။ သတ္တ၊ ရေတွက်ပိုင်းခြားခုနစ်ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ သစ္စာလေးတန်သိရန်အကြောင်း ကောင်းစွာပေါ်ထင် ဗောဇ္ဈင်ဟူခြား ဤတရားတို့ကို။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။သမ္မဒက္ခာတာ၊ ကောင်းစွာကွန့်မြူး ဉာဏ်ဘန်းခိုး

ဖြင့် ထိုးထွင်း၍ သိအပ်ကုန်ပြီ၊ ဘာဝိတာ၊ ပစ္စဝေက္ခနာ ပညာဟူသား ဉာဏ်တရားဖြင့် ပွါးစေအပ်ကုန်ပြီ။ ဗဟုလိကတာ၊ ဝသီငါးတန် ကြိမ်ဘန်မလပ် ပြုအပ်ကုန် ပြီ။ တေ ဗောဇ္ဈင်္ဂါ၊ ထိုဗောဇ္ဈင်တရားတို့သည်။ အဘိ ညာယ၊ ဝရဇိန်နှုန်းဘက် မဂ်အရဟတ္တ ဉာဏဟူဘိ ဂုဏ်သတ္တိကြောင့် ဗောဓိသမ္ဘာ ရင့်မာလွန်ကြူး ဉာဏ်အထူးဖြင့် ပို့ပျူ စုံဖြိုး ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက် အနက်မ႑ာ သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားတိတိ ကောင်းစွာသိ ခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ် ပူရှိန်လောင် ပြင်း ဆင်းရဲခြင်းမှ ကင်းလွတ်မကြာ ငြိမ်းစေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဤကား ကဿပဗောဇ္ဈင်ပါဠိတော်၏ ယောဇနာ

မောဂ္ဂလာနဗောဇ္ဈင်သုတ်၌-မောဂ္ဂလာန၊ လက်ဝဲ တော်ပါးရှာန်တရားဖြင့်ထားအပ်ဌာနန်မောဂ္ဂလာန်။ ။ ဤမျှသာထူးသည်၊အကြွင်းကား ရှေးကဿပ ဗောဇ္ဈင် အနက်နှင့်တူ၏။ ။ဘုရားဗောဇ္ဈင်သုတ်၌လည်း-ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကြီးမား ရှင်ဘုရား။ ဘဂဝတာ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရားသည်။ ။ ဤမျှသာလျှင် ထူး၏၊ အကြွင်းကား ရှေးကဿပ ဗောဇ္ဈင်သုတ်အနက်နှင့် တူ၏။

ဤကား ဗောဇ္ဈင် ၃-သုတ်တို့၏ ယောဇနာ

# ၇-ဂုဏ်တော်အမွှန်း

၁။ ဇာတောပရိ သာရမဏ္ဍေ၊
ဒီပင်္ကရဿ သန္တိကေ။
ဗျာဒိတံ သမ္ဗုဒ္ဓိတ္တွာ၊
ဇာမသ္မိံ ဗုဒ္ဓဘာဝိတော။ ။

၂။ တဿ ဓမ္မဿ သံဃဿ၊
နန္ဒသုပိ ဂုဏာသုဝါ။
ဒွေ အတ္တေ ဝုဒ္ဓိတေသွေဝ၊
ဗုဒ္ဓုပ္ပါဒံဝ ဒုလ္လဘာ။ ။

၃။ ဒါနိ ဘော ပန သုလဒ္ဓါ၊
ပူဇေမ ဘိတ္တဝေမ တေ။
ဆန္ဒဝါဟိ သံခိပိတွာ၊
နမော ကရောမ တေဟိ ဝါ။ ။

## ရှင်းအနက်

ဇာတော၊ ငါးဆူဘုရား ထင်ရှားကျော်ထိတ် ပွင့်နိမိတ်ကြောင့် ဗြဟ္မဿရရာဇာ မဟာဗြဟ္မာမင်းတို့၏ နှုတ်ပညတ်ဘဒ္ဒကပ်တွင်လာ၍ကမ္ဘာမှ။ ဥပရိ၊ ကမ္ဘာတသိန်း တွက်ကိန်းသချေ ကပ်လေးထွေထက်။ သာရ-မဏ္ဍေ၊ သာရကပ်၊မဏ္ဍကပ်၊ဝရကပ်၊ သာရမဏ္ဍကပ်၊ ဘဒ္ဒကပ်သညာ ကမ္ဘာအပြား ပေါင်းငါးပါးတွင် တဏှင်္ကရာ၊သရဏင်္ကရာ၊မေဓင်္ကရာ၊ဒီပင်္ကရာဟု မြတ်စွာထွတ်ထား ဘုရားလေးဆူတို့ပွင့်ရာ သာရမဏ္ဍတွင်လာ ကပ်ကမ္ဘာ၌။ ဒီပင်္ကရဿ၊ နတ်အသုရာအကုန် ဂဠုန်နဂါး သကြားသုယာမ နတ်မင်းတို့သခင် ဘုရင့်

ထက်ဘုရင် ဒီပင်္ကရာ မြတ်စွာသေဌ်နင်း သုံးလူ့မင်း
၏။ သန္တိကေ၊ တရုဇ္ဇရှစ်ကွက် စက်ရတနာမျိုး ရောင်ပြိုး
ပြက်တဝင်းဝင်း တလင်းလင်းထွန်းပသော ခြေတော်
ရင်းဝယ်။ ဗျာဒိတံ၊ သူဌေးဌာနန် ရာခံရောက်ဆဲနှင့်
ခပဲများစွာ မဟာသမ္ပတ္တိကို ငဲ့ကြည့်တော်မမူဘဲ ပယ်
လွှဲရှောင်လှပ်၍ တောရပ်ခိုမှီ တပဿီဈာန်မွေ့ သုမေ
ဓာရသေ့ကြီး ဖြစ်တော်မူစဉ် ဒီပင်္ကရာ မြတ်စွာကျူးနှိပ်
ရွှေတံဆိပ်ကဲ့သို့ မိန့်ဗျာဒိတ်စာတမ်းကို။ သမ္ပဋိစ္ဆိတွာ၊
ဦးညွတ်ချီငေါ် ခံယူတော်မူ၍။ ဣမသ္မိံ-ကပ္ပေ၊ သင်္ချေ
လေးထပ် ကပ်တသိန်းလုံး ဖြည့်သုံးတော်မူအပ်သော
ပါရမီသုံးဆယ် စိန်မှုန်ပန်းကပ် မြဝတ်စုံခြယ်လှယ်သော
ဆင်စလွယ်ကဲ့သို့ သုံးသွယ်စရိယ စာဂတရား စွန့်ငါး
ပါးတို့ကို ဘုရားလျာတို့တံထွာ ကျင့်ရာပွားပြီး၍ သီး
ခြားပေါ်လာသော ဤဘဒ္ဒကပ်ကမ္ဘာ၌။ ဗုဒ္ဓဘာဝံ၊
ကကုသန်, ကောဏာဂုံ, ကဿပဘုရား သုံးပါးသော
နောင်ညီတို့ ဌာနီအောင်ခန်း ပြည်နန်းနိဗ္ဗာန် စံတော်
မူပြီးမှ မဟာသမ္မတမျိုး မင်းရိုးမပျက် ဆဲ့နှစ်ဆက်
မြောက်ခါဝယ် အာဒိစ္စဝံသ ခတ္တိယနွယ်စစ် ဥက္ကာ
ကရာဇ် မင်းမြတ်၏ သကျာဝတ ကုမာရ ဟူသော
နှုတ်သြဇာရွှေခွန်းကြောင့် ပုံ့မွန်းကျော်ရှိန်သော မျိုး
သာကီနွယ်ပြကတေ့မြတ်ဘုန်းဟော့လှသူဇာဗိမ္ဗာဒေဝီ
မဟေသီမြတ်ဖျား သောင်းရွှေလုံးထိပ်ထားနှင့် ခုနစ်
ရက်မြောက် ရောက်လတံ့သော အခါဝယ် လေးကျွန်း
သေဌ်နင်း မင်းတို့၏စည်းစိမ်များကို ပယ်ရှားစွန့်ခွါ၍
မဟာဗောဓိ သိရိဗုဒ္ဓဟော ရွှေပလ္လင်အောင်ခန်း၌

သော့သွမ်းသော မာရ်ခပဲတို့ကို အောင်ပွဲတော် ရပြီး လျှင် ပု-ဒိ-အာဟူသောဉာဏ် သုံးတန်သောဝိဇ္ဇာကို ညှဉ့်သုံးယံအခိုက်၌ ထိုက်သည့်အားလျော်စွာ ရသဖြင့် သဗ္ဗညုတဉာဏ် ဂုဏ်နန္တရာဇ် စင်စစ်ဘုရားအဖြစ်သို့။ ဇွတော၊ နှစ်သိန်းလေးသောင်း မြေပေါင်းနိုးနိမ့် ဖိမ့် ဖိမ့်ကြည်းဟီလျက် ဗုဒ္ဓဝင်ရွှေကျမ်း ဗျာဒိတ်တော်ခန်း စာတမ်းအညီ ရောက်လာပြီ။ ဘော-မာရိသာ၊ဘော်ရွှေ တသင်း အိုသားချင်းတို့။ ဗုဒ္ဓုပ္ပါဒံ၊ ဘုရားတို့၏ သစ္စာ မိုးရင့် ပွင့်တော်မူသောကာလကို။ ဒုလ္လဘာဝ၊ ကမ္ဘာ သန်ချေ ပျက်ကြေသြော်လဲ ရနိုင်ခဲ၏။ ဒါနိပန၊ ဘုရား ပွင့်လာ ဤအခါကား။ သုလဒ္ဓါ၊ မိစ္ဆာတရိုး အမျိုး ကင်းကွာသဖြင့် ကောင်းစွာရကုန်၍။ တဿဝါ၊ ထို မြတ်စွာဘုရား၏ရင်း။ ဓမ္မဿဝါ၊ အဘိဓမ္မာပိဋကတ် လာ ဓမ္မက္ခန္ဓာလေးသောင်းနှစ်ထောင်,သုတ္တန်ပိဋကတ် လာ ဓမ္မက္ခန္ဓာနှစ်သောင်းတထောင်, ဝိနည်းပိဋကတ် လာ ဓမ္မက္ခန္ဓာနှစ်သောင်းတထောင် ထုတ်ဆောင်ဟော အပ် ပရိယတ်နှင့်တကွ မဂ်လေးဝ, ဖိုလ်လေးတန် နိဗ္ဗာန်ထင်ရှား ကိုးပါးသော တရားတော်မြတ်၏ရင်း။ သံဃဿဝါ၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေး ယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော သင်္ဃာ တော် မြတ်၏ရင်း။ ဒွေ အတ္တေ၊ ဘုရား, တရား သင်္ဃာအားဖြင့် သုံးပါးမြတ်စွာ ရတနာ၌ သဒ္ဓါ ကွန့်မြိုး မြတ်နိုးချီငေါ် အာနုဘော် အစွမ်းကြောင့် ချမ်းသာငြိမ်းဧးလျက် နီးဝေး ကျော်ရှိန်သော အနာ ထပိဏ်သူဌေးကဲ့သို့ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသော

အကျိုးတို့ကို။ ပုဗ္ဗိတေ ဓေသ္သ၀၊ ကောင်းကင်မိုယ်းရေ တွေတွေယိုစီးသကဲ့သို့ ကြီးပွားစေတတ်သည်သာလျှင် ဖြစ်ကုန်သော။ ဂုဏာသု၊ ဂုဏ်တော်ပုဒ်တို့သည်။ အနန္တသုပိ၊ ရေတွက် ပိုက်ကျုံး မဆုံးနိုင် ကုန် သော်လည်း။ ဆနဝါဟိ၊ ခြောက်ပါး,ကိုးပါး ဟော ကြားတော်မူအပ်ကုန်သော ဂုဏ်တော်ပုဒ်တို့ဖြင့်၊ သံခိ ပိတ္ဝာ၊ မြရွက်ရှက်ဖုံး ရွှေပန်းကုံးကဲ့သို့ အကျဉ်းချုံး အုပ်၍။ တေဟိ၊ထိုဂုဏ်တော်ပုဒ်တို့ဖြင့်။တေ ဝတ္ထုတ္တ ယေ၊ထိုရတနာမြတ်သုံးပါးတို့ကို။ မယံ၊ငါတို့သည်။ ပူ ဇေမ၊လက်အုပ်ချီငေါ် ပူဇော်ကြကုန်အံ့။ အဘိတ္ထဝေ မ၊ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး ရွတ်သံများနှင့် အားရ,ရွှင် လန်း ချီးမွမ်းကြကုန်အံ့။ နမောဝါ၊ ရိုသေမြတ်နိုး ရှိခိုး ခြင်းကိုလည်း။ကာရောမ၊အာရုံမပျို ပြုကုန်အံ့။

ဂုဏ်တော်အမွှန်း ၃–ဂါထာအနက်ယောဇနာ

---

## ဂ-ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

### ဘုရားဂုဏ်တော် ၉–ပါး

သောဘဂ၀ါ ဣတိပိ အရဟံ၊ သောဘဂ-ဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သောဘဂဝါ ဣတိပိ သုဂတော၊ သောဘဂဝါ ဣတိပိ လောကဝိဒူ၊ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊ သောဘဂဝါ ဣတိပိ

ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဘဂဝါတိ
နဝဂုဏေဟိ တိလောကေ ဝန္ဒါမိ တံ သဒါ
တုလံ။

ဤကား ဘုရာ့ဂုဏ်တော် ၉-ပါးရှိခိုးနည်း

## ၎င်းအနက်

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစကာရေနာ၊ ဝါသနာဗျာကတမိုက် ဒုစရိုက်နှင့်တကွ သံကိလိဋ္ဌ ပါပညစ်ထေး ကင်းဝေးတော်မူခြင်း တည်းဟူသောဂုဏ်၊ တထောင့်ငါးရာ ကိလေသာဟူရန်သူအပေါင်းတို့ကို ကောင်းစွာမလပ် မဂ်လေးရပ် သန်လျက်ထားဖြင့် ခုတ်ဖြတ်ပယ်ရှားတော်မူခြင်း တည်းဟူသောဂုဏ်၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ညွတ်ပျောင်းကော်ရော် ပူဇော်ကြည်နူး ထူးသောအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူခြင်း တည်းဟူသောဂုဏ်၊ ဗာလအပေါင်း သူမကောင်းတို့ ပုန်းအောင်းကွယ်ကာ ဆိတ်ငြိမ်ရာ၌ ဆယ်ဖြာအမိုက် ဒုစရိုက်ကို နှစ်ခြိုက်မသွေ ပြုကျင့်လေသကဲ့သို့ ပရမေ မြတ်စွာ သမ္ဗုဒ္ဓါကား ဆိတ်ရာကွယ်အောင်း မကောင်းမှုကို ပြုကျင့်နှစ်ခြိုက် ထိုက်တော်မမူခြင်းတည်းဟူသောဂုဏ်၊ ခန္ဓာ-အာယတန ဓာတ်မှမဆိတ် ပဋိစ္စသမုပ္ပါဒ် ရဟတ်အလား ရထားပမာ သံသရာ၏ အဝိဇ္ဇာတည်း ဟူသောချက်, ဇရာမရဏတည်းဟူသောအကွပ်, ကုသိုလ်ကံ-အကုသိုလ်ကံတည်းဟူသော သင်္ခါရမှ စသည်ပိုင်းခြား ဆယ်ပါးကုန်သော အကန့်တို့ကို ပယ်သန့် ယှဉ်

မှီး ဖျက်ဆီးခြင်းတည်းဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ အရဟံ၊ အရဟမည်တော်မူ၏။

၂။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာတိပိ-ဇာမိနာစ ကာရဏာန၊ လူနတ်ပြဟ္မာ သတ္တဝါတို့၌ လွန်စွာပြန့်ပွါး သနားကြင်နာတော်မူခြင်း တည်းဟူသော မဟာကရုဏာတော်မြတ်ကဲ့သို့ သင်္ခါရ,ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးအမှန် ဉေယျဓံကို သမန္တစက္ခု သဗ္ဗညုတ မည်ရကျော်လိုင်း ဉာဏ်ကရိုဏ်းဖြင့် အလိုရှိတိုင်းပင် သိမြင်တော်မူခြင်း တည်းဟူသောဂုဏ်၊ ရှည်လျားလှစွာ သံသရာ၌ ဝါသနာနှင့်တကွ မောဟနှိပ်နင်း ပြင်းစွာသော အိပ်ပျော်ခြင်းမှ သန့်ရှင်းထူးမြတ်သော အရဟတ္တမဂ်ဉာဏ်သို့ မဘောက်မပြန် အမှန် ရောက်သဖြင့် ထောက်ပင့်မကူ သယမ္ဘူစင်စစ် ဖြစ်လာမြဲခိုင် ကိုယ်တိုင်ရှင်ဖြိုး နိုးတော်မူခြင်းတည်း ဟူသောဂုဏ်၊ နေအရုဏ်လင့် အချိန်သင့်၍ ပွင့်ခြင်းရှက်ဆို ကြာပဒုံကဲ့သို့ မွေးထိုထူးမြတ် အရဟတ္တမဂ်ဉာဏ် ဂုဏ်မာန် လိုက်ဆူ ဥဏှဂူနှင့် ပကတူအကြောင်း ပေါင်းရသဖြင့် သဗ္ဗညုတ ဉာဏပဒုံ ဝတ်မှုန်ပုံ့သင်း ပွင့်ခြင်းသို့ ရောက်တော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာတိပိ-ဇာမိနာစ ကာရဏာန၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခု၊

ဉာဏ်,အာသဝက္ခယဉာဏ်တည်းဟူသောဝိဇ္ဇာ ၃-ပါး၊ ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, အာသဝက္ခယဉာဏ်, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်တည်းဟူသော ဝိဇ္ဇာရှစ်ပါး ဉာဏ်တရားတို့နှင့် မချို့ကိုလုံ ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ်၊ ရူပါဝစရ စတုကဈာန် ဤလေးတန်နှင့် သီလသံဝရ,ဣန္ဒြိယဂုတ္တ, ဘောဇနမတ္တညု, ဇာဂရိယာနုယောဂ, သဒ္ဓမ္မတရား ခုနစ်ပါးလုံး ပေါင်းရုံးတကွ စရဏတရား ဆယ့်ငါးပါး နှင့် ပွားများကိုလုံ ပြည့်စုံတော်မူခြင်း တည်းဟူသော ဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဝိဇ္ဇာ စရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

၄။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊လူတို့ဆိုညွှန်း ခြောက်ခွန်းစကား ထိုအပြားတွင် တရားကေန် ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူမိုလ် မနာလိုသောစကား, တရားဧကန် ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူမိုလ် နာလိုသော စကား ထင်ရှားကောင်းမွန် ဤနှစ်တန်ကိုသာ အင်္ဂါ ရှစ်စုံ သံတော်ဂုဏ်နှင့် မွေးထုံပျံ့သင်း ရွှေခံတွင်းတော် မြတ်ဖြင့် ကျူးရင့်တော်မူခြင်း တည်းဟူသောဂုဏ်၊ ရွှေဘုံအမတ အောင်ဌာနသို့ ကြွတော်မူခြင်း တည်း ဟူသောဂုဏ်၊ ဒီပင်္ကရာ မြတ်စွာကျူးနှိပ် ဗျာဒိတ် တော်အရနှင့် လို့လမသွေ သချေင်္လေးထပ် ကပ် တသိန်းလုံး ဖြည့်သုံးပါရမီ စုံညီကောင်းစွာ သမ္မာပဋိ ပတ် အကျင့်မြတ်ဖြင့် လူနတ်ပြဟ္မာ သတ္တဝါတို့အား

ချမ်းသာစေမှုပြုတော်မူလျက် သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး,အတ္တကိလမထာနုယောဂ-ကာမ သုခလ္လိကာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး ဤလေးပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာလျှင် ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏။

၅။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာတိပိ-ဇာမိနာစ ကာရဏေန၊ ဤသို့သတ္တလောက, သင်္ခါရလောက, ဩကာသ လောက, ကိလေသာလောက, ဘဝလောက, ဣန္ဒြိယလောက တည်းဟူသောလောက ခြောက်ပါးတို့ကို ပိုင်းခြားတိတိ မြင်သိတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

၆။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိပိ-ဇာမိနာစ ကာရဏေန၊ ဤသို့ လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် ဆတက်လွန်ကြူး အထူးသဖြင့် မြင့်မြတ်တော်မူ သယမ္ဘူအစစ် ဖြစ်တော်မူ၍ အယူသော့သွမ်း ကြမ်းထမ်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောက်ျား, နတ်ယောက်ျား, တိရစ္ဆာန်ယောက်ျားတို့ကို တရားအမြိုက်တိုက်ကျွေး ဆုံးမညွှန်ပြ ပေးတော်မူသဖြင့် ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

၇။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းမြစ်ထာ ကောင်းရာတိုက်တွန်း ပြည့်နှုန်းဆုံးမတော်မူခြင်းတည်းဟူသောဂုဏ်၊ ဝတ်မွတ်ခိုးသူ ရေမှုခန်းပြတ် ကိုက်သတ်သားရဲ ခရီးခဲမှန် ဤလေးတန်မှ မဟလ္လကဟူ လူခပင်းတို့ကို အကြွင်းမဲ့အောင် ထုတ်ဆောင်ကြည်နူး ကုန်သည် မှူးကဲ့သို့ ထူးကဲလှစွာ ဇာတိဇရာ ဗျာဓိမရဏ စသည်ခဲပဲ ခရီးခဲမှ ဩဘ်လဲမသာ သတ္တဝါအလုံးကို သိမ်းရုံးလွယ်ကူ ပြည်နိဗ္ဗူသို့ ထုတ်ယူဆောင်ပို့တော်မူခြင်း တည်း ဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

၈။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစကာရဏေန၊သမုဒယ,ဒုက္ခ,နိရောဓ,မဂ္ဂသစ္စာအားဖြင့် လေးပါးကုန်သော သစ္စာတရားတို့ကို လေးပါးမင်္ဂဉာဏ် ချိန်မာနဘဏ်ဖြင့် ဘောက်ပြန်မရှိ သိနိုင်တော်မူခြင်း တည်းဟူသောဂုဏ်၊ နတ်လူဗြဟ္မာ သတ္တဝါတို့ ဖြစ်လာပုံယင် ခန္ဓာအစဉ်၌ ကပ်ယှဉ်တဏှာ အဝိဇ္ဇာဟု နှစ်ဖြာဝဋ်မြစ် တရားညစ်ကို နုတ်ပစ် ပယ်ရှားတော်မူခြင်း တည်းဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

၉။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဒါနသီလ စသည်မလပ် တရားမြတ်တို့၏ အထွတ်အထိပ်သို့ စိတ်တော်လွန်

မြောက် ရောက်တော်မူခြင်း တည်းဟူသော ဘုန်းတော်ဂုဏ်၊ ရာဂဒေါသ မောဟဟူပြီး သူလျှောင်ကြီးတို့ကို ဖျက်ဆီးတော်မူခြင်း တည်းဟူသောဂုဏ်၊ ကိုယ်တော်ကိုတမူ အကျူမှုခန့်မယှဉ်း ဘန်ဆင်းနိုင်ခြင်း စသည်တို့၌ အစိုးရတော်မူခြင်း ရှစ်ပါးဟု ဆိုအပ်သော ဣဿရိယတန်းခိုးတော်, မဂ်ဖိုလ်ရှစ်သွယ် လေးဆယ်ဝိမုတ် လောကုတ္တရာတရား တည်းဟူသော ဓမ္မတန်းခိုးတော်, လောကသုံးပါး၌ ထင်ရှားကျော်ကြားတော်မူခြင်း တည်းဟူသော ယသတန်းခိုးတော်, သုံးဆဲ့နှစ်ဖြာ လက္ခဏာတော်ကြီးတသွယ် ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် သပ္ပါယ်တော်မူခြင်း အသရေတော်တည်းဟူသော သိရီတန်းခိုးတော်, အတ္တပရ ဟိတနှစ်ပါး ပွားများမောက်မို အလိုတော်ရှိတိုင်း အလိုင်းတကြီး ပြီးစေနိုင်ခြင်း တည်းဟူသော ကာမတန်းခိုးတော်,လူသုံးပါးတို့၏ ညွှတ်တွားရှိသေရာ ဆရာအဖြစ်ကို စင်စစ်မသွေ ပြီးစေနိုင်ခြင်း သမ္မာဝါယာမ တည်းဟူသော ပယတ္တတန်းခိုးတော် ထင်ပေါ်ကျော်ဟိုး တန်းခိုးခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ်၊ ပရမတ်ပညတ် နှစ်ရပ်သော တရားအစွမ်းကို ခွဲခြမ်းဝေဘန်တော်မူခြင်း တည်းဟူသောဂုဏ်၊ လောကီလောကုတ် ဥတ္တရိမနုဿဓမ္မကို လုံ့လမစဲ မှီဝဲတော်မူခြင်း တည်းဟူသောဂုဏ်၊ သံသရာခရီး ယှဉ်မှီးသွားကြောင်း မကောင်းမက်မောတဏှာဇောကို နစ်နောဘန်ဘန် ပျို့အန်သွန်ထွေး၍ ဘေးမရှိမှန် နိဗ္ဗာန်ပြည်နန်းသို့ ကြွမြန်းတော်မူခြင်း

တည်းဟူသောဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

ဣတိ-ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန်မာနဘက်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့်တုဘက်အပ်သော သူလည်းမဟုတ်, နှိုင်းရှည့်တုဘက်အပ်သောသူလည်း ရှိတော်မမူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း၊ ဝန္ဒာမိ၊ ဥါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

ဤကား ဘုရားဂုဏ်တော် ၉-ပါး သရုပ် အနက်

---

## ၉-တရားဂုဏ်တော် ၆-ပါးပါဠိအနက်

### တရားဂုဏ်တော် ၆-ပါး

သွာက္ခာတော ဘဂဝတာဓမ္မော၊သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ ဆဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

ဤကားတရားဂုဏ်တော် ၆-ပါး ရှိခိုးနည်း

### ၎င်းနက်

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယောဓမ္မော၊ အကြင်ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ် တရားတော်ကို။သွာက္ခာတော၊ အတ္တပဒခြောက်ပါး, ဗျဉ္ဇနပဒခြောက်ပါး, အာဒိကလျာဏ, မဇ္ဈေကလျာဏ,

ပရိယောသာနကလျာဏတည်းဟူသော ကလျာဏသုံးပါးနှင့်တကွ ငါးပါးသောလက္ခဏာဂုဏ် ပြည့်စုံတော်မူသည်ဖြစ်၍ ဖြူနစ်ရောင်လင်း ခရုသင်းသဘွယ် စင်ကြယ်သော အကျင့်မြတ်ကို ပြအပ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ရှင်လန်းသာမော ဟောတော်မူအပ်၏။ သောဓမ္မော၊ ထိုပရိယတ္တိတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယောဓမ္မော၊ အကြင်မဂ်လေးပါးတရားတော်ကို။ သွာက္ခာတော၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ပါပသမုတ် အယုတ်တရား ဤနှစ်ပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် ကျင့်မြတ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ခွဲခြမ်းနစ်နော ဟောတော်မူအပ်၏။ သောဓမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယောဓမ္မော၊ အကြင်ဖိုလ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကိလေသာဟူ ရန်သူခပ်သိမ်း ငြိမ်းလေပြီဟု ကျူးချီသာမော ဟောတော်မူအပ်၏။ သောဓမ္မော၊ ထိုဖိုလ်လေးပါးတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယောဓမ္မော၊ အကြင်နိဗ္ဗာန်ထင်ရှား မြတ်တရားကို။ သွာက္ခာတော၊ အမြဲမသေ့ မသေမပြောင်း ပုန်းအောင်းခိုမှီအစစ် ဂုဏ်အနှစ်ဖြင့် ဘွင့်လှစ်သာမော ဟောတော်မူအပ်၏။

သောခမ္မော၊ ထိုနိဗ္ဗာန်ထင်ရှား မြတ်တရားသည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

၂။ ယောခမ္မော၊ အကြင်မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ထင်ရှား ကိုးပါးသော တရားတော်ကို။ သန္ဒိဋ္ဌိကော၊ ဖလဋ္ဌာန်မည်ဆို ဖိုလ်ပုဂ္ဂိုလ်တို့သည် ဤသို့ဘော်ထုတ် လောကုတ်တရား ထိုကိုးပါးမှ တပါးယုံကြည် ဆောက်တည်စရာ မရှိပါဟု ပစ္စဝေက္ခနာမှန်ဉာဏ်အစွမ်းဖြင့် စွဲလမ်းမြဲခိုင် ကိုယ်တိုင်နစ်နေသဘောမလပ် ရှုမြင်အပ်၏။သောခမ္မော၊ ထိုလောကုတ်တရား မြတ်ကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူ၏။

၃။ ယောခမ္မော၊ အကြင်မဂ်လေးပါးတရားတော်သည်။ အကာလိကော၊ မိမိ၏အနန္တရ၌ နိသံသမျိုး ဖိုလ်အကျိုးကို ကွန့်မြူးမနှေး ပေးပေတတ်၏။ သောခမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ အကာလိကော၊ အကာလိက မည်တော်မူ၏။

၄။ ယောခမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားသည်။ ဧဟိ ပဿိကော၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာတင်ထား ပတ္တမြားကဲ့သို့ရင်း, ဆီးနှင်းမြူတိမ် သူရိန်မီးခိုး မှောင်မျိုးမစွန်း လပြည့်ဝန်းကဲ့သို့ရင်း ညစ်ကြေးမတင် ဖြူစင်သန့်ရှင်း၍ ခပင်းများစွာ လူဗိုလ်ပါကို လာလှည့်ရှုလှည့် ဟူသောအစီရင်ကို လျှင်စွာအမှန် ခံတော်မူထိုက်၏။သောခမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဧဟိပဿိကော၊ ဧဟိပဿိက မည်တော်မူ၏။

၅။ ယောဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားသည်။ ဩပနေယိကော၊ ဘာဝနာခန်း ဉာဏ်အစွမ်းဖြင့် စီးဖြန်းမဆိတ် စိတ်၌မလပ် ကပ်၍မကင်း ယူဆောင်ခြင်းကို အပ်နှင်းသိမ်းပိုက် ထိုက်တော်မူ၏။ သောဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဩပနေယိကော၊ ဩပနေယိကမည်တော်မူ၏။

၆။ ယောဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားကို။ ဝိညူဟိ၊ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ စိတ်နှလုံး၌ ယူကျုံးပိုက်ဖြား ကောင်းစွာထား၍ ခံစားမလပ် ရှုမှတ်အပ်၏။ သောဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ပစ္စတ္တံဝေဒိတဗ္ဗ မည်တော်မူ၏။

ဣတိ-ဣမေဟိ ဆ ဂုဏေဟိ၊ ဤသို့ပိုင်းခြားခြောက်ပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ပြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့်တုဘက်အပ်သော တရားလည်းမဟုတ်, နှိုင်းရှည့်တုဘက်အပ်သော တရားလည်း ရှိတော်မမူထသော။ တံဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

ဤကား တရားဂုဏ်တော် ၆-ပါးသရုပ်အနက်

# ၁၀-သံဃာဂုဏ်တော် ၉-ပါး ပါဠိအနက်

## သံဃာဂုဏ်တော် ၉-ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော၊ ဥဇုပ္ပဋိပန္နောဘဂဝတော သာဝက-သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝ-ကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ-ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ဧသ ဘဂ ဝတော သာဝကသံဃော ပါဟုနေယျော၊ ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော၊ ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလိက-ရဏီယော၊ ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ နဝဂု-ဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

ဤကား သံဃာဂုဏ်တော် ၉-ပါးရှိခိုးနည်း

## ၎င်းအနက်

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက သံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ် ယောက်သည်။ သုပ္ပဋိပန္နော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန် မြွက်ဘော် တရားတော်အား သင့်လျော်မှီကပ် မလပ် ဩော်လဲ ကျင့်ယူဆဲလည်း ဖြစ်တော်မူ၏၊ ဖြူစင်ကွန့်မြူး ဖိုလ်အကျိုးလည်း ရှိတော်မူ၏။ ဧသ-သော သာဝက

သံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္နမည်တော်မူ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယောသာဝက သံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ သုံးဖြာဒွါရ ယင်းမူလ၌ ပါပညစ်ကျုံ ကာယကံနှင့် ဝစီကံမနော ကံသဘောကို ဆေးကြောပယ်လှပ်၍ ဖြောင့်မတ်သောအကျင့်ကိုလည်းကျင့်တော်မူတတ်၏၊ သေ-သော သာဝက သံဃော၊ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နမည်တော်မူ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးကွန့်ဖြိုးစေကြောင်း ကောင်းမြတ်လှစွာ ဝိပဿနာဘူတ အနုဓမ္မကို တစမလပ် ကျင့်တော်မူတတ်၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိ ပန္နော၊ ဉာယပ္ပဋိပန္နမည်တော်မူ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယောသာဝက သံဃော၊ အကြင်တပည့်သံဃာ အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမိစိပ္ပဋိပန္နော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကောင်းစွာနှစ်ခြိုက် ရှိသေထိုက်အောင် ကျင့်ဆောင်တော်မူတတ်၏။ သေ-သော သာဝက သံဃော။ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်

သည်။ သာမိစိပ္ပဋိပန္နော၊ သာမိစိပ္ပဋိပန္န မည်တော်မူ၏။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယဒိဒံ-ယာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးယောက်ကုန်သော ယောကျ်ားအစုံတို့သည်။အဋ္ဌပုရိသပုဂ္ဂလာ၊ယောကျ်ား ပုဂ္ဂိုလ်ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော-ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ အာဟု နေယျော၊ အဝေးမှဆောင်ယူ၍ ပူဇော်လှူအပ် ပစ္စည်းရပ်ကို မလပ်သိမ်းပိုက် ခံယူထိုက်သည်၏အဖြစ်ကြောင့်။ အာ ဟုနေယျော၊ အာဟုနေယျမည်တော်မူ၏။

၆။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော-ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ပါဟုနေယျော၊ စတုဒိသာ ရပ် မျက်နှာမှ ရောက်လာရောရှ အာဂန္တုအား ရည်မှတ် သား၍ ထားအပ်ကြည်ဖြူ များအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏အဖြစ်ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျမည်တော်မူ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သော-ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဒက္ခိဏေယျော၊ ရည်မှတ် ကြည် ဖြူ ပေးအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူသည် ၏ အဖြစ်ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျမည် တော်မူ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ အဉ္ဇလိကရဏီယော၊ လက်အုပ်စုံမြိုး ရှိခိုးဝပ်စင်း ရှိသေခြင်းကို မယွင်းဧကန် ခံတော်မူ ထိုက်သည်၏ အဖြစ်ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိရဏီယ မည်တော်မူ၏။

၉။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ လောကဿ၊လူနတ်ပြဟ္မာ သတ္တဝါ အပေါင်း၏။အနုတ္တရံပုညက္ခေတ္တံ၊ သဒ္ဓါစေ့မျိုး စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းသဘွယ် အကယ်စင်စစ် ဖြစ်တော်မူသည်၏အဖြစ်ကြောင့်။ အနုတ္တရံ ပုညက္ခေတ္တံ၊ အနုတ္တရံပုညက္ခေတ္တမည်တော်မူ၏။

ဣတိ-ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊လူနတ် ပြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသော ပညာဖြင့် နှိုင်းရှည့်တဘက်အပ်သော သူလည်းမဟုတ်, နှိုင်းရှည့် တဘက်အပ်သောသူလည်း ရှိတော်မမူထသော။ တံ အရိယသံဃံ၊ ထိုအရိယာ သံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊အခါခပ်သိမ်း။ ဝန္ဒာမိ၊ဒွါရသုံး သိ စုံညီမြတ်နိုး ရှိခိုးပါ၏။

ဤကား သံဃာဂုဏ်တော် ၉-ပါး သရုပ်အနက်

## ၁၁-ဝိပဿနာဥာဏ် ၁၀-ပါးအမွှန်း

၁။ အနမတဂ္ဂသံသာရေ သဒါ၊
ဘယာဒိကိလ္လေသေဝ အဘူတာဘူတာ။
သဗ္ဗေ တာဝ ပုနပုနာဝတ္တာ၊
ခေမံ ယာဝစ နဂမိဿန္တေ။ ။

၂။ ဘယာဒိကိလ္လေသေပိ တတောဝ ဆေတွာ၊
ပဒန္တ တုတြိံ သဇ္ဇနာပိ ပါရံ။
ဗဟုံ ဗဟုနော အရိယာ ဟိ တေသံ၊
နိဗ္ဗာနသောပါနမဟာဝိမုက္ခံ။ ။

၃။ တံ တံ မဂ္ဂဖလမဂ္ဂံ၊
လက္ခဏာဉာဏာဘာဝနံ။
အဋ္ဌ သံဝေဂစိတ္တံဝ၊
ဘော ဘာဝေတွာ ဘဏာမတံ။ ။

### ၎င်းအနက်

သဗ္ဗေ—အသေသသော၊ ကြွင်းမဲ့လုံးစုံ ခပ်သိမ်းကုန်သော။ အဘူတာဘူတာ၊ ရုပ်ကိုယ်ခန္ဓာမဲ့ ချို့တဲ့သောအား မထင်ရှားကုန်သော စတုဝေါကာရ အရူပသတ္တဝါ, ရုပ်ကိုယ်ခန္ဓာများ ဖြစ်သောအားဖြင့် ထင်ရှားကုန်သော ပဉ္စဝေါကာရ ကာမရူပသတ္တဝါ, ဧကဝေါကာရ အသညသတ် သတ္တဝါတို့သည်။ ယာဝစ—ယတ္တကံ ကာလံ၊ အကြင်ရွေ့လောက် မျက်မှောက် ထင်ထင် သစ္စာတရား မြတ်လေးပါးကို ပိုင်းခြားကုန်စင် မမြင် သမျှကာလပတ်လုံးလျှင်။ ခေမံ—အဘယံ၊ ဘေးမရှိမှန် မြတ်နိဗ္ဗာန် သောင်ကမ်းသို့။ နဂမိဿန္တေ၊ ကူးသန်း

ထုတ်ချောက် မရောက်ရကုန်သေး။ တာ၀-တဗ္ဗကံ ကာလံ၊ ထိုသို့ ကူးသန်း ထုတ်ချောက် မရောက်သမျှ ကာလပတ်လုံးပင်။ သဒါ-သဗ္ဗကာလံ၊ ဖြစ်ပျက် ကြုံလာ အကမ္ဘာဘာ အခါခါတိုင်း။ ဘယာဒိကိစ္စ္စဝ၊ ဘ၀အထူးထူး ပြောင်းကူးဘောက်ပြန် ပဋိသန်မကင်း ဆင်းရဲခြင်းဟုဆိုအပ်သော ဇာတိဒုက္ခ, ထင်ရှား မထင်ရှားသောအားဖြင့် နှစ်ပါးရုပ်ကိုယ် အိုရခြင်း တည်းဟူသော ဇရာဒုက္ခ,မန္ဒာဒိဋ္ဌ စသည်ဆယ်ပါး အပြားအားဖြင့် ဘောက်ပြားရွတ်ယို အိုခြင်းတည်းဟူသော ဝယဒုက္ခ,ကိုးဆဲ့ခြောက်ဖြာ ရောဂါခပင်း နှိပ်စက်ခြင်း တည်းဟူသော ဒုက္ခဒုက္ခ, အာယုသက်တမ်း မလှမ်းမဆက် အသက်နှင့်ကိုယ် တိုပျက်ရခြင်းတည်းဟူသော ဝိပရိဏာမဒုက္ခ, နာမ်ရုပ်အသက် သုံးချက်ခဏာငယ် လွယ်ကူပြုန်းတီး ပျက်စီးရခြင်းတည်းဟူသော သင်္ခါရဒုက္ခ,လယ်ယာကိုင်းလုပ် မူဆိုးတံငါ မင်းမှာခညောင်း လူအပေါင်းနှင့် ရောင်းဝယ်ဖောက်ကား ကုန်ကစားသူတို့၏ ဆူလှယ်မပျက် အသက်မွေးရန် ရှာကြံရခြင်း တည်းဟူသော ပရိယေသနဒုက္ခ, မချစ်သသူ လူနှင့်တကွ ပေါင်းဘော်ရခြင်းတည်းဟူသော အပ္ပိယသမ္ပယောဂဒုက္ခ, ချစ်သသူနှင့်ပေ အတူမနေ ကွေကွင်းရခြင်းတည်းဟူသော ပိယဝိပ္ပယောဂဒုက္ခ, သမ္မုတိခဏာ-သမုစ္ဆေဒအားဖြင့် သုံးပါးသေသေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ, ဆာလောင်မွတ်သိပ် အဆိပ်နှင့်မြွေ မီးရေလက်နက်အားဖြင့် ခုနစ်ပါးသော သေခြင်းဟုဆိုအပ်သော မရဏဒုက္ခ, သလိပ် သည်းခြေ

လေး တြိဒေါသ အာဟာရဥတု ပက္ကမ ဝိပါကအား ဖြင့် ရှစ်ပါးသောသေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ, ငရဲ တိရစ် ပြိတ္တာအသုရကာယ် အပါယ်လေးပါးတို့၌ ကြီးမားသော ဆင်းရဲခြင်းဟု ဆိုအပ်သော အပါယ ဒုက္ခ, ဩကာသလောက ဘဝနှောင်အိမ်၌ ပူရှိန်မစဲ ဆင်းရဲအစုံစုံ အပုံပုံအခန်းခန်း ဘေးဘျမ်းအပေါင်း တို့သည် ကောင်းစွာရောနှောက်၍ ထက်အောက် ချောက်ချားလျက် ဘမ်းစားနှိပ်စက်ရာ ဖြစ်သော။ အနမတဂ္ဂသာဂရေ၊ အစအမြိတ် စွန်းရိပ်မထင် မမြင် တိမ်မြုပ်သော သမုဒ်အဏ္ဏဝါ သံသရာရေကြော၌။ ပုနပ္ပုနာဝတ္တာ၊ ရှောင်တခင်ခင် စုတ်စုတ်ငင်ဝင်မျော၍ ပေါလောကြိမ်ဘန်နှင့် မရဏာသန် ဇောငါးတန် ကြွေပျက်သဖြင့် ကြောက်မက်လန့်ဘွယ် ကျယ်လောင် လောင်ဟစ်ကြွေးလျက် သေဘေးကြီးကိုယ်စီ ရောက် ကုန်ပြီ။ သဇ္ဇနာပိ၊ ဧ၂-ဖြာ မိစ္ဆာစွဲရှိ များဒိဋ္ဌိနှင့် ကပ်ငြိပါသဏ္ဍာ ထိုမှတသွန် ငါးပါးမာရ်ကို လုပ်ကြိ အောင်မြင် ဘုရားရှင်တည့် ခမ္မဇ္ဇရ သုံးလောကမျက် မှန် သယမ္ဘူဦး အမှူးလည်း ရှိတော်မူကုန်သော။ ဗဟုံဗဟုနော၊ အဂ္ဂမဟာ ငယ်စွာပကတိ ရှုနိသုံးပါး သရုပ်အားဖြင့် များမြတ်ကုန်သော။ အရိယာ ဟိ- အရိယာပန၊ သူတော်မြတ်စွာ အရိယာပုဂ္ဂိုလ်တို့ သည်ကား။ တေ ဘယာဒိကိစ္စောပိ၊ ထိုသမုဒ်အဏ္ဏ ဝါ သံသရာရေကြော၌ ရောနှော ချောက်ချားလျက် ဘမ်းစားနှိပ်စက်ကြကုန် အပုံပုံအခန်းခန်း ဘေးဘျမ်း အပေါင်းတို့ကိုလည်း။ ဆေတွာဝ၊ သမုစ္ဆေဒပဟာန်

မင်္ဂလေးညာဏ် သန်လျက်ထားဖြင့် ပယ်ရှားခုတ်ထွင် ၍သာလျှင်။ တတော၊ ထိုသမုဒ်အဏ္ဏဝါ သံသရာဒရေ ကြောမှ။ ပါရံ-ဝါဋ္ဌပုဂ္ဂတီရံ၊ ထောက်မှီစွဲလမ်းရာ သောင်ကမ်းသဘွယ်ဖြစ်သော။ ပဒန္တံ၊ ဘေးမရှိမှန် မြတ်နိဗ္ဗာန်သောင်ကမ်းသို့။ ဥတ္တြိံ၊ ကူးမြောက်စုံညီ ရောက်ကုန်ပြီ။ ဘော-မာရိသာ၊ ဘော်ရွှေတသင်း အို သားချင်းတို့။ အဇ္ဇ-ဣမသ္မိံ ကာလေ၊ စည်းဝေးညီညာ ဤအခါ၌။ တေသံ၊ ထိုသူတော်မြတ်စွာ အရိယာပုဂ္ဂိုလ် တို့၏၊ နိဗ္ဗာနသောပါနမဟာဝိမုက္ခံ၊ ဝိမောက္ခထုံး နိဗ္ဗာန်သောင်ဦးသို့ ကူးရောက်ရာလမ်းကြောင်း မြ စောင်းတန်းရွှေပြာသာဒ် တံခါးမြတ်သဘွယ်လည်းဖြစ် ထသော။ တံတံမဂ္ဂဖလမဂ္ဂံ၊ထိုထိုတသင်း ရန်ခပင်းတို့ ပျောက်ကင်းမြုပ်တိမ်၍ ချမ်းငြိမ်းသာမော မင်္ဂဖိုလိ ဇောရှစ်အင် တန့်နားပျော်စံရာ စခန်းခွင်သို့ ရောက်ဝင် ရာစင်စစ် နတ်လမ်းမသဘွယ်လည်း ဖြစ်ထသော။ တံ လက္ခဏာညာဏဘာဝနံ၊ ထိုင်ပဿနာညာဏ် ဆယ်တန် ဆင့်ပွားဖြစ်အင်များကို။ သံဝေဂစိတ္တံဝ၊သူငါတို့ ကိုယ် ခန္ဓာ သံသရာရေကြော မျောအံ့သောအရေး၌ ဘေး ဘျမ်းကြီး ရောက်သကဲ့သို့ ကြောက်လှသော သံဝေဂ စိတ်ကိုသာလျှင်။ ဘာဝေတ္ဂာ၊ မိစ္ဆာကင်းကွာ ညာဏ် ပညာဖြင့် ကောင်းစွာထင်ရှား ပွါးစေကုန်၍။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာနှုန်းညီ ရွတ်ကုန်အံ့။

ဤကား ဝိပဿနာညာဏ် ၁၀-ပါး အမွှန်းအနက်

## ၁၂-ခန္ဓာငါးပါး၌သုံးသပ်ဆင်ခြင်ရန် ဝိပဿနာဉာဏ် ၁၀-ပါး

### (၁) သမ္မသနဉာဏ်

ဣဒံ မေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံဒူရေသန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဧဝံ သမ္မသနံ သမ္မသနဉာဏံ။

အယံ မေ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဧဝံ သမ္မသနံ သမ္မသနဉာဏံ။

အယံ မေ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဧဝံ သမ္မသနံ သမ္မသနဉာဏံ။

ဣမေ မေ သင်္ခါရာ အတီတာနာဂတ-
ပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ
ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ
ယေဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန
အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ
အသာရကဋ္ဌေန အနိယာမရဋ္ဌေန အဝသဝတ္တန-
ဋ္ဌေန အနတ္တာ။ ဇဝံ သမ္မသနံ သမ္မသနေဉာဏံ။
ဣဒံ မေ ဝိညာဏံ အတီတာနာဂတ-
ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ
ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံဒူရေ
သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စံ၊ဘယ-
ဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အ-
နိယာမရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ။ ဇဝံ
သမ္မသနံ သမ္မသနေဉာဏံ။

[ဤကား ခန္ဓာငါးပါး၌ သုံးသပ်ဆင်ခြင်ခြင်း
သမ္မသနဉာဏ်ဖြစ်ပုံ။]

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊ ရုပ်၏ ခဏတ္တယသို့ ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲ ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော ရုပ်သည်ဇင်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်သန္တာန်၌ ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော ရုပ်သည်ဇင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်,မြင်း,ကျွဲ,နွား သား,မြေး,ခွေးရှံ အပသန္တာန်၌ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော ဇာနိန္ဒြိယဗဒ္ဓ, အနိန္ဒြိယ ဗဒ္ဓရုပ်သည်ဇင်း။ မေ၊ ငါ၏။ ဩဠာရိကံ၊ ဝတ္ထုအာရုံ

ထိခိုက်ပုံကြောင့် ဖြစ်ကြီထူးဆန်း ကြမ်းထမ်းရှန့်ရင်း
သော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာတည်းဟူသော
စက္ခာယတန စသည်အပြား ၁၂-ပါးသော ရုပ်သည်
ဂုဏ်း။ မေ၊ ငါ၏။ သုခုမံ၊ ဝတ္ထုအာရုံ မဟုတ်ပုံကြောင့်
ဖြစ်ကြီမဆန်း မကြမ်းထမ်းသော။ ယံရူပံဝါ၊ အကြင်
ရူပက္ခန္ဓာတည်းဟူသော ဣတ္ထိန္ဒြိယ စသည်အပြား
၁၆-ပါးသောရုပ်သည်ဂုဏ်း။ မေ၊ ငါ၏။ ဟီနံ၊ ကိုယ်
စိတ်မသန့် ယုတ်ညံ့သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ
တည်းဟူသော အနိဋ္ဌရုပ်သည်ဂုဏ်း။မေ၊ ငါ၏။ပဏီတံ၊
ကိုယ်စိတ်ကြည်ညို အလိုရှိအပ် မြတ်သောဣဋ္ဌရုပ်
သည်ဂုဏ်း။ မေ၊ ငါ၏။ ဒူရေ၊ သုခုမရုပ် သဘောဟုတ်၍
မချမထင် မမြင်နိုင်သေး ခက်ခဲရေးကြောင့် ဝေးသည်ဟု
ဆိုအပ်သော။ယံရူပံဝါ၊အကြင်ရူပက္ခန္ဓာတည်းဟူသော
ဣန္ဒြိတ္ထိယ စသည်အပြား ၁၆-ပါးသောရုပ်သည်ဂုဏ်း။
မေ၊ ငါ၏။ သန္တိကေ၊ ဩဠာရိကရုပ် ဗျူပွတ်ထူးဆန်း
ကြမ်းထမ်းခြင်းကြောင့် စွဲလမ်းထင်ထင် အမြင်ရည်သီး
နီးသည်ဟု ဆိုအပ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ
တည်းဟူသော စက္ခာယတန စသည်အပြား ၁၂-ပါး
သောရုပ်သည်ဂုဏ်း။အတ္ထိ၊ထင်ရှားပကတိရှိ၏။ ဣဒံရူပံ၊
ဤရုပ်အပေါင်းသည်။ ခယဋ္ဌေန၊ ရွေ့လျော့ဘောက်လဲ
ပျောက်စဲတတ်သော သဘောကြောင့်။ ဝယဋ္ဌေန၊
ခန်းခြောက်ပြုန်းတီး ပျက်စီးတတ်သောသဘောကြောင့်။
အနိစ္စံ၊ အတည်အစွဲ အမြဲမရှိ။ ဘယဋ္ဌေန၊ ခြိမ်း
သစ်ကျား ဘေးရန်များနှယ် ကြောက်မက်ဘွယ်ဖြစ်
သော သဘောကြောင့်။ ပိဠနဋ္ဌေန၊ နှိပ်စက်ညှဉ်းပန်း

နွမ်းနယ်စေတတ်သော သဘောကြောင့်။ ဒုက္ခံ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲ၏။ အသာရကဋ္ဌေန၊ အနှစ်မရှိ ပူတီညစ်ကြေး ပုပ်ဆွေးတတ်သော သဘောကြောင့်။ အနိဿရဋ္ဌေန၊ စိုးရင်လွှမ်းမိုး အစိုးမရသော သဘောကြောင့်။ အဝသဝတ္တနဋ္ဌေန၊ လိုရာလိုရပ် မလိုက်တတ်သော သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုယ်မဟုတ်ချေ။ ဧဝံ၊ ဤသို့။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နာ။ ခန္ဓာတ္တယသို့ ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲ ဖြစ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာတည်းဟူသော ဝေဒနာ ၃-ပါး,ဝေဒနာ ၅-ပါးသည်ဧင်း။ မေငါ၏။ အဇ္ဈတ္တံ၊ ကိုယ်သန္တာန်၌ဖြစ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာတည်းဟူသော ဝေဒနာ ၃-ပါး, ဝေဒနာ ၅-ပါးသည်ဧင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်မြင်းကျွဲနွား သားမြေးခြွေရံ အပသန္တာန်၌ ဖြစ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော ဝေဒနာ ၃-ပါး, ဝေဒနာ ၅-ပါးသည်ဧင်း။ မေ၊ ငါ၏။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းထမ်းသော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော အကုသိုလ်ဝေဒနာ ၃-ပါး, ကုသိုလ် အကုသိုလ် ဝေဒနာ ၃-ပါး,ရုန့်ရင်းကြမ်းထမ်းသော ဒုက္ခဝေဒနာ ၂-ပါး, သုခဒုက္ခဝေဒနာ ၄-ပါး, သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ဝေဒနာ, အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်သော ဝေဒနာသည်ဧင်း။ မေ၊ ငါ၏။ သုခုမာ၊

သိမ်မွေ့နူးညံ့သော။ ယာ ဝေဒနာဝါ၊ အကြင် ဝေဒနာက္ခန္ဓာတည်းဟူသော ကုသိုလ်အဗျာကတ ဝေဒနာ ၃-ပါး ၄-ပါး,အဗျာကတသာ ဖြစ်သော ဝေဒနာ ၃-ပါး ၄-ပါး, သုခ ဥပေက္ခာဝေဒနာ ၃-ပါး, ဥပေက္ခာသာ ဖြစ်သောဝေဒနာ ၁-ပါး, သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ, အာသဝေါတရား ၄-ပါးတို့၏ အာရုံမဖြစ်သော ဝေဒနာသည်၎င်း။မေ၊ ငါ၏။ ဟီနာ၊ ယုတ်ညံ့သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော ဩဠာရိက ဝေဒနာသည်၎င်း။ မေ၊ငါ၏။ ပဏီတာ၊ မွန်မြတ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော သုခုမဝေဒနာသည်၎င်း။ မေ၊ ငါ၏။ ဒူရေ၊ ကုသိုလ် အကုသိုလ်အဗျာကတ ဝေဒနာတို့၏၎င်း, သုခဒုက္ခ ဥပေက္ခာဝေဒနာတို့၏၎င်း, သမာပန္န အသမာပန္နဝေဒနာတို့၏၎င်း, သာသဝ အနာသဝ ဝေဒနာတို့၏ ၎င်း ဇာတိဖြစ်ခရေး မတူသေးကြောင့် ဝေးသည်ဟုဆိုအပ်သော။ ယာ ဝေဒနာဝါ၊အကြင်ဝေဒနာက္ခန္ဓာတည်းဟူသော ကုသိုလ် အကုသိုလ်အဗျာကတ ဝေဒနာ, သုခဒုက္ခ ဥပေက္ခာဝေဒနာ, သမာပတ်ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ ဝေဒနာ, အာသဝေါ တရား ၄-ပါးတို့၏ အာရုံဖြစ် မဖြစ်သော ဝေဒနာသည်၎င်း။ မေ၊ ငါ၏။ သန္တိကေ၊ ကုသိုလ် အကုသိုလ်အဗျာကတ ဝေဒနာတို့၏ ၎င်း, သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့၏၎င်း, သမာပန္န အသမာပန္န ဝေဒနာတို့၏ ၎င်း, သာသဝ အနာသဝ ဝေဒနာတို့၏၎င်း ဇာတိသ

ဘော တူနေ့ောရည်သီး၍ နိုးသည်ဟု ဆိုအပ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာတည်းဟူသော ကုသိုလ် အကုသိုလ် အဗျာကတ ဝေဒနာ, သုခ ဒုက္ခဥပက္ခာဝေဒနာ, သမာပတ်ဝင်စား မဝင်စားကုန် သော ပုဂ္ဂိုလ်တို့၏ဝေဒနာ,အာသဝေါတရား ၄-ပါးတို့ ၏ အာရုံဖြစ် မဖြစ်သော ဝေဒနာသည်ဝှင်း။ အတ္တိ၊ ထင်ရှားပကတိ ရှိ၏။ အယံ ဝေဒနာ၊ ဤဝေဒနာ အပေါင်းသည်။ ခယဓမ္မေန၊ ရွေ့လျော ဘောက်လဲ ပျောက်စဲတတ်သော သဘောကြောင့်။ ဝယဓမ္မေန၊ ခန်းခြောက် ပြုန်းတီး ပျက်စီး တတ်သော သဘော ကြောင့်။ အနိစ္စာ၊ အတည်အစွဲ အမြဲမရှိ။ ဘယဓမ္မေန၊ ခြင်္သေ့ သစ်ကျား ဘေးရန်များနှယ် ကြောက်မက်ဘွယ် ဖြစ်သောသဘောကြောင့်။ ပီဠနဓမ္မေန၊နှိပ်စက်ညှဉ်းပန်း နှမ်းနယ်စေတတ်သော သဘောကြောင့်။ ဒုက္ခာ၊ငြိုငြင် ဆင်းရဲသည်းခံနိုင်ခဲ၏။ အသာရကဓမ္မေန၊အနှစ်မရှိ ပူတိ ညစ်ကြေးပုပ်ဆွေးတတ်သောသဘောကြောင့်။အနိဿ ရဓမ္မေန၊စီရင်လွှမ်းမိုး အစိုးမရသော သဘောကြောင့်။ အဝသဝတ္တနဓမ္မေန၊လိုရာလိုရပ် မလိုက်တတ်သော သ ဘောကြောင့်။ အနတ္တာ၊ငါဟုသမုတ် ကိုယ်မဟုတ်ချေ။ ဧဝံ၊ဤသို့။သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မ သနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။

မေ၊ငါ၏။အတီတာနာဂတပစ္စုပ္ပန္နာ၊ ခဏတ္တယသို့ ရောက်ပြီး,ရောက်လတံ့,ရောက်ဆဲဖြစ်သော။ ယာ သ ညာဝါ၊ အကြင်သညာက္ခန္ဓာ တည်းဟူသော သညာ သည်ဝှင်း။ မေ၊ငါ၏။ အဇ္ဈတ္တံ၊သော။ ယာ သညာဝါ၊

သည်၎င်း။ မေ၊ငါ၏။ဗဟိဒ္ဓါ၊ သော။ ယာ သညာဝါ၊
သည်၎င်း။မေ၊ငါ၏။ဩဠာရိကာ၊သော။ ယာသညာဝါ၊
အကြင်သညာက္ခန္ဓာတည်းဟူသော ပဋ္ဌါရိကသညာ,
အကုသိုလ်သညာ,ကုသိုလ်အကုသိုလ်သညာ,ဒုက္ခဝေဒ
နာနှင့်ယှဉ်သောသညာ, သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်
သောသညာ, သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ သ
ညာ,အာသဝေါတရားလေးပါးတို့၏ အာရုံ ဖြစ်သော
သညာသည်၎င်း။ မေ၊ငါ၏။သုခုမာ၊သော။ယာသညာ
ဝါ၊အကြင်သညာက္ခန္ဓာတည်းဟူသောမနော္ဒါရိက သ
ညာ,ကုသိုလ်အဗျာကတသညာ, အဗျာကတသာ ဖြစ်
သောသညာ,သုခဥပေက္ခာဝေဒနာတို့နှင့်ယှဉ်သော သ
ညာ,ဥပေက္ခာဝေဒနာနှင့်သာယှဉ်သောသညာ, သမာ
ပတ်ဝင်စားသော ပုဂ္ဂိုလ်၏သညာ, အာသဝေါတရား
လေးပါးတို့၏ အာရုံမဖြစ်သောသညာသည်၎င်း။ မေ၊
ငါ၏။ဟီနာ၊သော။ယာ သညာဝါ၊အကြင်သညာက္ခန္ဓာ
တည်းဟူသော အကုသိုလ်သညာ, ကုသိုလ်အကုသိုလ်
သညာ,ဒုက္ခဝေဒနာနှင့်ယှဉ်သောသညာ,သုခဒုက္ခ ဝေ
ဒနာတို့နှင့်ယှဉ်သောသညာ, သမာပတ်မဝင်စားသော
ပုဂ္ဂိုလ်၏သညာ,အာသဝေါတရားလေးပါးတို့၏ အာရုံ
ဖြစ်သောသညာသည်၎င်း။ မေ၊ငါ၏။ပဏီတာ၊သော။
ယာ သညာဝါ၊အကြင်သညာက္ခန္ဓာတည်းဟူသော ကု
သိုလ် အဗျာကတသညာ, အဗျာကတသာဖြစ်သော သ
ညာ, သုခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သောသညာ,
ဥပေက္ခာဝေဒနာနှင့်သာယှဉ်သောသညာ, သမာပတ်
ဝင်စားသောပုဂ္ဂိုလ်၏ သညာ,အာသဝေါတရား လေး

ပါးတို့၏အာရုံမဖြစ်သောသညာသည်ရှင်း။ မေငါ၏။ ဒုရေ၊ ကုသိုလ် အကုသိုလ် အဗျာကတသညာတို့၏ရှင်း သုခဒုက္ခဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သော သညာတို့၏ရှင်း, သမာပန္နအသမာပန္နသညာတို့၏ရှင်း, သာသဝအနာသဝသညာတို့၏ရှင်း ဇာတိဖြစ်ရေးမတူသေးကြောင့် ဝေးသည်ဟုဆိုအပ်သော။ ယာသညာဝါ၊ အကြင်သညာကွန္တာတည်းဟူသော ကုသိုလ် အကုသိုလ် အဗျာကတသညာ, သုခဒုက္ခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သောသညာ, သမာပတ်ဝင်စားမဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏သညာ, အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ် မဖြစ်သောသညာသည်ရှင်း။ မေငါ၏။ သန္တိကေ၊ ကုသိုလ်အကုသိုလ်အဗျာကတသညာတို့၏ရှင်း, သုခဒုက္ခဥပေက္ခာဝေဒနာတို့နှင့်ယှဉ်သော သညာတို့၏ရှင်း,သမာပန္န အသမာပန္နသညာတို့၏ရှင်း, သာသဝအနာသဝသညာတို့၏ရှင်း ဇာတိသဘော တူနှော ရည်သီး၍ နီးသည်ဟုဆိုအပ်သော။ ယာသညာဝါ၊ အကြင်သညာကွန္ဓာတည်းဟူသော ကုသိုလ်အကုသိုလ်အဗျာကတသညာ, သုခဒုက္ခဥပေက္ခာ ဝေဒနာတို့နှင့်ယှဉ်သောသညာ, သမာပတ်ဝင်စား မဝင်စား ကုန်သော ပုဂ္ဂိုလ်တို့၏သညာ, အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်မဖြစ်သောသညာသည်ရှင်း။ အတ္ထိ၊ ထင်ရှားပကတိရှိ၏။ အယံ သညာ၊ ဤသညာအပေါင်းသည်။ ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စာ၊ မရှိ။ ဘယဋ္ဌေန၊ ကြောင့်။ ပီဠနဋ္ဌေန၊ ကြောင့်။ ဒုက္ခာ၊ ခဲ၏။ အသာရကဋ္ဌေန၊ ကြောင့်။ အနိဿရဋ္ဌေန၊ ကြောင့်။

အဝသဝတ္တနဒ္ဓေန၊ ကြောင့်။ အနတ္တာ၊ ချေ။ ဝေံဉ်သို့။ သမ္ဗသနံ၊ သည်။ သမ္မသနဉာဏံ၊ မည်၏။

၃။ တေသု သော ဉာဏပဉ္စာနေ၊
အဒေသိ ဒါနိ ဟေဋ္ဌိမေ။
သိလာသနေ တိ နိသိန္နော၊
ဒေဝဒေဝေါ ဘဏာမ ဘော။ ။

## ရင်းအနက်

ဒေဝဒေဝေါ၊တဝန်းတလျားကို ပိုင်ကားစိုးရသော မဏ္ဍလိသဃရာဇာ,တစိတ်တဖြာကို အာဏာလက်ရှိုး ပိုက်ကျုံးသော ပဒေသရာဇာ,မင်းနှစ်ပါးတို့ ပျော်စံရာ တိုင်းနှစ်ဖြာတို့၏အကြား နှစ်ရွာ သုံးရွာများကို စိုးရခြားနားသော အန္တရဘောဂိကရာဇာ,ကျွန်းငယ် ပတ်ခြီ ရံငါးရာအသီးသီး ကျွန်းကြီးတခရိုင်ကို စိုးပိုင်သော ဧကရာဇာ,ကျွန်းငယ်ရံဆောင် နှစ်ထောင်နှင့် တကွ လေးဒီပခရိုင် နိုင်ငံတော်အလုံး၌ နှုန်းမရှိသော စက္ကဝတ်ရာဇ်န္တော ပေါင်းလေးဖြာမင်းနရိန် ရာဇရာဇ်နှ် ဟုဆိုအပ်သော သမ္မုတိဒေဝ,ခြောက်ဒေသနတ်အကုန် ဗြဟ္မာတို့ဘုံရှေ၌ ဥပပါတ်နတ်တို့မှာ ဥပပတ္တိဒေဝ, မည်နာမဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်တော်မူခဲ့သည့် ကိလေသမာရ်၏ ဘေးရန်မရှိကုန်သော ရဟန္တာဟူသမျှတို့မှာ ဝိသုဒ္ဓိဒေဝဟု တွင်နွတ္တသညာဖြင့် ကြော်ငြာသံညံမစဲ လေရှင့် လူသုံးပါးတို့၏အမြဲတေ မြတ်ခေါင်ထိစိန္တေ

မှာ သုံးဒေဝမကိုဋ်ပန်း ဦးတိုက်ရာဂုဏ်ကြွင်းရှိတော်မူ သောကြောင့် ဒေဝဒေဝေါဟု သုံးလောကအပေါ်မှာ နှုတ်မင်္ဂလာ ရိုသေစွာကော်ရော်လျက် ပူဇော်တော်မူ ထိုက်ပေရှင့်။ ဣတိ၊ ဤသို့ထုတ်ဘော် ချီငေါ၍ မကုန်နိုင် သော။ သောဇိနေ၊ ထိုမြတ်စွာဘုရားသည်။ သုတ္တန္တေ၊ သုတ္တန် မည်မှတ် ပိဋကတ်၌။ ဧကဒုဒ္ဒသသဟဿ ဓမ္မက္ခန္ဓာနိ၊ နှစ်သောင်းတထောင် ထုတ်ဆောင်ဒေသ နာ ဓမ္မက္ခန္ဓာတို့ကို။ ဒယာဉာဏပဋ္ဌာနော၀၊ မဟာကရု ဏာ, သဗ္ဗညုတဉာဏ် နှစ်တန်ပြဋ္ဌာန်း၍သာလျှင်။ ဝိန ယေ၊ ဝိနည်းမည်မှတ် ပိဋကတ်၌။ တထာ၊ ထိုတူမပြား ဟောကြား ထုတ်ဆောင် နှစ်သောင်း တထောင်ကုန် သော ဓမ္မက္ခန္ဓာတို့ကို။ ကာရုညပဋ္ဌာနော၀၊ ဥဒါယီ ထေရိန္န် ရှင်သုဒိန်တို့ကဲ့သို့ မငြိမ်ကျင့်နည်း ရှေ့နား တော်ပင်ရင့်သီးသော်လည်း သနားတော်မြတ် ကြီးလှ သည်ဖြစ်၍။ အဒေသိ၊ သာယာကျူးချီ ဟောလေပြီ။ တေတ္တိံ သဘာဝနေ၊ သုံးကျိပ် သုံးပါး သကြားတို့ ပျော်စံရာ တာဝတိံသာ နတ်ပြည်၌။ သိလာသနေ၊ တာယူဇနာ တရာစွင့်စွင့် ဖြိုးဖြိုးလွှင့်သော ကာသစ် ပင်မင်း၏ အရင်း စကြာမင်း၏ အာနုဘော် ဘုန်း သမ္ဘာ တော်ကြောင့် ပေါ်လာ ထင်ရှားသော အ လျား ယူဇနာငါးဆယ် ထုတာဆယ့်ငါးယူဇနာ သင်္ချာ ဂဏန်းရှိလျက် ယန္တရားစက်တို့ဖြင့် ကြိတ်ညက်သော လဲဝါကွမ်း၏ပမာ နူးညံ့လှစွာသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌။ နိသိန္နော၊ ထက်ဝယ်တင့်တယ် စံ ပယ်တော်မူ၍။ အဘိဓမ္မေ၊ အဘိဓမ္မာမည်မှတ် ပိဋကတ်

၌။ ဒွိစတုဒ္ဒသ သဟဿေ၊ လေးသောင်း နှစ်ထောင်
များမြောင်လှစွာ ဓမ္မက္ခန္ဓာတို့ကို။ ဉာဏဉက္ကဋ္ဌော၊သဗ္ဗ
ညုတ ဉာဏထွတ်ခေါင် ဥဏှာဂုရောင် တန်ဆောင်ဆီ
မီး ပြောင်ညီးညီးကို ကြီးမှူးစွာ ပြု၍သာလျှင်။ ခေါ-
ကေန္တေနာ၊အာဒိကလျာဏ စသည်မကင်း ကောင်း
ခြင်းသုံးဖြာ လက္ခဏာနှင့်တကွ ဝဒန္တပုဂ္ဂိုလ် ရွတ်ဆို
မဆုံး တလုံးသော ဝဏ္ဏဟုဆိုအပ်သော အက္ခရာ,ရွတ်
ဆုံးပြီးနှောင်း အပေါင်းအက္ခရာဟုဆိုအပ်သော ပဒ,
ပုဒ်အပေါင်းဝါကျဟုဆိုအပ်သော ဗျဥ္ဇန,ဝါကျဗျည်းကို
တဖန်ဝေဘန်သောအား နောက်ပွားမှာ အာကာရ,
အာကာရကိုတဆင့် ဘွင့်ဆိုအပ်သော ဝိဂ္ဂြိုဟ်တည်းဟူ
သောနိရုတ္တိ, နိရုတ္တိကိုတသွယ် အကျယ်ချဲ့ခြင်းနိဒ္ဒေသ
အားဖြင့် ခြောက်ပါးသောသဒ္ဒါ၊ အက္ခရာဟောထွက်
အကျဉ်းနက်ဟုဆိုအပ်သော သံကာသန, ဝိဝရဏတွ စ
သည်မပျက် နောက်လေးနက်တို့၏ ရှေးဦးစွာ ပုဒ်သဒ္ဒါ
ဟော နက်သဘောဟုဆိုအပ်သော ပကာသန,ဗျဥ္ဇန
ဟောထွက် အကျယ်နက်ဟုဆိုအပ်သော ဝိဝရဏ,
အာကာရသဒ္ဒါ ဟောရာမကင်း ဝေဘန်ခြင်းအနက်ဟု
ဆိုအပ်သော ဝိဘဇ္ဇန,နိရုတ္တိသဒ္ဒါ ထင်စွာဟောမြွက်
ဝိဂ္ဂြိုဟ်နက်ဟု ဆိုအပ်သော ဉတ္တာနိကမ္မ, နိဒ္ဒေသဟူ
သဒ္ဒါမှုကား နတ်လူဝေနေ ဗိုလ်ခြေတို့၏စိတ်နှလုံး ပြုံး
ကြွ ထင်ရှားအောင် အထူးထူး အပြားပြား ဟော
ကြားခြင်းအနက်ဟု ဆိုအပ်သော ပညတ်အားဖြင့်
ခြောက်ပါးသောအနက် ယင်းသို့မိန့်ရှိ နေတ္တိကျမ်းလာ
ဆဲ့နှစ်ဖြာကုန်သော သဒ္ဒါနက်တို့ဖြင့် မပျက်စုံလင်၍

ထက်ဝန်းကျင်လုံး ဒေသနာအဆုံးတိုင်အောင် စုရုံး၍တခဲနက် ဖြူလက်ရောင်ဝင်း ခရုသင်းပွတ်သစ်နှင့်တူစွာ ဒေသနာတော်ဂုဏ်သနစ် စင်စစ်အားဖြင့်သာလျှင်။ အဒေသိျ၊ သဉ္စာယာကျူးချိ ဟောလေပြီ။ ဘော-သဟာယကာ၊ ဘော်ရွေတသင်း အိုသားချင်းတို့။ ဒါနိ-ဣဒါနိ၊ စည်းဝေးညီညာ ဤအခါ၌။ တေသု၊ ထိုအဘိဓမ္မာမည်ဆန်း ခုနစ်ကျမ်းတို့တွင်။ ဉာဏပဋ္ဌာနေ၊ သဗ္ဗညုတဉာဏ် တရုံမကင်း ပြဋ္ဌာန်းခြင်းရှိကုန်သော။ ဟောဋ္ဌိမေ၊ ပဋ္ဌာန်းဒေသနာ အခါမရောက် အောက်အောက်၌ဖြစ်ကုန်သော ဓမ္မသင်္ဂဏီ,ဝိဘင်း, ဓါတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်-အားဖြင့်ခြောက်ပါးကုန်သော အဘိဓမ္မာကျမ်းတို့ကို။ မယံ၊ငါတို့သည်။ သုဋ္ဌု၊ ဒေါသမောဟ လောဘတဏှာ ရာဂမပွား အသင့်အားဖြင့်။ ဘဏာမ၊ သဉ္စာယနာနှုးညှိ ရွတ်ကုန်အံ့။

ဤကား အဘိဓမ္မာ အောက် ၆-ကျမ်းအမွှန်း၏ယောဇနာ

[အဘိဓမ္မာစာသားကိုကား ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓါတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်ကျမ်းတို့မှထုတ်ယူ ကျက်မှတ်၍ ရွတ်ဘတ်ကြလေကုန်။]

---

## ၁၇-ပဋ္ဌာန်းအမွှန်း

၁။ မဟာဉာဏသာဂရိန္ဒော၊
ဝသေ သာဂြေသု သတ္တမေ။
မာတရံ ပမုခံ ကတွာ။
နယသာဂြ မဒေသယိ။ ။

၂။ တိဒသဒ္ဓိ သိလာသနေ၊
ဆရဒ္ဓိယော ပဝတ္တိတံ။
ဘဏာမ ဉဏာပဗ္ဗာနံ၊
တံ ဒါနိ တေသု ဘော ဝသံ။ ။

ရှင်းအနက်

မဟာဉာဏသာဂရိန္ဒေ၊ သချေ်လေးထပ် ကပ်တသိန်းလုံး ဖြည့်သုံးကျင့်ညီ ပါရမီတော်မြတ် ကြမ္မာနတ် ဘန်သတော်မူသောကြောင့် ဗောဓိ ညောင်ရွှေဗုဒ္ဓဟေအောက်မှာ ပေါက်လာ ထင်ရှားသဖြင့် သကြားပရမေသွာရ လောကေသ ဂိုဏ်းရပ်၌ ဗြဟ္မာနတ်အပေါင်းတို့ ရှုံးပေါင်းစီမံ ဘန်ဆင်းသော်လည်း မနိုင် ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့်လည်း ရာမျှတူပြိုင် မဆိုင်ရာသော အတိစိတြ အပရာဇိတ ရွှေပလ္လင်အောင်ခြေမြမင်္ဂလာ၌ သင်္ခါရ, ဝိကာရ, လက္ခဏာ,မှန်နိဗ္ဗာန်,ပညတ်အားဖြင့် ပိုင်းခြားဉေယျ ဓမ္မငါးအင်ကိုကုန်စင်မကျန် ဉာဏ်တော်မြင်သိ စွမ်းနိုင်၏ရှင့် ယင်းသို့စိန္တိ ဂုဏ်အရှိကြောင့် ဒိရိသေလာ စက္ကဝါတောင်ကမ်း ချစ်သန်းဝန်းခြံသော သမုဒ်လေးစုံ၌ အမွှန်ဝါရီ ရေဒီလှိုင်းစီစီနှင့် ပြည့်ညီရေပေါင်း ရှစ်သောင်းလေးထောင် နက်ချောင်ကျယ်ဝန်းသော ပမာကဲ့သို့ ဤမျှဤ၍သာ စွမ်းလေ့မျိုး ဖြစ်ရိုးတန္တိ အ ရှိ သကားဟု အများပဏ္ဍိတ် ရွှေတံဆိပ်ဘွဲ့ ပုရောဟိတ်တို့ ဉာဏ်စက္ခုဖြင့် ရှုမြင်ပိုင်းခြား မတတ်အားသော သဗ္ဗညုတဉာဏ် မဟာဉာဏ သာဂရနက်စံကို ဆန္ဒတော်ရှိ သမျှ အစိုးရတော်မူသောကြောင့် မဟာဉာဏ-သာဂ

ရှိန္တမည်တော်မူသော မြတ်စွာဘုရားသည်။ သတ္တမေ ဝသော၊ ခြောက်ဝါအလွန် ခုနစ်ဝါမြောက် ရောက် တော်မူသောအခါ၌။ မာတရိပမုခံ ကတ္တာ၊မာယာဒေဝီ မဟေသီမြတ်ဖျား သာကီယဆွေတော်ပေါင်း ရှစ် သောင်းကျော်တို့ ထိပ်ခေါင်ထား၏ ဘုရားမယ်တော် ဖြစ်လိုသော်သို့ ရည်ရော် တမ်းကာ ဆုပတ္တနာဖြင့် ကမ္ဘာတွက်ကိန်း သိန်းပါရမီ ဖြည့်ညီဆည်းပူး ဂုဏ် ကျေးဇူးကို ကြည်နူးနှစ်ခြိုက်တော်မူ သဖြင့် မွေးမြူ သိမ်းပိုက် နို့ဘိုးထိုက်ကို အမြိုက်သုဓာ ဘိဓမ္မာနက် လေး နတ်ပွဲဝင်ရွှေစင်အသပြာကြေးကို ဆပ်ပေအံ့ငှါ တုသိတာနတ် ပြည်မြတ်ပျော်စံသော သန္တုသိတ မည် ရထင်ပေါ် မြတ်မယ်တော်ဟု ချီးငေါ်မိခင် ကျေးဇူးရှင် ကို မြော်တင်ရည်စူး အစမူး၍။ တိဒသဝ္ဖံ သိလာ သနေ၊ သုံးကျိပ်သုံးပါး သကြားနတ်တို့ပျော်စံရာ တာ ဝတိံသာနတ်ပြည်တော်မြတ်ဝယ် ပါရိစ္ဆတ္တက ကောဝိ ဋာရဟု နာမတန်းခွန် ကျော်ဇုန်ပျံ့ရှားလျက် အလျား ယူဇနာ တရာစွင့်စွင့် ဖြိုးဖြိုးလွှင့်လွှင့် မိုးမိုးမြင့်သော ကသစ်ပင်မင်း၏အရင်း သကြားမင်း၏ အာနုဘော် ဘုန်းသမ္ဘာတော်ကြောင့် ပေါ်လာထင်ရှားသော အ လျား ယူဇနာငါးဆယ် ထုတဆဲ့ငါးယူဇနာ သချာ ဂဏန်းရှိလျက် ယန္တရားစက်တို့ဖြင့် ကြိတ်ညက်သော လဲဝါကွမ်း၏ပမာ နူးညံ့လှစွာသော ပဏ္ဍုကမ္ဗလာ မြ ကျောက်ဖျာထက်၌။ ဝသံ-ဝသန္တော၊ ထက်ဝယ်တင့် တယ် စံပယ်တော်မူ၍။ သာဂြေသု၊ သံသာရသာဂရ, ဇလသာဂရ, နယသာဂရ, ဉာဏသာဂရ အားဖြင့်

လေးပါး ကုန်သော သာဂရတို့တွင်။ ဉာဏပဋ္ဌာန်း၊ သဗ္ဗညုတဉာဏ် တရံမကင်း ပြဋ္ဌာန်းခြင်း ရှိသော။ နယသာဂြ၊ သမုဒ်ရေဒှမ်း ပြည့်နက်လျှမ်းကို ကွမ်းစားခွက်ဆိုင် မဝေဘန်နိုင်သကဲ့သို့ ဆုံးတိုင်မဒို ဂုဏ်ဂမ္ဘီ့ကြောင့် နယသာဂရ မည်ရသည်ဤ ခုနစ်လီသော အဘိဓမ္မာတန္တီကို။ အဒေသယီ၊ သာယာကျူးချီ ဟောလေပြီ။ ဘော-သဟာယကာ၊ ဘော်ရွှေတသင်း အိုသားချင်းတို့။ ဒါနိ-ဣဒါနိ၊ စည်းဝေးညီညာ ဤအခါ၌၊ တေသု၊ ထိုနယသာဂရ နာမမည်ဆန်း အဘိဓမ္မာခုနစ်ကျမ်းတို့တွင်။ ဆရသို့ယော၊(၁) လက္ခဏာတော်ကြီးငယ် ဆန်းတကြယ်တို့ဖြင့် သပ္ပါယ်တော်မူလှသော ရွှေကိုယ်တော်မြတ် ရူပကာယတော်ဝယ် ဆံတော်မှုတ်ဆိတ် မျက်လုံးတော်အစိတ်တို့မှ မိုယ်းတိမ်ရိပ်အပေါ်မှာ မော်ရော်ပန်းဆိုးကို ဖြန့်မိုးတင်လွှားသကဲ့သို့ ညိုပြောင်ပြောင်ထွက်သွားသော နီလရောင်ခြည်တော်, (၂) မျက်လုံးတော်တထွေ အရေတော်တဝ ရွှေသောဌာနတို့မှ ရပ်ဒေသအများ၌ ရွှေပန်းဆိုးရွှေပြားတို့ကို ဖုံးလွှမ်း၍ထားသကဲ့သို့ ပြောင်ရွှေရွှေထွက်သွားသော ပီတရောင်ခြည်တော်, (၃) နီနီတွေးတွေး အသွေးအသားတော်အစိတ်တို့မှ ကြိတ်ညက်သောဆုန်းမှုန့်နီတျာ ကမ္ဗလာနီ ချိပ်ရည်အဆင်းတို့ကဲ့သို့ ရပ်ဒိသာခပင်းမှာ ခြင်းခြင်းနီထွက်သွားမသော လောဟိတ ရောင်ခြည်တော်, (၄) သွားတော်လေးဆယ် စွယ်တော်လေးချောင်း ရိုးတော်ပေါင်းသစ်သစ်ဖြူနစ်သောမျက်လုံးတော်အရပ်တို့မှ ဓာတ်သာခွါငွေ

ယပ်ဝန်းပမာ ရပ်ဒိသာတရိုးမှာ ရောင်ဖြူဖြူလှမ်းမိုး လျက်ထွက်သွားသော ဩဒါတရောင်ခြည်တော်, (၅) လဝန်းတိမ်နှိပ် နေရိပ်တိမ်လျှောင် တိမ်တောင်မိုးခိုး ပိုးကတ္တီပါ မဟူရာရောင်များကဲ့သို့ မောင်းမောင်းကြီး ထွက်သွားသော မဉ္ဇိဋ္ဌရောင်ခြည်တော်, (၆) အဝါရောင်ညွန့် တွန့်ရရွန့်ကူးရှက်၍ ပြိုးပြိုးပြက် ထွက်မြူးသော အလျှံ တလက်လက်ပိုးပရန် တိမ်ယံတရိုးမှာ မိုယ်းကြီး ဝရဇိန် ပစ်ချိန်ထစ်ကြိုးလျက် လျှပ်စက်ပန်းအိမ် ရှက်လိမ် ကွန့်မြိုးသကဲ့သို့ ပြိုးပြိုးပြက်တခဲနက် ထွက်သွားသော ပဘဿရရောင်ခြည်တော် အခေါ်ဝတ မျှားလှအံ့ဘွယ် ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို။ ပဝတ္တိတံ၊ နှစ်သိန်းလေးသောင်း မြေပေါင်းမဏ္ဍိုင် စကြာရိုင် အလုံးသည် ရွှေတုံးကြီးပမာ ဘာရာနှစ်ဆယ် ငရဲငယ်နှင့်တကွ ငရဲကြီးရှစ်သွယ်မှာ ခါဘယ်မည့် မတန့် လောင်ရှိမ်း ပူမီးလျှံခါခါပ်သိမ်းကို ငြိမ်းပျောက်စေလျက် လေးထွေသိန်းပေါင်း ရှစ်သောင်းရေထု လေထုကိုးသိန်း ကိန်းခြောက်သောင်းလောကဓာတ်ကို ကူးခတ်ထွင်းဘောက်လျက် အောက်အဇဋာတိုင်ရောက်အောင် အရှေ့အနောက် တောင်မြောက်မိလာမှာ စက္ကဝါ အနန္တလုံး သိမ်းရုံး၍တဝင်းဝင်းပင် တလင်းလင်း ထွန်းပသောအခါ တိသဟဿိသိန်းကောဋိ သင်္ချာရှိသောလောကဓာတ်ကို နှံ့စပ်လင်းပြောင်အောင် စွမ်းဆောင်နိုင်သော ဗြဟ္မိဿရာဇာ မဟာဗြဟ္မာမင်းနှင့်တကွ နေလနက္ခတ်တာရာ ဂြဟာခပင်းတို့ကို ကင်းပျောက်စေလျက် ထက်ဖျားမှာတထွေ နေဝသည်

နာသညာယတနဘုံဆိုး ဘဝဂ်ကိုအုပ်ဖုံး၍အကုန် ဘုံစဉ် အနှံ့ ပျံ့စေတတ်သော။ တံနယသာဂြိ၊ ရက်နှစ်ဆယ့် လေး ဟောရေးမှန်စွာ ထိုနယသာဂရ နာမဝိသိဠ် ဂုဏ်နိမိတ်ရှိသော အဘိဓမ္မာမည်ဆန်း ပဋ္ဌာန်းကျမ်း မြတ်ဒေသနာကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာ နှုးညို့ ရွတ်ကုန်အံ့။

ဤကား ပဋ္ဌာန်းအမွှန်း ၂-ဂါထာ၏ယောဇနာ

## ၁၈-ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠ်အနက်

### ပဋ္ဌာန်းပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

### ရင်းအနက်

၁။ ဟေတုပစ္စယော၊ ပဿောင်အစ များရုက္ခ၏ မူလစင်စစ် ယင်းအမြစ်သည် ထိုသစ်ပင်အား ပျက် ပြားမရှိ ပကတိတည်တံ့ ခိုင်ခံ့စေမှု ကျေးဇူးပြုသကဲ့သို့,

အနုမဇ္ဈိမ ထေရမည်ဆန်း ရဟန်းတို့၏ ကျမ်းဂန် တရားသင်ကြားပို့ချ ဆုံးမနစ်နော ပြောဟောခြင်းသည် ပွင့်လင်းသာသနာ မြင့်စွာတည်မှု ကျေးဇူးပြုသကဲ့သို့ ဟောတုမည်ကျူး မြစ်မ-ထူးဖြင့် ကျေးဇူးပြုတတ်သော ဟိတ်နာမ်ခြောက်ပါး ပစ္စည်းတရား။

၂။ အာရမ္မဏပစ္စယော၊ ခွန်အားဖြစ်ရေး ကြီးတောင်ဝှေးသည် သေးငယ်အားနည်း အားမကြီးသူ လူခပင်း၏ ထခြင်းရပ်ခြင်း မကင်းစေမှု ကျေးဇူးပြုသကဲ့သို့, သုဂတမေ့ ဂဏ္ဍာပိုင်းခြား သုံးပါးမြတ်စွာ ရတနာသည် ပညာရှိသူ နတ်လူအပေါင်း ပုန်းအောင်းရာမှု ကျေးဇူးပြုသကဲ့သို့ ရောရူများစွာ အာရမ္မဏိက ဓမ္မတို့အား ဖြစ်ပွားစေမှု ကျေးဇူးပြုတတ်သော အာရုံခြောက်ပါး ပစ္စည်းတရား။

၃။ အဓိပတိပစ္စယော၊ လေးကျွန်းသေဌ်နင်း စကြာမင်းသည် ကျွန်း၌ထင်ရှား မင်းတပါးတို့၏ ပိုင်ကားစိုးရ ဂုဏ်ဌာနကို တစမထား မြစ်ပယ်ရှား၍ အများလူအား စီးပွားချမ်းသာ များစွာဖြစ်မှု ကျေးဇူးပြုသကဲ့သို့, မုနိသေဌ်နင်း ပွင့်လာခြင်းသည် မင်းစက္ကဝတ်မြတ်ထွတ်ဗုဒ္ဓါ ပစ္စေကာများ သီးခြားပေါ်ထင် ဖြစ်လာအင်ကို ကုန်စင်မလစ် ဆီးတားမြစ်၍ သစ်သစ်ချမ်းသာ မင်္ဂလာဖြစ်မှု ကျေးဇူးပြုသကဲ့သို့ တခုဓိပတိ စွမ်းသတ္တိကို မရှိစေပြီး အကြီးအမှူး ဂုဏ်အထူးဖြင့် ကျေးဇူးပြုတတ်သော အဓိပတိ လေးပါး, ခြောက်ပါး ပစ္စည်းတရား။

၄။ အနန္တရပစ္စယော၊ လေးကျွန်းသေဌ်နှင်း ဇကြာ မင်း၏ ပျော်ခင်းနတ်ရွာ လားသောအခါသည် ရတနာ ရင့်သီး သားတော်ကြီးအား နီးဝေးကျော်ထိတ် အဘိ သိက်ရေ ဆောက်နှင်းလေသို့ မဟာထေရ်မြတ် နေအပ် ထိုင်ခင်း ယင်းမှတပါး ထသွားခြင်းသည် သီတင်း ထေရ်နှ ရဟန်းစုအား ဝတ္တုနေခင်း ထိုခပင်းကို ဆောက်နှင်းသောလား အခြားမလပ် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေးနာမ်များ ပစ္စည်းတရား။

၅။ သမနန္တရပစ္စယော၊ လေးကျွန်းလုံးနတ် စက္က ဝတ်၏ ထွတ်မြတ်ရှင်လန်း ရဟန်းပြုခြင်းသည် ယင်း၏ ဩရသ် ရင်သွေးမြတ်အား လေးရပ်ကျွန်းလုံး သိမ်းရုံး ကျော်ထိတ် အဘိသိက်ရေ ဆောက်နှင်းလေသို့ ထေရ် မြတ်မဟာ နေရာကိန်းအောင်း ပြောင်းရွှေ့ခြင်းသည် သီတင်းထေရ်နှ ရဟန်းစုအား ဝတ္တုနေခင်း ထိုခပင်းကို ဆောက်နှင်းပမာ ကောင်းစွာမခြား သတ္တိအားဖြင့် ဖြစ်ပွားစေမှု ကျေးဇူးပြုတတ်သော ရှေးရှေးနာမ်များ ပစ္စည်းတရား။

၆။ သဟဇာတပစ္စယော၊ ထိန်ထိန် ထွန်းပြောင် ဆီမီးရောင်သည် တောက်လောင်ခဏ တကွမိုက်ကင်း အလင်းထင်ရှား ဖြစ်စေလားသို့ ဘုရားဟောအပ် တရားမြတ်သည် နှစ်ရပ်မဂ်ဖိုလ် စဆိုမကွင်း အလင်း ဓမ္မ ဖြစ်စေရသို့ သဟဇာတ ဂုဏ်ဘာဝဖြင့် ဥပကာရ မှု ကျေးဇူးပြုတတ်သော ရုပ်နာမ်နှစ်ပါး ပစ္စည်းတရား။

၇။ အညမညပစ္စယော၊ လှံဒဏ်သုံးခွ တိဒဏ္ဍာသည် တစမယွင်း ချင်းချင်းယှဉ်ပြိုင် ခိုင်စေသကဲ့သို့ ဇာနေ္ဒ

လုံ့လ သမ္မပ္ပဓာန် ပေါင်းလေးတန်သည် ဘောက် ပြန်မယိုင် ခိုင်စေသကဲ့သို့ အညမည ဗျတ္တလွန်ကျူး ဂုဏ်အထူးဖြင့် ကျေးဇူးပြုတတ်သော ရုပ်နာမ်နှစ်ပါး ပစ္စည်းတရား။

၈။ နိဿယပစ္စယော၊ ပထဝီဟူလတ် ဤမြေဓာတ် သည် မည်မှတ်ခေါ်တွင် မြက်သစ်ပင်အား ထင်ရှား တည်ရာ ဥပကာမှု ပြုလေသကဲ့သို့, အနု အကြမ်း ရောပြွမ်းထည်မျိုး ဝတ်ပန်းဆိုးသည် ဆေးမျိုးပန်းချီ မှီရာအစစ် ကျေးဇူးဖြစ်သကဲ့သို့, ဘွင့်လှစ်ဟောကြား မြွတ်တရားသည် အများသတ္တဝါ တည်မှီရာစစ် ဧကန် ဖြစ်၍ခေတ်သုဂတိ ရောက်စေဘိသို့ ကပ်ငြိစွဲနှီး တည်ရာ ပုံ့ပျူး ဂုဏ်အထူးဖြင့် ကျေးဇူးပြုတတ်သော ရုပ်နာမ် နှစ်ပါး ပစ္စည်းတရား။

၉။ ဥပနိဿယပစ္စယော၊ ဥတုဝသန် သည်းထန် ထစ်ကြိုး ရွာသောမိုးသည် ခိုကိုးများစွာ သတ္တဝါ တိဏ ရုက္ခတို့အား ဗလဝအမှီ တည်ရာအစစ် ကျေးဇူး ဖြစ်သကဲ့သို့, ဗုဒ္ဓက္ကုရ၊ စသည်မယွင်း ဖြစ်လာခြင်းသည် ခပင်းလူအား ကြီးပွားကွန့်မြူး အကျိုးများသကဲ့သို့ အားကြီးလှစွာ မှီရာအကြောင်း ကောင်းစွာမလပ် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော ရုပ်နာမ်ပညတ် တပ်မှတ်သုံးပါး ပစ္စည်းတရား။

၁၀။ ပုရေဇာတပစ္စယော၊ လနေနှစ်စင်း ထွက် လာခြင်းသည် အလင်းကိုရှာ သတ္တဝါအား ထင်ရှား ပကတိ ရှိသဖြင့်လျှင် လိုအင်ရမှု ကျေးဇူးပြုသကဲ့သို့,

မာလုဝမည်ရှိ နွယ်၏အမြစ်သည် ဆုတ်နစ်မသွေ မြေအရပ်ကို မလပ်စေငြား နှံ့စပ်သွား၍ ထင်ရှားသောအား ပင်စည်များကို ဖြစ်ပွားစေသကဲ့သို့,ဘုရားမိန့်မှာ သာသနာသည် ကောင်းစွာထင်ရှား ရှိသောအားဖြင့် ကိုးစားမှီခို လူ့ဗိုလ်အမျိုး အကျိုးစီးပွား များစေသကဲ့သို့ ထင်ရှားရှေးဦး ဖြစ်ဂုဏ်ထူးဖြင့် ကျေးဇူးပြုတတ်သော ဝတ္ထုအာရုံနှစ်ပါး ပစ္စည်းတရား။

၁၁။ ပစ္ဆာဇာတပစ္စယော၊ တောင်လက်နုနယ် လင်းတယော်၏ စားဘွယ်ဩဇ အာဟာရ၌ တောင့်တမျှော်တင်း ချင်ခြင်းအာသာ စေတနာသည် ကာယရှေးအား ထောက်ပင့်ငြားသို့, ဘုရားတမည် ပွင့်အံ့သည်မှ အတီရှေးဟောင်း လူအပေါင်း၏ ကောင်းမြတ်ထင်ရှား ဘုရားနောင်ခါ ပွင့်လာဖူးမြင် လိုအင်အာသာ စေတနာသည် ဦးစွာဓမ္မ ကုသလအား ပွားစေသကဲ့သို့ ဖြစ်လေရှေးရှိ ဒွိတိစတု လေးခုသမုဋ္ဌာန် ကာယရုပ်တို့အား နောက်နာမ်ထင်ရှား ပစ္စည်းတရား။

၁၂။ အာသေဝနပစ္စယော၊ ရှေးရှေးထုံအပ် နံ့သာရပ်သည် နောက်ထပ်လိမ်းကျံ နံ့သာမွှန်ကို လွှန်စွာအနံ့ ပျံ့စေသကဲ့သို့,မသွေရှေးရှေး ဆွေးနွေးသင်အံ ကြံစည်သော ကျမ်းဂန်သည် သင်အံနောက်ထပ် ကျမ်းဂန်ရပ်အား လျှပ်စစ်တပြက် လေ့ကျက်လွယ်မှု ကျေးဇူးပြုသကဲ့သို့ ရောရှုယှဉ်တွဲ မှီဝဲသေဝန သဘာဝဖြင့် ဗလနှင့်ဂုဏ် နှစ်စုံပွားမှု ကျေးဇူးပြုတတ်သော ရှေးရှေးနာမ်များ ပစ္စည်းတရား။

၁၃။ ကမ္မပစ္စယော၊ သွေ့ခြောက်မာကြမ်း လှန်းရှုံကောင်းမြတ် စီရင်အပ်သောမျိုးစေ့သည် မရွေ့စိုးညှောက် ပေါက်ရောက်စေမှု ပြုပြင်လုံ့လ အာကာရဖြင့် ဖလထင်ရှား ဖြစ်စေခြင်းသို့, ဘုရားစရှိ သပ္ပုရိတ်ို မိန့်ရှိဓမ္မကွန္ဒာ ဒေသနာသည် ပညာသုတ စသည်ကွန့်မြူး ဖလမျိုးကို တိုးပွားစေငှါ မူရာလုံ့လ သဘာဝဖြင့် ယှဉ်းဖြမသွေ ဖြစ်စေသကဲ့သို့ ချို့တဲ့မရှိ စိတ်၏ကြိယလုံ့လလွန်ကျူး သဘောထူးဖြင့် ကျေးဇူးပြုတတ်သော စေတနာကေ နှစ်ဝထင်ရှား ပစ္စည်းတရား။

၁၄။ ဝိပါကပစ္စယော၊ ချမ်းဧးလှစ္စာ လာရောက်မပြတ် ဝါယောဓာတ်သည် မိုးအပ်ရွက်စိပ် အရိပ်နေသူအပေါင်းလူအား မပူရှင်လန်း ချမ်းငြိမ်းစေမှု ကျေးဇူးပြုသကဲ့သို့, ညစ်ကျူမဲ့စွာ ရဟန္တာ၏ ကြည်သာရွှင်ပြုံး စိတ်နှလုံးသည် ပိုက်ကျုံးထဲသိပ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမှု ကျေးဇူးပြုသကဲ့သို့ နိရုသာဟ ကြိယာမဖက် ငြိမ်သက်လှစွာ ဂုဏ်သဘ္တာဖြင့် ဥပကာရေး ပေးတတ်သော ဝိပါက်ထင်ရှား ပစ္စည်းတရား။

၁၅။ အာဟာရပစ္စယော၊ နောက်မှ ထောက်ကူ စိုက်ထူကောင်းစွာ တိုင်ပမာသည် မြင့်ကြာယိမ်းယိုင် မနိုင်အင်အား ထောက်ပင့်ခြင်းသို့, ကျမ်းများ အစ ပဏ္ဏာမသညာ စေတနာသည် ကာလရှည်ညှောင်း ရှေးကံဟောင်းအား ထပ်လောင်းဆင့်ပွား စွမ်းပကား ဖြင့် နှစ်ပါးရောစပ် ကဋတ်ဝိပါက် အကျိုးဆက်အား မပျက်စေလင့် ချီးထောက်ပင့်သို့ သင့်မြတ်ဘော်ထုတ်

ပစ္စယုပ္ပန် သမ္ပဒါန်အား ထပ်မံထောက်ပင့် ချီးမြှင့်လွန်စွာ ဂုဏ်သမ္ဘာဖြင့် ဥပကာရေး ပေးတတ်သော အာဟာရလေးပါး ပစ္စည်းတရား။

၁၆။ ဣန္ဒြိယပစ္စယော၊ တကျွန်းတနိုင်ငံ တိုင်းရပ်ဌာန်ကို ဘုန်းကံဆောက်နှင်း စိုးရမင်းသည် မင်းတပါးဖြစ် သူ့ဂုဏ်ခေတ်ကို မမြစ်လေဘဲ ရှောင်လွဲစိုးရတဌာနဖြင့်သာ ဗိုလ်ပါအလုံးကို ဆုံးမသကဲ့သို့, တကွဖြစ်လတ် စိတ္တုပ္ပါဒ်၌ အင်္ဂါသချာပွား မဂ္ဂင်များသည်တပါး၌ရှိ ဂုဏ်သတ္တိကို ပငိုသေမိတ် မြစ်မနှိပ်ဘဲ မဂ်ကိစ္စဟု သဘောစုဖြင့် ဥပကာမှု ကျေးဇူးပြုသကဲ့သို့ကြီးမှူးစိုးရ ဂုဏ်ဘာဝဖြင့် ပစ္စယုပ္ပန် သမ္ပဒါန်အားမှန်ကန်ကြည်နူး ကျေးဇူးပြုတတ်သော ဣန္ဒြေရှစ်ပါး, ငါးပါး ပစ္စည်းတရား။

၁၇။ ဈာနပစ္စယော၊ တောက်လောင် ထိန်ညီးတောင်ထိပ်မီးသည် ဝေးနီးသသူ အပေါင်းလူအားပူလောင်ကပ်ညှဉ်း ဖြစ်စေခြင်းကဲ့သို့, ပြင်းပူချမ်းမြနှစ်ဝဖြစ်ထိုက် ရေ၌ရောနှော ဓာတ်တော်ဇောသည်သဘောနှစ်ထွေ ဂုဏ်အနေဖြင့် ရင့်စေသကဲ့သို့ ဖြစ်ထွေကြိုက်ကြုံ အာရုံလက္ခဏာ နှစ်ဖြာကြပ်တည်းဖုတ်ကြည်းပေတင် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော ဈာနင်ငါးပါး, ခြောက်ပါး ပစ္စည်းတရား။

၁၈။ မဂ္ဂပစ္စယော၊ ဤမှတဆန်း ထိုမှာကမ်းသို့ကူးသန်းမသွေ ဘောင်ယာဉ်လှေဖြင့် ရောက်စေသကဲ့သို့, သုံးထွေလက္ခဏာ အနိစ္စဒုက္ခ အနတ္တကို အတ္တသုခ

မြဲနိစ္စဟု ဝိပ္ပလ္လာသ ယူဝါဒသည် သုဂတိမှ ဒုဂ္ဂတိ ဘောင် ဆောင်လေသကဲ့သို့, သွေလှန်မရှိ အဝိပရိတ ကောင်းဝါဒသည် ဒုဂ္ဂတိမှ သုဂတိဘောင် ဆောင်လေ သကဲ့သို့ သုံးထွေဂတိ မှတ်မရှိမှ ဂတိများမြောင် ထုတ် ဆောင်ယူတတ် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော မဂ္ဂင်ကိုးပါး ပစ္စည်းတရား။

၁၉။ သမ္ပယုတ္တပစ္စယော၊ နို့, ထောပတ်, ပျား သကာအားဖြင့် ပေါင်းငြားစတု မရုဩဇာ အရသာ သည် ယှဉ်လာညွတ်ပျောင်း တပေါင်းတည်း ဖြင့်သာ ကောင်းစွာသဘော ရောနှောဘိသို့, အရိယသစ္စာ ပေါင်းလေးဖြာသည် တထာဝိပရိတ ကိစ္စတမူ တူသ ကဲ့သို့ လေးဆူဘော်ထုတ် သမ္ပယုတ်လက္ခဏာ ယှဉ် လာမပြတ် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော နာမ် ဝီညာဉ်များ ပစ္စည်းတရား။

၂၀။ ဝိပ္ပယုတ္တပစ္စယော၊ ချိုချဉ်စပ်ငန် အဖ[illegible] အခါး ခြောက်ပါးဩဇာ ဤအရသာသည် ခြင်းရာကိစ္စ ရသအထူး ဝဲမကူးဖြင့် ထူးထွေဘာဝ ကင်ရောက်ကြသို့, ဇနကထင်ရှား ကြောင်း ၄-ပါးကြောင့် ဖြစ်ပွားမပြတ် ရုပ်ပရမတ်သည် ဖြစ်လတ်ထူးခြား သဘောအားဖြင့် ကွဲပြားထွေထွေ ဖြစ်ကြလေသို့ နေရာအမှီ တလီအာရုံ ဖြစ်ပုံမတူ အမူထွေထူး မပူးမကပ် ဂုဏ်သကတ်ဖြင့် ကျေးဇူးပြုတတ်သော ရုပ်နာမ်နှစ်ပါး ပစ္စည်းတရား။

၂၁။ အတ္ထိပစ္စယော၊ ပျော်ဘွယ်နိုပ်သောင် ဟော ဝန်တောင်သည် များမြောင်ပုံယင် မြက်သစ်ပင်အား

ထင်ရှားမိမိ ရှိသဖြင့်လျှင် ကြီးရင့်မြင့်မြောက် ရောက်စေဘိသို့,ဝိနည်းတွင်ခေါ် ပညတ်တော်သည် သုံးဘော်ခွဲခြမ်း ရဟန်းတို့အား ထင်ရှားမိမိ ရှိသဖြင့်လျှင် နှစ်အင်ကွန့်မြိုး အကျိုးပဋိပတ် ကျင့်မြတ်မသွေ ပွားများလေသို့ ဖြစ်ထွေထင်ရှား ရှိသောအာဖြင့် ကြီးပွားစေမှု ကျေးဇူးပြုတတ်သော ရုပ်နာမ်နှစ်ပါး ပစ္စည်းတရား။

၂၂။ နတ္ထိပစ္စယော၊ စိုက်ပျိုးခလေ့ ပင်မျိုးစေ့၏ ဆွေးမြေ့ပျောက်ကင်း ပေါက်ကွဲခြင်းသည် အရင်းအမြစ် ညွန့်သစ်သဏ္ဍာန် ဖြစ်ရန်အရေး အခွင့်ပေးသို့, လေးမြတ်သိက္ခာ အရိယာအား ဥပဝါဒါနိ ကမ္မပျောက်ကင်း လွတ်စေခြင်းငှါ ညွတ်စင်းကန်တော့ ကြော့အပ်သော ကုသိုလ်သည် လိုရာချမ်းဧ အခွင့်ပေးသို့ မိမိပျက်ပြား လေသောအားဖြင့် တရားနောက်စု ဖြစ်မှုအရေး အခွင့်ပေး၍ ကျေးဇူးပြုတတ်သော ရှေးရှေးနာမ်များ ပစ္စည်းတရား။

၂၃။ ဝိဂတပစ္စယော၊ ခရီးမြင့်မြောက် နေမင်းရောက်၍ ဝင်ပျောက်ခြင်းသည် လမင်းခြည်ရောင် ထွန်းပြောင်ပဝင်း လင်းစေသမှု ကျေးဇူးပြုသကဲ့သို့, ဘိက္ခုဂိလာ အနာမှရှင်း ကင်းလွတ်ခြင်းသည် မာတင်းသုခ အခွင့်ရသို့ အနက္တရရေး သဘောပေးဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေးနာမ်များပစ္စည်းတရား။

၂၄။ အဝိဂတပစ္စယော၊ မဟာသမုဒ် ရေအစုတ်သည် ငုပ်ပေါ်ရောပြွမ်း ငါးမကန်းတို့၏ ရှင်လန်း

စရှိတရား အပါးပါးကို ထင်ရှားမိမိ ရှိသောအားဖြင့် ပွါးစေ၍သို့, မိန့်ရှိသာသနာ မြတ်ဩဇာသည် များစွာ ရှင်လူ ဟူသမျှအား တရားပသဒ္ဒိ ပိတိပါမောဇ္ဇ သုခတသင်း တက်ကြွခြင်းကို မကင်းလေဘိ ဖြစ်ရစေ၍သို့ မိမိထင်ရှား ရှိသောအားဖြင့် ဖြင်ပွါးစေမှု ကျေးဇူး ပြုတတ်သော ရုပ်နာမ်နှစ်ပါး ပစ္စည်းတရား။

ဤကား ပဋ္ဌာန်းကျမ်းလာ ၂၄-ပစ္စည်း၏ယောဇနာ

## ၁၉—ဒေဝဒူတသုတ်အမွှန်း

၁။ မိစ္ဆာဉာဏဏ္ဍာပနတ္တံ၊
အာမန္တော ဘိက္ခဝေါ မိဒံ။
သာဝတ္ထိယံ ဝသေကံပိ၊
ဇေတာဗ္ဗနူပကာရိကော။ ။

၂။ သမယေဝ အသဗ္ဗိတံ၊
ဒေဝဒူတေဝ ဘော မယံ။
ဘဏာမိ ဒါနိ အာဒရံ၊
သဗ္ဗဟုဒ္ဓေဟိ ဒေသိ တံ။ ။

### ရှင်းအနက်

ဥပကာရိကော၊ ရွှေသပြေမော်ကွန်း ဇော်မြရိပ်ဝေ လျှံစွေစွေသွန်းခသော လက်ျာနေတောင်ကျွန်းမှာ ဒီ ပက်ရာ မြတ်စွာစိန္တော ရွှေဗျာဒိတ်သွန်း ညွှန်းလာသော ကမ္ဘာဘဒ္ဒ ဦးမဆွမေဒနီ ပထဝီပံသု ဘုံနက်သန်စုံညီ စု၍ သိနေရှချက်ဗွေ ရောင်လေးထွေမြေသဒိ စံနှုန်း ဘွယ်ရှိသော အောင်ဘူမိမဏ္ဍလာဝယ် ယူဇနာသိုက် ကိုးရာဝိုက်သော တိုက်မဂ်လာ မဟာဒေသတွင်

သောဠသခရိုင် ပြည်နိုင်ငံတလွှားမှ ရပ်ခြားပစ္စန္တ တိုင်းရာမည ဒေသရပ်ဌာန် ဝေယန်ဘုံနန်း ခြွေရံစုံခ ယမ်းလျက် စံမြန်းပျော်ရွှင်သော ဒေဝရှင်နတ် ဘန်သ တော်မူအပ်သော သုဝဏ္ဏဘုံ သထုံတွင်မည် ပြည်ဌာနီ သို့ ဝိဋ္ဌျ ၁၄ဝီ မြရည်ဝန်းဘွဲ့ စိမ်းလဲ့လဲ့ပြောင် နတ်သူ ယောင်တော ဟိုမြိုင်ချောင်ရဂုံကြောမှာ ရွှင်မောသော ဝိဇ္ဇာဓိုရ်ရှဘခမည်းနှင့် စရည်းပတ်ခြုံ ကံနှစ်စုံထုံသစ်၍ အချစ်တူညီသော မယ်နာဂီရေနတ်၏ ရွှေဂိဝါလည် ညွှန့်မှာ မြမစွန့်ဆင်ဝတ်သော နဝရတ်ပန်းနှစ်ကဲ့သို့ ရင်သွေးတော်အစစ် ဖြစ်တော်မူလာ၍ ဘာဝနာ ဈာန်ခမ္ဗ ရသေ့သူတော် မြင်မြော်ရှေးရှု ကောက်ယူ လုပ်ကျွေး မွေးမြူအပ်သောသီဟရာဇာ လောင်းကုမာကို ရာဇာဘိသိက် သွန်းဖိတ်အောင်ခြင်း ဂုဏ်သတင်းဖြင့် မင်းမြောက်တော်မူသောအခါဝယ် နောင်လာတဆန်း ရာမညဘုံနန်း၌ ခန်းကြငါးသျှာ မိန့်ဩဘာသာသနာ သည် ရောင်ဝါနုဘော် ထွန်းအံ့မြော်၍ သဃ်ာတော် ပေါင်း ရံခညောင်းလျက် မိုးကောင်းကင်လွှင်တီး ခရီးလမ်းစုံဖြင့် ဥက္ကာဂုလ္လုံ နှုန်းမခံဘဲ တိမ်ယံအလုံးမှာ ရွှေစိုင်တခဲ ရဲရဲကြီးဖုံးသကဲ့သို့ ရောင်ခြည်တော်အံ့မဆုံး ကို ဖုံးအုပ်စေတော်မူ၍ ရွှေဘုန်းတော်ရှင် သခင် မြတ်စွာ ကြွလာတော်မူပြီးလျှင် ကြီးမှူးသသူ မင်းမှူ စိုးရှ တကွများစွာ လူမိုလ်ပါတို့အား သုံးပါးစည်းစိမ် ချမ်းငြိမ်စေကြောင်း ကောင်းစွာထောက်ပင့် ချီးမြှင့် တော်မူသည်၊ သုနာပရန္တ ယောနကရဋ္ဌပိုင်း တိုင်း ထိုထိုအကုန် ဇမ္ဗူဘုံတလျှောက် ရှေ့နောက်မြောက်

ကျွန်း တဝန်းမကျန် ကျွန်းရံသိန်းခိုလ် သီဟိုဠ်မလပ် နတ်ပြဗြဟ္မာမကြွင်း လောကီလောကုတ် မယုတ်မယွင်း သန့်ရှင်းရိပ်ငြိမ် များစည်းစိမ်အစုံစုံကို စုပုံလက်ငင်း ကိုယ်တိုင်တော်ခင်းကျင်း၍ အပ်နှင်းချီးမြှောက် ထောက်ပင့်တော်မူသည်၊ ယင်းသို့ပုံ့ပျိုး သူတထူး တို့နှင့်မတူ သတ္တဝါနတ်လူတို့အား သနားကြည်ဖြူ တော်မူလျှ၍ ကျေးဇူးတော်အဆူဆူကို ပြုတော်မူ တတ်သောဂုဏ်သတ္တိ ဗျတ္တိတော်စွမ်းပကားကြောင့် ဥပကာရိက မည်တော်မူသော မြတ်စွာဘုရားသည်။ ကော်သမယေဝ၊ လူနတ်ပြဟ္မာ သတ္တဝါဝေနေ ယျာပိုလ်ခြေတို့အား တရားအမြိုက် ကျွတ်ထိုက် ရည်ရော် မြင်မြော်သောအား ခါတပါး၌လျှင်။ သာဝတ္ထိယံ၊ သာဝတ္ထိဟု နှံ့သိကျော်ကြား လွန်ထင် ရှားလျှက် ငါးပါးဝသီ ပျော်မှီရျာန်မွေ့ ရသေ့သူ တော် ထုတ်ဘော်ညွှန်ပြ မြေဌာနကြွင်နှန်းခံ့မှာ နတ် ဘုံတမျှ နိမ္မိတဖြင့် ဂုဏ်ဘူတအစ္စရိ အံ့ဘွယ်ရှိသော သာဝတ္ထိပြည်ကြီး၌။ ဇေတဝနေ၊ ဇေတမင်းသား ပျော် ပါးစံရှင်ရာ နန္ဒဝန်နှင့် ပုံဟန်တူမျှသော ဒုစ်ကရိသ ဥယျာဉ်တော်ဌာနကို အနာထပိဏ် ဂုဏ်သိန်ပျံ့မွှေး ရှင်သူဌေးက ဆဲ့ရှစ်ကုဋေ့ ရွှေဇာတချ ပေးဝယ်ယူ၍ ရောင်ကျုထိန်လင်း ပြဟ္မာမင်းတို့ ပျော်ခင်း ငြိမ့်စံ ဘုံဗိမာန်အတူ အဆူဆူသော ပရိက်မှ ပြုလုပ်ရန်ကံ ကျေး အသပြာကြေး ရှေးနည်းပေး၍ မူရေးကိစ္စ ပြီး ကုံလျှင် အာဂတာနာဂတ သံဃိကဝိဟာရ ဒက္ခိ ဏောဒကဖြင့် အဌာရသကုဋေ ရွှေသပြာကုန်စွန့်၍

မတွန့်ကြည်ဖြူ ပေးလှူအပ်သော ဇေတဝန်ခေါ် ရွှေကျောင်းတော်ဗိမာန်ဝယ်။ ဝသံ-ဝသန္တော၊ ဘုရားတို့ပြုအပ် မှုကိစ္စလေးရပ်ကို မပြတ်ရှုမြော်လျက် လေးဘော်ပထ မျှစံပယ်တော်မူစဉ်။ ဘိက္ခဝေါတိ၊ သံသရာနှောင်အိမ် ပုရှိန်လောင်ပြင်း ဆင်းရဲခြင်းကို မြော်တင်းစွေစွေ ခါမမွေ့ဖြင့် နေလှေ့ရှင်လန်း အိုရဟန်းတို့ဟူ၍။ အာမန္တော၊ ကရဝိက်ငှက်မင်း ကျူးရင့်ခြင်းကဲ့သို့ နားတွင်းချေငံ အသံတော်ဖြင့် ကျူးရင့်မြွက်ဘော် မိန့်ခေါ်တော်မူပြီးလျှင်။ မိစ္ဆာဉာဏဇ္ဈာပနတ္ထံ၊ ကဿပဘုန်းခေါင် နောင်တော်ဘုရား ထားတော်မူအပ် မြတ်သောသာသနာတော်သည် သင်္ချာနှစ်ပေါင်း နှစ်သောင်းမျှလောက် တည်ထွန်းမြောက်၍ ကွယ်ပျောက်သော အခါက စ၍များစွာ လူသတ္တဝါတို့ အာကာသခွင်ထက်ကောင်းကင်သို့ မြေပြင်မှမောက် တယူဇနာလောက် မြင့်တက်မြောက်၍ ရာသက်တမ်းသို့ ရောက်သည့်တိုင်အောင် ငုံ့ဂနိုင်ကြော မြှိုင်ရဂုံတောကဲ့သို့ မိစ္ဆာဉာဏ်ဘူပြော၍ ငရဲသောနတ်ရွာသော သဘောမထင် မြင်မသိကြဘဲ ငရဲနတ်ရွာ ဘယ်မှာမရှိ စွဲယူမိ၍ မချိပူဆွေး ငရဲဘေးဖြင့် မဧးနိုင်ကြ ဒုက္ခိတစ်ဖြစ်ကြပုံယင် များကြောင်းအင်ကို မြင်သိတော်မူ၍ စွဲယူမသမွာ ထိုမိစ္ဆာဉာဏ်ညစ် ဘလပ်ပြစ်ထူရောင်း ခြိဒိတ်ပေါင်းတို့ကို ထောင်းထောင်းခွမ္မ နတ်လောင်မီးကျသကဲ့သို့ ယထာဘူတဉာဏ် နတ်လောင်မီးဖြင့် ထိန်ညီးညီးလျှံတောက်၍ ပျောက်ပျက်လွင့်ရှင်း ကင်းစေခြင်းအကျိုးငှါ။ သမ္ဗုဒ္ဓေဟိ၊ အတိတ်အနာဂတ် ပွင့်

လတ်ဆူဆူ သယမ္ဘူဟူသမျှ သုံးလောကထိပ်ခေါင်ထား မြတ်ဘုရားတို့သည်။ အသဗ္ဗတံ၊ မစွန်နွမလွှတ် ကျင့်ဝက်တပဲ မချွတ်လွဲဘဲ ဟောမြွတ်ထွာ ဓမ္မတာဖြစ်သော။ ဣဒံဒေဝဒူတံ၊ ဤဒေဝဒူတသုတ် ဒေသနာတော်မြတ်ကို။ အဒေသိ၊ သာယာကျူရှိုး ဟောလေပြီ။ ဘော—သဟာယကာ၊ ဘော်ရွေတသင်း အိုသားချင်းတို့။ ဣဒါနိ၊ စည်းဝေးညီညာ ဤအခါ၌။ တံဒေဝဒူတံ၊ ပိုးလောက်ထိုးစုတ် ဘင်ပုပ်ငရဲ လောင်မြိပြာပူ စူးမူလက်ပံ ရွက်သန်လျက်ထား ငရဲအားဖြင့် လေးပါးဥဿဒ် ငရဲရပ်သို့ ကပ်ရောက်သသူ လူ့ခပ်သိမ်းတို့ကို ဝေမာနိကနတ်စိမ်း ငရဲထိန်းလက်မရှိတို့က လျင်မြန်စွာဘမ်းယူ၍ ငရဲသူတို့သခင် ယမမင်းသခင် အသျှင်မျက်မှောက် ပို့ရောက်ကြသောအခါ၌ ဝေမာနိက ဒေဝိဿရ ဓမ္မိကရာဇာ နတ်လိမ္မာက သူနာသူခေ သက်နေအိုမင်း ဝမ်းတွင်းလွတ်ခါ သူငယ်စွာနှင့် လူ့ပြည်တလွှား လူမင်းများတို့ ခိုးသားခပ်သိမ်း မုဒိမ်းအကုန် သူပုံးပင်းတို့ကို နှိပ်နင်းကွပ်ညှပ် ခြေဖြတ်လက်သိမ်း ဒွတ္တိံသကမ္မကရဏာအားဖြင့် ငါးပါးစေခံ နတ်တမန်တို့ကို ချေငံဆွေးနွေး မေးစစ်ခြင်းနှင့်တကွ ငရဲဘုံဌာနမှာ ခံရမအားး ခြင်းရာများကို ဟောကြားတော်မူရာ ထိုဒေဝဒူတသုတ်ဒေသနာတော်မြတ်ကို။ အာဒရံ၊ ကောင်းစွာစိတ်ထား ရှိသေအားဖြင့်။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာနှုးညှိ့ ရွတ်ကုန်အံ့။

ဤကား ဒေဝဒူတသုတ်အမွှန်း ၂-ဂါထာ၏ယောဇနာ

## ၂၀—ဒေဝဒူတသုတ်ပါဠိအနက်

### ဒေဝဒူတသုတ်

၁။ ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ဘိက္ခဝေါ”တိ။ “ဘဒ္ဒန္တေ”တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ—

သေယျထာပိ ခေါ ဘိက္ခဝေ ဒွေ အာဂါရာ သဒွါရာ၊ တတြ စက္ခုမာ ပုရိသော မဇ္ဈေ ဌိတော ပဿေယျ မနုဿေ ဂေဟံ ပဝိသန္တေပိ နိက္ခမန္တေပိ အနုသဉ္စရန္တေပိ အနုဝိစရန္တေပိ။ ဧဝမေဝ ခေါ အဟံ ဘိက္ခဝေ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿာမိ။ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ ယထာကမ္မူပဂေ သတ္တေ ပဇာနာမိ—

“ဣမေ ဝတ ဘောန္တော သတ္တာ ကာယသုစရိတေန သမန္နာဂတာ ဝစီသုစရိတေန သမန္နာဂတာ မနောသုစရိတေန သမန္နာဂတာ အရိယာနံ အနုပဝါဒကာ သမ္မာဒိဋ္ဌိကာ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂလောကံ ဥပပန္နာ။ ဣမေ ဝါ ပန ဘောန္တော သတ္တာ ကာယသုစရိတေန သမန္နာဂတာ။ လ။ ပရမ္မရဏာ မနုဿေသု ဥပပန္နာ။ ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနော-

ဒုစ္စရိတေန သမန္နာဂတာ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရမ္မရဏာ ပေတ္တိဝိသယံ ဥပပန္နာ။ ဣမေ ဝါ ပန ဘောန္တော သတ္တာ ။လ။ ပရမ္မရဏာ တိရစ္ဆာနယောနိံ ဥပပန္နာ။ ဣမေ ဝါ ပန ဘောန္တော သတ္တာ ။လ။ ပရမ္မရဏာ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ”။

၂။ တမေနံ ဘိက္ခဝေ နိရယပါလာ နာနာ ဗာဟာသု ဂဟေတွာ ယမဿ ရညော ဒဿေန္တိ။ တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဌမံ ဒေဝဒူတံ သမနုယုဉ္ဇတိ သမနုဂ္ဂါဟတိ သမနုဘာသတိ “အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ပဌမံ ဒေဝဒူတံ ပါတုဘူတ”န္တိ။ သော ဧဝမာဟ “နာဒ္ဒသံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ဒဟရံ ကုမာရံ ဥတ္တာနသေယျကံ သကေ မုတ္တကရီသေ ပလိပန္နံ သေယျမာန”န္တိ။ သော ဧဝမာဟ “အဒ္ဒသံ ဘန္တေ” တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ တဿ တေ ဝိညုဿ သတော မဟလ္လကဿ နတေဒဟောသိ အဟံပိ ခေါမှိ ဇာတိဓမ္မော၊ ဇာတိံ အနတီတော၊ ဟန္ဒာဟံ ကလျာဏံ ကရောမိ ကာယေန ဝါစာယ မနသာ” တိ။ သော ဧဝမာဟ “နာသက္ခိဿံ ဘန္တေ၊ ပမာဒဿံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ ပမာဒဝတာယ န ကလျာဏမကာသိ

ကာယေန ဝါစာယ မနသာ၊ တဿ တွံ အမ္ဘော ပုရိသ တထာ ကရိဿန္တိ၊ ယထာ တံ ပမတ္တံ၊ တံ ခေါ ပန တေ ဧတံ ပါပကမ္မံ နေဝ မာတရာ ကတံ၊ န ပိတရာ ကတံ၊ န ဘာတရာ ကတံ၊ န ဘဂိနိယာ ကတံ၊ န မိတ္တာမစ္စေဟိ ကတံ၊ န ဉာတိသာလောဟိတေဟိ ကတံ၊ န သမဏဗြာဟ္မဏေဟိ ကတံ၊ န ဒေဝတာဟိ ကတံ၊ တယာဝေတံ ပါပကမ္မံ ကတံ၊ တွံ ယေဝ တဿ ဝိပါကံ ပဋိသံဝေဒိဿသီ”တိ။

၃။ တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဌမံ ဒေဝဒူတံ သမနုယုဉ္ဇိတွာ သမနုဂ္ဂါဟိတွာ သမနုဘာသိတွာ ဒုတိယံ ဒေဝဒူတံ။ လ။ မနုဿေသု ဒုတိယံ ဒေဝဒူတံ ပါတုဘူတ”န္တိ။ သော ဧဝမာဟ “နာဒ္ဒသံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ဣတ္ထိံ ဝါ ပုရိသံ ဝါ ဇိဏ္ဏံ ဂေါပါနသိဝင်္ကံ ဘောဂ္ဂံ ဒဏ္ဍပရာယနံ ပဝေဓမာနံ ဂစ္ဆန္တံ အာတုရံ ဂတယောဗ္ဗနံ ခဏ္ဍဒန္တံ ပလိတကေသံ ဝိလူနံ ခလိတသိရံ ဝလိနံ တိလကာဟတဂတ္တ” န္တိ။ သော ဧဝမာဟ “အဒ္ဒသံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ တဿ တေ။ လ။ အဟံပိ ခေါမှိ ဇရာဓမ္မော၊ ဇရံ အနတီတော။ လ။ မနသာ”တိ။ သော ဧဝမာဟ “နာသက္ခိံ ဘန္တေ၊ ပမာဒဿံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ ပမာဒဝတာယ။ လ။ ပဋိသံဝေဒိဿသီ”တိ။

၄။ တမေနံ ဘိက္ခဝေ ယမော ရာဇာ ဒုတိယံဒေဝ-ဒူတံ သမနုယုဉ္ဇိတွာ သမနုဂ္ဂါဟိတွာ သမနုဘာသိတွာ တတိယံ ဒေဝဒူတံ သမနုယုဉ္ဇတိ။လ။တတိယံ ဒေဝဒူတံ ပါတုဘူတ''န္တိ။ သော ဧဝမာဟ''နာဒ္ဒသံ ဘန္တေ''တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ ''အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ဣတ္ထိံ ဝါ ပုရိသံ ဝါ အာဗာဓိကံ ဒုက္ခိတံ ဗာဠှဂိလာနံ သကေ မုတ္တကရီသေ ပလိပန္နံ သေယျမာနံ အညေဟိ ဝုဋ္ဌာပိ-ယမာနံ အညေဟိ သံဝေသိယမာန''န္တိ။သော ဧဝမာဟ ''အဒ္ဒသံ ဘန္တေ''တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ ''အမ္ဘော ပုရိသ တဿ တေ။လ။ အဟံပိ ခေါမှိ ဗျာဓိ-ဓမ္မော၊ ဗျာဓိံ အနတီတော။လ။ ပမာဒဿံ ဘန္တေ''တိ။

တမေနံဘိက္ခဝေ ယမောရာဇာ ဧဝမာဟ ''အမ္ဘော ပုရိသ ပမာဒဝတာယ။လ။ ပဋိသံဝေဒေဿသီ''တိ။

၅။ တမေနံ ဘိက္ခဝေ ယမော ရာဇာ တတိယံ ဒေဝဒူတံ သမနုယုဉ္ဇိတွာ သမနုဂ္ဂါဟိတွာ သမနု-ဘာသိတွာ စတုတ္ထံ ဒေဝဒူတံ သမနုယုဉ္ဇတိ သမနုဂ္ဂါ-ဟတိ သမနုဘာသတိ''အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု စတုတ္ထံ ဒေဝဒူတံ ပါတုဘူတ''န္တိ။ သော ဧဝမာဟ ''နာဒ္ဒသံ ဘန္တေတိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ ''အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ရာဇာ-နော စောရံ အာဂုစာရိံ ဂဟေတွာ ဝိဝိဓာနိ ကမ္မက-ရဏာနိ ကာရေန္တေ ကသာဟိပိ တာဠေန္တေ

ဝေတ္တေဟိပိ တာဠေန္တေ အဍ္ဎဒဏ္ဍကေဟိပိ တာဠေန္တေ ဟတ္ထမ္ပိ ဆိန္ဒန္တေ ပါဒမ္ပိ ဆိန္ဒန္တေ ဟတ္ထပါဒမ္ပိ ဆိန္ဒန္တေ ကဏ္ဏမ္ပိ ဆိန္ဒန္တေ နာသမ္ပိ ဆိန္ဒန္တေ ကဏ္ဏနာသမ္ပိ ဆိန္ဒန္တေ ဗိလင်္ဂထာလိကမ္ပိ ကရောန္တေ သင်္ခမုဏ္ဍိကမ္ပိ ကရောန္တေ ရာဟုမုခမ္ပိ ကရောန္တေ ဇောတိမာလိကမ္ပိ ကရောန္တေ ဟတ္ထပဇ္ဇောတိကမ္ပိ ကရောန္တေ ဧရကဝတ္တိကမ္ပိ ကရောန္တေ စီရကဝါသိကမ္ပိ ကရောန္တေ ဧဏေယျကမ္ပိ ကရောန္တေ ဗဠိသမံသိကမ္ပိ ကရောန္တေ ကဟာပဏကမ္ပိ ကရောန္တေ ခါရာပတစ္ဆိကမ္ပိ ကရောန္တေ ပလိဃပရိဝတ္တိကမ္ပိ ကရောန္တေ ပလာလပီဌကမ္ပိ ကရောန္တေ တတ္တေနပိ တေလေန ဩသိဉ္စန္တေ သုနခေဟိပိ ခါဒါပေန္တေ ဇီဝန္တမ္ပိ သူလေ ဥတ္တာသေန္တေ အသိနာပိ သီသံ ဆိန္ဒန္တေ''တိ။ သော ဧဝမာဟ ''အဒ္ဒသံ ဘန္တေ''တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ ''အမ္ဘော ပုရိသ တဿ တေ ဝိညူဿ သတော မဟလ္လကဿ န ဧတဒဟောသိ 'ယေ ဟိ ကိရ ဘော ပါပကာနိ ကမ္မာနိ ကရောန္တိ၊ တေ ဒိဋ္ဌေဝ ဓမ္မေ ဧဝရူပါ ဝိဝိဓာ ကမ္မကာရဏာ ကရိယန္တိ၊ ကိမင်္ဂ ပန ပရတ္ထ၊ ဟန္ဒာဟံ ကလျာဏံ ကရောမိ ကာယေန ဝါစာယ မနသာ''တိ။ သော ဧဝမာဟ ''နာသက္ခိဿံ ဘန္တေ၊ ပမာဒဿံ ဘန္တေ''တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝ မာဟ ''အမ္ဘော ပုရိသ ပမာဒဝတာယ။ လ။ ပဋိသံဝေဒေဿသီ''တိ။

၆။ တမေနံ ဘိက္ခဝေ ယမော ရာဇာ စတုတ္ထံ ဒေဝဒူတံ သမနုယုဉ္ဇိတွာ သမနုဂ္ဂါဟိတွာ သမနုဘာသိတွာ ပဉ္စမံ ဒေဝဒူတံ သမနုယုဉ္ဇတိ သမနုဂ္ဂါဟတိ သမနုဘာသတိ“အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ပဉ္စမံ ဒေဝဒူတံ ပါတုဘူတ”န္တိ။ သော ဧဝမာဟ “နာဒ္ဒသံ ဘန္တေ”တိ။ တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ န တွံ အဒ္ဒသ မနုဿေသု ဣတ္ထိံ ဝါ ပုရိသံ ဝါ ဧကာဟမတံ ဝါ ဒွိဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဇာတ”န္တိ။သော ဧဝမာဟ “အဒ္ဒသံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ“တဿ တေ။လ။အဟံပိ ခေါမှိ မရဏဓမ္မော၊ မရဏံ အနတီတော၊ ဟန္ဒာဟံ ကလျာဏံ ကရောမိ ကာယေန ဝါစာယ မနသာ”တိ။ သော ဧဝမာဟ “နာသက္ခိဿံ ဘန္တေ၊ပမာဒဿံ ဘန္တေ”တိ။

တမေနံ ဘိက္ခဝေ ယမော ရာဇာ ဧဝမာဟ “အမ္ဘော ပုရိသ ပမာဒင်တာယ။လ။ပဋိသံဝေဒေဿသီ”တိ။

၇။ တမေနံ ဘိက္ခဝေ ယမော ရာဇာ ပဉ္စမံ ဒေဝဒူတံ သမနုယုဉ္ဇိတွာ သမနုဂ္ဂါဟိတွာ သမနုဘာသိတွာ တုဏှီ ဟောတိ။ တမေနံ ဘိက္ခဝေ နိရယပါလာ ပဉ္စဝိဓဗန္ဓနံ နာမ ကမ္မကရဏံ ကရောန္တိ၊ တတ္တံ အယောခိလံ မုခေန ဂမေန္တိ၊တတ္တံ အယောခိလံ ဟတ္ထေ ဂမေန္တိ၊တတ္တံ အယောခိလံ ဒုတိယေ ဟတ္ထေ

ဂမေန္တိ၊တတ္တံ အယောဓိလံ ပါဒေ ဂမေန္တိ။တတ္တံ အယောဓိလံ ဒုတိယေ ပါဒေ ဂမေန္တိ။တတ္တံ အယောဓိလံ မဇ္ဈေ ဥရသ္မိံ ဂမေန္တိ။ သော တတ္ထ ဒုက္ခာ တိဗ္ဗာ ကဋုကာ ဝေဒနာ ဝေဒေတိ၊ န စ တာဝ ကာလံ ကရောတိ၊ ယာဝ န တံ ပါပကမ္မံ ဗျန္တိ ဟောတိ။

တမေနံ ဘိက္ခဝေ နိရယပါလာ သံဝေသိတွာ ကုဌာရီဟိ တစ္ဆန္တိ။ တမေနံ ဘိက္ခဝေ နိရယပါလာ ဥဒ္ဓံပါဒံ အဓောသိရံ ဌပေတွာ ဝါသီဟိ တစ္ဆန္တိ။ တမေနံ ဘိက္ခဝေ နိရယပါလာ ရထေ ယောဇေတွာ အာဒိတ္တာယ ပထဝိယာ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ အာရောပေန္တိ။ တမေနံ ဘိက္ခဝေ နိရယပါလာ မဟန္တံ အင်္ဂါရပဗ္ဗတံ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ အာရောပေန္တိပိ ဩရောပေန္တိပိ။ တမေနံ ဘိက္ခဝေ နိရယပါလာ ဥဒ္ဓံပါဒံ အဓောသိရံ ဂဟေတွာ တတ္တာယ လောဟကုမ္ဘိယာ ပက္ခိပေန္တိ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ။ သော တတ္ထ ဖေဏုဒ္ဒေဟကံ ပစ္စတိ၊ သော တတ္ထ ဖေဏုဒ္ဒေဟကံ ပစ္စမာနော သကိံပိ ဥဒ္ဓံ ဂစ္ဆတိ၊ သကိံပိ အဓော ဂစ္ဆတိ၊ သကိံပိ တိရိယံ ဂစ္ဆတိ။ သော တတ္ထ ဒုက္ခာ တိဗ္ဗာ ကဋုကာ ဝေဒနာ ဝေဒေတိ။ န စ တာဝ ကာလံ ကရောတိ။ ယာဝ န တံ ပါပကမ္မံ ဗျန္တိ ဟောတိ။

တမေနံ ဘိက္ခဝေ နိရယပါလာ မဟာနိရယေ ပက္ခိပေန္တိ။ သော ခေါ ပန ဘိက္ခဝေ မဟာနိရယော—

စတုက္ကဏ္ဏော စတုဒွါရော၊
ဝိဘတ္တော ဘာဂသော မိတော။
အယောပါကာရပရိယန္တော၊
အယသာ ပဋိကုဇ္ဇိတော။ ။
တဿ အယောမယာ ဘူမိ၊
ဇလိတာ တေဇသာ ယုတ္တာ။
သမန္တာ ယောဇနသတံ၊
ဖရိတွာ တိဋ္ဌတိ သဗ္ဗဒါ။ ။

၈။ တဿ ပန ဘိက္ခဝေ မဟာနိရယဿ ပုရတ္ထိမာယ ဘိတ္တိယာ အစ္စိ ဥဋ္ဌဟိတွာ ပစ္ဆိမာယ ဘိတ္တိယာ ပဋိဟညတိ။ ပစ္ဆိမာယ ဘိတ္တိယာ အစ္စိ ဥဋ္ဌဟိတွာ ပုရတ္ထိမာယ ဘိတ္တိယာ ပဋိဟညတိ။ ဥတ္တရာယ ဘိတ္တိယာ အစ္စိ ဥဋ္ဌဟိတွာ ဒက္ခိဏာယ ဘိတ္တိယာ ပဋိဟညတိ။ ဒက္ခိဏာယ ဘိတ္တိယာ အစ္စိ ဥဋ္ဌဟိတွာ ဥတ္တရာယ ဘိတ္တိယာ ပဋိဟညတိ။ ဟေဋ္ဌာ အစ္စိ ဥဋ္ဌဟိတွာ ဥပရိ ပဋိဟညတိ။ ဥပရိတော အစ္စိ ဥဋ္ဌဟိတွာ ဟေဋ္ဌာ ပဋိဟညတိ။ သော တတ္ထ ဒုက္ခာ ။လ။ ဗျန္တီဟောတိ။

သော ခေါ ဘိက္ခဝေ သမယော၊ ယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန တဿ မဟာနိရယဿ ပုရတ္ထိမံ ဒွါရံ အပါပုရိယတိ။ သော တတ္ထ သီဃေန ဇဝေန ဓာဝတိ၊ တဿ သီဃေန ဇဝေန ဓာဝတော ဆဝိံပိ ဍယှတိ။ စမ္မံပိ ဍယှတိ။ မံသံပိ ဍယှတိ။ နှာရုံပိ ဍယှတိ။ အဋ္ဌီနိပိ ဍယှတိ၊ သီသံပိ ဓူမာယတိ။ ဥဗ္ဘတံ တာဒိသမေဝ ဟောတိ။ ယတော

ခေါ သော ဘိက္ခဝေ ဗဟုသမ္ဘတ္တော ဟောတိ။ အထ တံ ဒွါရံ ပိဓိယတိ။ သော တတ္ထ ဒုက္ခာ။ လ။ ဗျန္တိ ဟောတိ။

သော ခေါ ဘိက္ခဝေ သမယော၊ ယံ။ လ။ နိရယဿ ပစ္ဆိမံ ဒွါရံ အပါပုရိယတိ။ ဥတ္တရံ ဒွါရံ အပါပုရိယတိ။ ဒက္ခိဏံ ဒွါရံ အပါပုရိယတိ။ သော တတ္ထ ဒီဃေန။လ။ဗျန္တိ ဟောတိ။

သော ခေါ ဘိက္ခဝေ သမယော။ လ။ နိရယဿ ပုရတ္ထိမံ ဒွါရံ အပါပုရိယတိ။သော တတ္ထ ဒီဃေန ။လ။တာဒိသမေဝ ဟောတိ။ သော တေန ဒွါရေန နိက္ခမတိ။

၉။ တဿ ခေါ ပန ဘိက္ခဝေ မဟာနိရယဿ သမနန္တရာ သဟိတမေဝ မဟန္တော ဂူထနိရယော၊ သော တတ္ထ ပတတိ။ တသ္မိံ ခေါ ပန ဘိက္ခဝေ ဂူထနိရယေ သူစိမုခါ ပါဏာ ဆဝိံ ဆိန္ဒန္တိ၊ ဆဝိံ ဆေတွာ စမ္မံ ဆိန္ဒန္တိ၊ စမ္မံ ဆေတွာ မံသံ ဆိန္ဒန္တိ၊ မံသံ ဆေတွာ နှာရုံ ဆိန္ဒန္တိ။ နှာရုံ ဆေတွာ အဋ္ဌိံ ဆိန္ဒန္တိ၊ အဋ္ဌိံ ဆေတွာ အဋ္ဌိမိဉ္ဇံ ခါဒန္တိ၊ သော တတ္ထ ဒုက္ခာ။ လ။ ဗျန္တိဟောတိ။

တဿ ခေါ ပန ဘိက္ခဝေ ဂူထနိရယဿ သမနန္တရာ သဟိတမေဝ မဟန္တော ကုက္ကုဠနိရယော၊ သော တတ္ထ ပတတိ။ သော တတ္ထ ဒုက္ခာ ။လ။ဗျန္တိဟောတိ။

တဿ ခေါ ပန ဘိက္ခဝေ ကုက္ကုဠနိရယဿ သမနန္တရာ သဟိတမေဝ မဟန္တံ သိမ္ဗလိဝနံ ဥဒ္ဓံ

ယောဇနသမုဂ္ဂတံ သောဠသင်္ဂုလကဏ္ဋကံ အာဒိတ္တံ
သမ္ပဇ္ဇလိတံ သဇောတိဘူတံ၊ တတ္ထ အာရောပေန္တိပိ
ဩရောပေန္တိပိ။ သော တတ္ထ ဒုက္ခာ။လ။ဗျန္တီ ဟောတိ။

တဿ ခေါ ပန ဘိက္ခဝေ သိမ္ဗလိဝနဿ သ-
မနန္တရာ သဟိတမေဝ မဟန္တံ အသိပတ္တဝနံ၊
သော တတ္ထ ပဝိသတိ။ တဿ ဝါတေန ပဟ-
ရိတာနိ ပတ္တာနိ ဟတ္ထံပိ ဆိန္ဒန္တိ၊ ပါဒံပိ ဆိန္ဒန္တိ၊
ဟတ္ထပါဒံပိ ဆိန္ဒန္တိ၊ ကဏ္ဏံပိ ဆိန္ဒန္တိ၊ နာသံပိ
ဆိန္ဒန္တိ၊ ကဏ္ဏနာသံပိ ဆိန္ဒန္တိ။ သော တတ္ထ ဒုက္ခာ
။လ။ ဗျန္တီ ဟောတိ။

တဿ ခေါ ပန ဘိက္ခဝေ အသိပတ္တဝနဿ သမ-
နန္တရာ သဟိတမေဝ မဟတီ ခါရောဒကနဒီ၊ သော
တတ္ထ ပတတိ။ သော တတ္ထ အနုသောတံပိ ဝုယှတိ၊
ပဋိသောတံပိ ဝုယှတိ၊ အနုသောတပဋိသောတံပိ
ဝုယှတိ။ သော တတ္ထ ဒုက္ခာ။လ။ ဗျန္တီ ဟောတိ။

၁၀။ တမေနံ ဘိက္ခဝေ နိရယပါလာ ဗလိသေန
ဥဒ္ဓရိတွာ ထလေ ပတိဋ္ဌပေတွာ ဧဝမာဟံသု "အမ္ဘော
ပုရိသ ကိံ ဣစ္ဆသီ"တိ။ သော ဧဝမာဟ "ဇိဃစ္ဆိ-
တောသ္မိ ဘန္တေ"တိ။ တမေနံ ဘိက္ခဝေ နိရယပါလာ
တတ္တေန အယောသံကုနာ မုခံ ဝိဝရိတွာ အာဒိတ္တေန
သမ္ပဇ္ဇလိတေန သဇောတိဘူတေန တတ္တံ လောဟဂုဠံ
မုခေ ပက္ခိပေန္တိ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ။
တံ တဿ ဩဋ္ဌံပိ ဒဟတိ၊ မုခံပိ ဒဟတိ၊ ကဏ္ဌံပိ
ဒဟတိ၊ ဥဒရံပိ ဒဟတိ၊ အန္တံပိ ဒဟတိ၊ အန္တဂုဏံပိ

အာဒါယ အဓောဘာဂါ နိက္ခမတိ။ သော တတ္ထ ဒုက္ခာ။ လ။ ဗျန္တိ ဟောတိ။

တမေနံ ဘိက္ခဝေ နိရယပါလာ ဧဝမာဟံသု "အမ္ဘော ပုရိသ ကိံ ဣစ္ဆသီ"တိ။ သော ဧဝမာဟ "ပိပါသိတောသ္မိ ဘန္တေ"တိ။ တမေနံ ဘိက္ခဝေ နိရယပါလာ တတ္တေန အယောသံကုနာ မုခံ ဝိဝရိတွာ အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန တတ္တံ တမ္ဗလောဟံ အာသိဉ္စန္တိ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ။သော တတ္ထ ဒုက္ခာ။လ။ဗျန္တိ ဟောတိ။ တမေနံ ဘိက္ခဝေ နိရယပါလာ ပုန မဟာနိရယေ ပက္ခိပန္တိ။

ဘူတပုဗ္ဗံ ဘိက္ခဝေ ယမဿ ရညော ဧတ-ဒဟောသိ "ယေ ကိရ ဘော လောကေ ပါပကာနိ ကမ္မာနိ ကရောန္တိ၊ တေ ဧဝရူပါ ဝိဝိဓာ ကမ္မကာရဏာ ကရီယန္တိ၊ အဟော ဝတာဟံ မနုဿတ္တံ လဘေယျံ၊ တထာဂတော စ လောကေ ဥပ္ပဇ္ဇေယျ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ တဉ္စာဟံ ဘဂဝန္တံ ပယိရုပါသေယျံ၊ သော စ မေ ဘဂဝါ ဓမ္မံ ဒေသေယျ၊ တဿ စာဟံ ဘဂဝတော ဓမ္မံ အာဇာနေယျ"န္တိ။ တံ ခေါ ပနာဟံ ဘိက္ခဝေ နာညဿ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ သုတွာ ဝဒါမိ။ အပိ စ ယဒေဝ သာမံ ဉာတံ သာမံ ဒိဋ္ဌံ သာမံ ဝိဒိတံ၊ တမေဝါဟံ ဝဒါမိ။

၁၁။ ဣမေဝေါစ ဘဂဝါ။ ဣဒံ ဝတွာန သုဂတော၊ အထာပရံ ဧတဒဝေါစ သတ္ထာ—

"စောဒိတာ ဒေဝဒူတေဟိ၊
ယေ ပမဇ္ဇန္တိ မာဏဝါ။
တေ ဒီဃရတ္တံ သောစန္တိ၊
ဟီနကာယူပဂါ နရာ။ ။

ယေ စ ခေါ ဒေဝဒူတေဟိ၊
သန္တော သပ္ပုရိသာ ဣဓ။
စောဒိတာ နပ္ပမဇ္ဇန္တိ၊
အရိယဓမ္မေ ကုဒါစနံ။ ။

ဥပါဒါနေ ဘယံ ဒိသွာ၊
ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊
ဇာတိမရဏသံခယေ။ ။

တေ အပ္ပမတ္တာ သုခိနော၊
ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ။
သဗ္ဗဝေရဘယာတီတာ၊
သဗ္ဗဒုက္ခံ ဥပစ္စဂု"န္တိ။ ။

## ၎င်းဒေဝဒူတသုတ်အနက်

၁။ ဘန္တေကဿပ၊အရှင်မဟာကဿပ။ဣဒံသုတ္တံ၊ ဤဒေဝဒူတသုတ်ကို။ မေ၊ ဤသို့။ မေ-မယာ အာနန္ဒ ထေရေန၊ ငါ အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကာ၊ အထံတော်မှ။ သုတံ၊ ကြားနာလိုက်ရ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧကံ သမယံ၊ အခါတပါး၌။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊

နှလုံးမွေ့လျော် ပျော်ဘွယ်ရှိသော။ ဇေတဝနေ၊ ဇေတဝန် ခေါ် ရွှေကျောင်းတော်ဗိမာန်၌။ ဝိဟရတိ၊ ယာပိုထ် ရှင်ပျော် စံပယ်တော်မူ၏။ တတြခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်မိန့် တော်မူ၏။ တေဘိက္ခူ၊ ထိုရဟန်းတို့က။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝါ၊ မြတ်စွာဘုရားအား။ ဝစနံ၊ စကားတော်ကို။ ပစ္စဿောသုံ၊ ဝန်ခံကြကုန်၏။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဧတံ၊ ဤသို့သောစကား တရားတော်ကို။ အဝေါစ၊ မိန့်တော်မူပြီ။

ဘိက္ခဝေ။ ရဟန်းတို့။ သေယျထာပိခေါ၊ ဥပမာမည် သည်ကား။ သန္ဓိဒွါရာ၊ မုခ်ထွက်နှင့်တကွ စပ်သော တံခါးရှိကုန်သော။ ဒွေအာဂါရာ၊ နှစ်အိမ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တတြ၊ ထိုအိမ်၌။ စက္ခုမြာ၊ မျက်စိအ မြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ မဇ္ဈေ၊ အလယ်၌။ ဌိတော၊ တည်ရပ်လျက်။ ဂေဟာ၊ အိမ်သို့။ ပဝိသန္တေပိ၊ ဝင်သည်လည်းဖြစ်ကုန်သော။ နိက္ခ- မန္တေပိ၊ ထွက်သည်လည်းဖြစ်ကုန်သော။ အနုသဉ္စ- ရန္တေပိ၊ ဤအိမ်မှထိုအိမ်သို့ သွားသည်လည်းဖြစ်ကုန် သော။ အနုဝိစရန္တေပိ၊ ထိုအိမ်မှဤအိမ်သို့ ဝင်သည် လည်းဖြစ်ကုန်သော၊ မနုဿေ၊ လူတို့ကို။ ပဿေယျ ယထာ၊ ချက်တွေ့ထင်ထင် မြင်ရာကဲ့သို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရား သည်။ ဝိသုဒ္ဓေန၊ စင်ကြယ်စွာသော။ အတိက္ကန္တ-

မာနုသကေန၊ လူတို့၏မျက်စိအမြင်ကို လွန်သော။ ဒိဗ္ဗေနစက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿာမိ၊ မြင်၏။ စဝမာနေ၊ စုတေဆဲ ဖြစ်ကုန်သော။ ဥပပဇ္ဇမာနေ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ ဟီနေ၊ ယုတ်ကုန်သော။ ပဏီတေ၊ မြတ်ကုန်သော။ သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အဆင်းမလှကုန်သော။ သုဂတေ၊ ကောင်းသောအလား ရှိကုန်သော။ ဒုဂ္ဂတေ၊ မကောင်းသော အလားရှိကုန်သော။ ယထာကမ္မုပဂေ၊ ကံအားလျော်စွာ လားကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဇာနာမိ၊ အပြားအားဖြင့် သိ၏။

ဘောန္တော၊ အချင်းတို့။ ဝတ၊ စင်စစ်။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ကာယသုစရိတေန၊ ကာယသုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝစီသုစရိတေန၊ ဝစီသုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ မနောသုစရိတေန၊ မနောသုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့ကို။ အနုပဝါဒကာ၊ မစွပ်စွဲတတ်ကုန်။ သမ္မာဒိဋ္ဌိကာ၊ ဖြောင့်မတ်သောအယူရှိကုန်၏။ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ သမ္မာဒိဋ္ဌိအားဖြင့် ဆောက်တည်အပ်သောကံ ရှိကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရမ္မရဏာ၊ စုတိ၏နောက်ကာလ၌။ သုဂတိံ၊ ကောင်းသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂလောကံ၊ နတ်ရွာ၌။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ဘောန္တော၊ အချင်းတို့။ ဣမေဝါပနသတ္တာ၊ ဤသတ္တဝါ တို့

သည်။လ။ ပရမ္မရဏာ၊ စုတိ၏နောက်ကာလ၌။ မနု
ဿေသု၊ လူတို့၌။ ဥပပန္နာ၊ ဖြစ်ရကုန်၏။ ဘောန္တော၊
အချင်းတို့။ ဝတ၊ စင်စစ်။ ဣမေ သတ္တာ၊ တို့သည်။
ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်နှင့်။ သမန္နာဂတာ၊
ပြည့်စုံကုန်၏။ ဝစီဒုစ္စရိတေန၊ နှင့်။ သမန္နာဂတာ၊ ကုန်
၏။ မနောဒုစ္စရိတေန'မနောဒုစရိုက်နှင့်။ သမန္နာဂတာ၊
ကုန်၏။ အရိယာနံ၊ တို့ကို။ ဥပဝါဒကာ၊ စွပ်စွဲတတ်ကုန်
၏။ မိစ္ဆာဒိဋ္ဌိကာ၊ မှားသောအယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိ-
ကမ္မသမာဒါနာ၊ မှားသောအယူအားဖြင့် ဆောက်
တည်အပ်သောကံရှိကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါ
တို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ မှ။ ပရမ္မဏာ၊ ၌။
ပေတ္တိဝိသယံ၊ပြိတ္တာဘုံ၌။ဥပပန္နာ၊ကုန်၏။ ဘောန္တော၊
တို့။ ဣမေဝါပနသတ္တာ၊ တို့သည်။လ။ ပရမ္မရဏာ၊ ၌။
တိရစ္ဆာနယောနိံ၊ တိရစ္ဆာန်မျိုး၌။ ဥပပန္နာ၊ ကုန်၏။
ဘောန္တော၊ တို့။ ဣမေဝါပနသတ္တာ၊ တို့သည်။လ။
ပရမ္မရဏာ၊ ၌။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏လား
ရာဖြစ်သော။ ဝိနိပါတံ၊ မကောင်းသောသူတို့၏ ခံနေရာ
ဖြစ်သော။ နိရယံ၊ ငရဲ၌။ ဥပပန္နာ၊ ကုန်၏။

၂။ ဘိက္ခဝေ၊ တို့။ တမေနံ၊ ထိုဥဿဒ္ဒရက်ငရဲ အ
နီးအပါးသို့ ရောက်လာသောသူကို။ နိရယပါလာ၊
ဝေမာနိကနတ်စိမ်း ငရဲထိန်းတို့က။ နာနာ၊ အသီး
အသီး။ ဗာဟာသု၊ လက်မောင်းလက်ရုံးတို့၌။ ဂဟေ-
တွာ၊ ကိုင်ငင်၍။ ယမဿ ရညော၊ ယမမင်းအား။
ဒဿေန္တိ၊ ပြကုန်၏။ ဘိက္ခဝေ၊ တို့။ တမေနံ၊ ထိုပြလာ
အပ်သော ယောကျ်ားကို။ ယမောရာဇာ၊ ယမမင်းက။

ပထမံ၊ ရှေးဦးစွာသော။ ဒေဝဒူတံ၊ သေမင်းတမန်ကို။ သမနုယုဥ္ဇတိ၊ စိစစ်၏။ သမနုဂ္ဂါဟတိ၊ မိမိအယူကို မေးစစ်၏။ သမနုဘာသတိ၊ အကြောင်းကို မေး၏။ အမ္ဘော ပုရိသ၊ အိုယောကျ်ား။ တွံ၊ သင်သည်။ မနုဿေသု၊ လူတို့၌။ ပါတုဘူတံ၊ ထင်ရှားဖြစ်သော။ ပထမံ၊ ရှေးဦးစွာသော။ ဒေဝဒူတံ၊ သေမင်းတမန်ကို။ နအဒ္ဒသ၊ မမြင်ခဲ့လော။ ဣတိ၊ ဤသို့၊ သမနုယုဥ္ဇတိ၊ ၏။ သော၊ ထိုပြလာအပ်သော ယောကျ်ားက။ ဘန္တေ၊ အသျှင်။နာဒ္ဒသံ၊မမြင်ဘူးပါ။ ဣတိ-ဝံ၊ ဤသို့။ အာဟ၊ သံတော်ဦးရှိ လျှောက်ထား၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ၊ ထိုသူကို။ ယမော ရာဇာ၊ ယမမင်းက။ အမ္ဘော ပုရိသ၊ အိုယောကျ်ား။ တွံ၊ သင်သည်။ မနုဿေသု၊ တို့၌။ ဥတ္တာနသေယျကံ၊ ပက်လက်သာ နေတတ်ကာမျှဖြစ်သော။ သကေ မုတ္တ ကရီသေ၊ မိမိ၏ကျင်ကြီးကျင်ငယ်၌။ ပလိပန္နံ၊ နစ်မြုပ် လျက်။ သေယျမာနံ၊ အိပ်ရသော။ ဒဟရကုမာရံ၊ ဝမ်းတွင်းလွတ်ခါ သူငယ်စွာကို။ နအဒ္ဒသ၊ မမြင်ခဲ့ လော။ ဣတိ-ဝံ၊ ဤသို့။ အာဟ၊ မေးစစ်၏။ သော၊ ထိုယောကျ်ားက။ ဘန္တေ၊ အသျှင်။ အဒ္ဒသံ၊ မြင်ခဲ့ ဘူးပါ၏။ ဣတိ-ဝံ၊ ဤသို့။ အာဟ၊ ၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ ယမော ရာဇာ၊ က။ အမ္ဘော ပုရိသ၊ ယောကျ်ား။ ဝိညုဿ၊ သိကြားလိမ္မာ သော။မဟလ္လကဿ၊အသက်အရွယ်ကြီးသည်။သတော၊ ဖြစ်သော။ တဿ တေ၊ ထိုသင်အား။ ဧတံ-ပရိဝိ တက္ကနံ၊ ဤသို့သောအကြံသည်။ နာဟောသိ၊ မဖြစ်

လေ။ အဟံပိ၊ ငါသည်လည်း။ ဇာတိမေ္ဗာ၊ ပဋိသန္ဓေနေရခြင်း သဘောရှိသည်။ခေါ၊ စင်စစ်။ အမှို၊၏။ ဇာတိံ၊ ပဋိသန္ဓေ နေရခြင်းသဘောကို။ အနတီတော၊ မလွန်နိုင်သည်။ အမှို၊၏။ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ကာယေန၊ ကာယဒွါရဖြင့်။ ဝါစာယ၊ ဝစီဒွါရဖြင့်။ မနသာ၊ မနောဒွါရဖြင့်။ကလျာဏံ။ ကုသိုလ်ကောင်းမှုကို။ ကရောမိ၊ ပြုအံ့။ဣတိ၊ ဤသို့သောအကြံသည်။ နအဟောသိ၊ မဖြစ်လော။ဣတိ-ဧဝံ။ ဤသို့။ အဟ၊ မေးစစ်၏။ သော၊ ထိုယောကျ်ားက။ ဘန္တေ၊အသျှင်။ အဟံ၊ အကျွန်ုပ်သည်။ နာသက္ခိံ၊ မစွမ်းနိုင်။ ဘန္တေ၊ အသျှင်။ အဟံ၊ သည်။ ပမာဒဿံ၊မေ့လျော့ချွတ်ယွင်း အဖျင်းဖျင်းနေမိခဲ့ပြီ။ ဣတိ-ဧဝံ၊ဤသို့။အာဟ၊ သံတော်ဦးရှိ လျှောက်ထား၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ ယမောရာဇာ၊ က။ အမ္ဘောပုရိသ၊ ယောကျ်ား။ တွံ၊ သည်။ ပမာဒဝတာယ၊ မေ့လျော့ချွတ်ယွင်း အဖျင်းဖျင်းနေမိသည်၏ အဖြစ်ကြောင့်။ ကာယေန၊ ဖြင့်။ ဝါစာယ၊ဖြင့်။ မနသာ၊ဖြင့်။ ကလျာဏံ၊ ကို။ နအကာသိ၊ မပြုခဲ့။ အမ္ဘောပုရိသ၊ ယောကျ်ား။ တဥ္စ၊ စင်စစ်။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဝိဟိံသန္တိ၊ ညှဉ်းဆဲကုန်၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ပမတ္တံ၊ မေ့လျော့ချွတ်ယွင်း အဖျင်းဖျင်းနေသော။ တံ၊ သင့်ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ခေါပန၊ စင်စစ်ကား။ တေ၊ သင်၏။ တံ-ဧတံ ပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ မာတရာ၊ အမိသည်။ နေဝ

ကတံ၊မပြုအပ်။ ပိတရာ၊ အဘသည်။ နကတံ၊ မပြုအပ်။ ဘာတရာ၊ အစ်ကိုယ်သည်။ နကတံ၊ မပြုအပ်။ ဘဂိနိယာ၊ နှမသည်။ နကတံ၊ မပြုအပ်။ မိတ္တာမစ္စေဟိ၊ အဆွေခင်ပွန်း ချစ်ကျွမ်းမိတ်ဝင် ကြင်နာကုန်သော သူတို့သည်။နကတံ၊မပြုအပ်။ ဉာတိသာလောဟိတေဟိ၊ မိဆွေဘမျိုးတို့သည်။ နကတံ၊ မပြုအပ်။ သမဏဗြာဟ္မဏေဟိ၊ ရဟန်းပုဏ္ဏားတို့သည်။ နကတံ၊ မပြုအပ်။ ဒေဝတာဟိ၊ နတ်တို့သည်။ နကတံ၊ မပြုအပ်။ တေံ-ပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ တယာဝ၊ သင်သည်ပင်လျှင်။ ကတံ၊ ပြုအပ်၏။ တွံယေဝ၊ သင်သည်ပင်လျှင်။တဿ၊ ထိုမကောင်းမှုကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိသံဝေဒေဿသိ၊ ခံစားရလတ့်။ ဣတိ-ဧဝံ၊ ဤသို့၊ အာဟ၊ ဆို၏။

၃။ ဘိက္ခဝေ၊ တို့။ တမေနံ၊ကို။ ယမောရာဇာ၊က။ ပဌမံ၊သော။ ဒေဝဒူတံ၊ ကို။ သမနုယုဉ္ဇိတွာ၊ ၍။ သမနုဂ္ဂါဟိတွာ၊ ၍။ သမနုဘာသိတွာ၊ ၍။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ ဒေဝဒူတံ၊ သေမင်းတမန်ကို။ သမနုယုဉ္ဇတိ၊ ၏။လ။ပါတုဘူတံ၊သော။ ဒုတိယံ၊ ကို။ နအဒ္ဒသ၊ မမြင်လော။ ဣတိ-ဧဝံ၊ သို့။ သမနုယုဉ္ဇတိ၊ ၏။ သော၊ ထိုယောကျ်ားသည်။ ဘန္တေ၊ အသျှင်။ နာဒ္ဒသံ၊ မမြင်ဘူးပါ။ ဣတိ-ဧဝံ၊ဤသို့။ အာဟ၊၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ ယမောရာဇာ၊ က။ အမ္ဘောပုရိသ၊ ယောကျ်ား။ တွံ၊ သည်။ မနုဿေသု၊ တို့၌။ ဇိဏ္ဏံ၊ အိုသော။ ဂေါပါနသိဝင်္ကံ၊ အခြင်

ကွဲ့သို့ကောက်သော။ ဘောဂံ၊ ကျိုးသောခါး ရှိသော။
ဒဏ္ဍပရာယနံ၊ တောင်းဝှေးလျှင် စွဲလမ်းရာ ရှိသော။
ပဝေဓမာနံ၊ တုန်လှုပ်လျက်။ ဂစ္ဆန္တံ၊ သွားသော။ အာ
တုရံ၊ ကျင်နာသော။ ဂတယောဗ္ဗနံ၊ တတိယအရွယ်ကို
လွန်ပြီးသော။ ခဏ္ဍဒန္တံ၊ ကျိုးသောသွားရှိသော။ ပလိ-
တကေသံ၊ ဖြူသောဆံပင်ရှိသော။ ဝိလုနံ၊ အစုတ်စုတ်
အပြတ်ပြတ်သော ဆံပင်ရှိသော။ ခလိတသိရံ၊ ဆံပင်
ကျွတ်၍ဦးတျင်းသော ဦးခေါင်းရှိသော။ ဝလိနံ၊ တွန့်
လိပ်သောအရေရှိသော။ တိလကာဟတဂတ္တံ၊ မှဲ့ဖြူ, မှဲ့
မည်း စွဲသောကိုယ်ရှိသော။ ဒူတ္တိ ံဝါ၊ မိန်းမကိုဖြစ်စေ။
ပုရိသံဝါ၊ ယောကျ်ားကိုဖြစ်စေ။ နအဒ္ဒသ၊ မမြင်လော။
ဒူတိ-ဝေံ၊ သို့။ အာဟ၊ မေးစစ်၏။ သော၊ ထိုယောကျ်ား
က။ ဘန္တေ၊ အသျှင်။ အဒ္ဒသံ၊ မြင်ခဲ့ဘူးပါ၏။ ဒူတိ-ဝေံ၊
သို့။ အာဟ၊ ထား၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ ယမောရာဇာ၊ က။ လ။
အဟံပိ၊ သည်လည်း။ ဇရာဓမ္မော၊ ဆိုးရွားရွတ်ရွ အိုရ
ခြင်းသဘောရှိသည်။ ခေါ၊ စင်စစ်၊ အမှိ၊ ၏။ ဇရံ၊ ဆိုး
ရွားရွတ်ရွ အိုရခြင်းသဘောကို။ အနတီတော၊ မလွန်နိုင်
သည်။ အမှိ၊ ၏။ လ။ ဒူတိ၊ ဤသို့သောအကြံသည်။ နအ-
ဟောသိ၊ မဖြစ်လော။ ဒူတိ-ဧဝံ၊ ဤသို့။ အာဟ၊ မေးစစ်
၏။ သော၊ ထိုယောကျ်ားက။ ဘန္တေ၊ အသျှင်။ အဟံ၊ သည်။
နာသက္ခိသံ၊ နိုင်။ ဘန္တေ၊ အသျှင်။ အဟံ၊ သည်။ ပမာ-
ဒသံ၊ မေ့လျော့ချွတ်ယွင်း အဖျင်းဖျင်းနေမိခဲ့၏။ ဒူတိ-
ဝေံ၊ သို့။ အာဟ၊ ထား၏။

ဘိက္ခဝေ၊ တို့။ တမေန်၊ ကို။ ယမောရာဇာ၊ က။လ။ ပဋိသံဝေဒေဿသိ၊ခံစားရလတံ့။ဣတိ-ဝံ၊သို့။အာဟ။ ဆို၏။

၄။ ဘိက္ခဝေ၊တို့။ တမေန်၊ကို။ ယမော ရာဇာ၊က။ ဒုတိယံ၊ သော။ ဒေဝဒူတံ၊ ကို။ သမနုယုဉ္ဇတိ၊ ၍။ သမနုဂ္ဂါဟတိ၊ ၍။ သမနုဘာသတိ၊ ၍။ တတိယံ၊ သော။ ဒေဝဒူတံ၊ ကို။ သမနုယုဉ္ဇတိ၏။လ။ပါတုဘူတံ၊ သော။ တတိယံ၊ သုံးကြိမ်မြောက်သော။ ဒေဝဒူတံ၊ ကို။ နအဒ္ဒသ၊လော။ ဣတိ-ဝံ၊ သို့။ သမနုယုဉ္ဇတိ၊ ၏။ သော၊ ထိုယောကျ်ားက။ ဘန္တေ၊အသျှင်။ အဟံ၊ သည်။ နာဒ္ဒသံ၊ မမြင်ဘူးပါ။ ဣတိ-ဝံ၊ သို့။ အာဟ၊ ထား၏။

ဘိက္ခဝေ၊ တို့။ တမေန်၊ ကို။ ယမောရာဇာ၊ က။ အမ္ဘော ပုရိသ၊ ယောကျ်ား။ တွံ၊ သည်။ မနုဿေသု၊ တို့၌။ အာဗာဓိတံ၊ ရောဂါအနာဖြင့်နှိပ်စက်အပ်သော။ ဒုက္ခိတံ၊ ဆင်းရဲသော။ ဗာဠ္ဟဂိလာနံ၊ ပြင်းစွာနာသည် ဖြစ်၍။ သကေမုတ္တကရီသေ၊ မိမိ၏ကျင်ကြီးကျင်ငယ်၌။ ပလိပန္နံ၊ နစ်မြုပ်လျက်။သေယျမာနံ၊ အိပ်နေရသော။ အညေဟိ၊ သူတပါးတို့သည်။ ဝုဋ္ဌာပိယမာနံ၊ ထစေ အပ်သော။ အညေဟိ၊ သူတပါးတို့သည်။ သံဝေသိယ မာနံ၊ အိပ်စေအပ်သော။ ဣတ္ထိံ ဝါ၊ ကိုရင်း။ ပုရိသံ ဝါ၊ ကိုရင်း။ နအဒ္ဒသ၊ မမြင်ခဲ့လော။ ဣတိ-ဝံ၊ သို့။ အာဟ၊ မေးစစ်၏။ သော၊ ထိုယောကျ်ားက။ ဘန္တေ၊ အသျှင်။အဟံ၊သည်။ အဒ္ဒသံ၊မြင်ခဲ့ဘူးပါ၏။ ဣတိ-ဝံ၊ သို့။ အာဟ၊ ထား၏။

ဘိက္ခဝေ၊ တို့။ တမေန်၊ ကို။ ယဒေမာ ရာဇာ၊ က။ အမ္ဗောပုရိသ၊ ယောက်ျား။လ။ အဟံပိ၊ သည်လည်း။ ခေါ၊စင်စစ်။ ဗျာဓိဓမ္မော၊နာခြင်းသဘောရှိသည်။ အမှိ၊ ၏။ ဗျာဓိံ၊ နာခြင်းသဘောကို။ အနတီတော၊ နိုင်။ လ။ ဘန္တေ၊ အသျှင်။ ပမာဒသည်၊ပြီ။ ဣတိ-ဝံ၊သို့။ အာဟ၊ ထား၏။

ဘိက္ခဝေ၊ တို့။ တမေန်၊ ကို။ ယမော ရာဇာ၊ က။ အမ္ဗောပုရိသ၊ ယောက်ျား။ လ။ ပဋိသံဝေဒေဿသိ၊ ခံစားရလတံ့။ ဣတိ-ဇံဝံ၊ သို့။ အာဟ၊ ဆို၏။

၅။ ဘိက္ခဝေ၊ တို့။ တမေန်၊ကို။ ယမောရာဇာ၊က။ တတိယံ၊ သုံးကြိမ်မြောက်ဖြစ်သော။ ဒေဝဒူတံ၊ ကို။ သမနုယုဥ္ဇတွာ၊ ၍၊ သမနုဂ္ဂါဟိတွာ၊၍။ သမနုဘာသိ-တွာ၊ ၍။ စတုတ္ထံ၊ သော။ ဒေဝဒူတံ၊ ကို။ သမနုယုဥ္ဇတိ၊ ၏။လ။ ပါတုဘူတံ၊ သော။ ဒေဝဒူတံ၊ ကို။ နအဒ္ဒသ၊ မမြင်လော။ ဣတိ-ဇဝံ၊ ဤသို့။ သမနုယုဥ္ဇတိ၊ ၏။ သော၊ ထိုယောက်ျားသည်။ ဘန္တေ၊ အသျှင်။ နာဒ္ဒသံ၊ မမြင်ဘူးပါ။ ဣတိ-ဇဝံ၊ဤသို့။ အာဟ၊၏။

ဘိက္ခဝေ၊ တို့။ တမေန်၊ ကို။ ယမော ရာဇာ၊ က။ အမ္ဗောပုရိသ၊ ယောက်ျား။ တွံ၊ သည်။ မနုဿေသု၊ တို့၌။ ရာဇာနော၊ မင်းတို့သည်။ အာဂုစာရိံ၊ ယုတ်မာညစ်ကျုံး ခိုးမှုကိုပြုကျင့်သော။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဘမ်းယူ၍။ ဝိဝိဓာနိ၊ အထူးထူး အပြားပြား ကုန်သော။ ကမ္မကရဏာနိ။ ညှဉ်းဆဲခြင်း အမှုတို့ကို။ ကရောန္တေ၊ ပြုသည်တို့ကို။ ကသာဟိပိ၊

ကြိမ်တို့ဖြင့်လည်း။ တာဠေနွေ့၊ ရိုက်ခတ်သည်တို့ကို။ ဝေတ္တေဟိပိ၊ လိပ်ကျောက်မြီးထူး အဆူးရှိကုန်သော ကြိမ်နွယ်တို့ဖြင့်လည်း။ တာဠေန္တေ၊ ရိုက်ခတ်သည် တို့ကို။ အဍ္ဎဒဏ္ဍကေဟိပိ၊ ဝါးခြမ်းလုံဒဏ်တို့ဖြင့် လည်း။ တာဠေန္တေ၊ ရိုက်ခတ်သည်တို့ကို။ ဟတ္ထံပိ၊ လက်ကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ ပါဒံပိ၊ ခြေကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ ဟတ္ထပါဒံပိ၊ လက်ခြေကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ ကဏ္ဏံပိ၊ နားကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ နာသံပိ၊ နှာခေါင်းကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ ကဏ္ဏနာသံပိ၊ နားနှာခေါင်းအစုံကိုလည်း။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ ဗိလင်္ဂထာလိကံပိ၊ ကျိုက်ကျိုက်ဆူ သောပုန်းရည်အိုးကဲ့သို့ ဦးခေါင်းခွံကိုခွါ၍ သံပူရဲရဲဖြင့် ထိုးမွှေညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ ပြုသည် တို့ကို။ သင်္ခမုဏ္ဍံပိ၊ ဦးခေါင်းရေကိုခွါ၍ ခရုသင်းကဲ့သို့ ဖြစ်စေသော ညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ ပြုသည်တို့ကို။ ရာဟုမုခံပိ၊ ခံတွင်းကိုထွင်း၍မီးတောက် စေသော ညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ ပြုသည် တို့ကို။ ဇောတိမာလိကံပိ၊ ဆီပန်းဆိုးဖြင့် ကိုယ်ကိုရစ်၍ မီးတိုက်သော ညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ဟတ္ထပဇ္ဇောတိကံပိ၊ ဆီပန်းဆိုးကိုလက်၌ရစ်၍ မီးတိုက်သော ညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ဧရကဝတ္တိကံပိ၊ ပိတ်ထည်ကိုဆုတ်သကဲ့သို့ အရေကို ဆုတ်ခွါသောညှဉ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ စီရကဝါသိကံပိ၊ လျှော်မျှင်ပန်းဆိုးကို ဝတ်သကဲ့သို့

လည်ပင်းမှာအရေကိုဆုတ်ခွါ၍ ခါးထက်၌ စုပုံ၍ထား ခြင်း, ခါးအောက်အရေကိုဆုတ်ခွါ၍ ဖမျက်ပေါ်၌ စုပုံ၍ ထားခြင်းတည်းဟူသော ညှဥ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ဧဏေယျကံပိ၊ တတောင်ဆစ်, ဘဝါးဆစ်,ဒူးနှစ်ဘက်တို့၌ သံကွင်းတပ်၍ သံတံကျင် လေးချောင်းနှက်ပြီးလျှင် မြေ၌ထောင်စိုက်၍ မီးပတ် လည်တိုက်သော ညှဥ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ဗလိသမံသိကံပိ၊ သံမျှားချိတ်တို့ဖြင့် အရေ, အသား,အကြောတို့ကို ဆွဲငင်၍ထုတ်သောညှဥ်းဆဲခြင်း ကိုလည်း။ ကရောန္တေ၊ တို့ကို။ ကဟာပဏကံပိ၊ တသပြာ တသပြာ မျှလောက်အသားကို လှီးချသော ညှဥ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ခရာပဋိစ္ဆ ကံပိ၊ ဝက်မင်တံစစ်တို့ဖြင့် နှစ်မြုပ်အောင်ပွတ်တိုက် သော ညှဥ်းဆဲခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ ပလိဃပရိဝတ္တကံပိ၊ တစောင်းအိပ်စေ၍ နားတွင်း၌ သံတံကျင်ကို မြေသို့စူးဝင်အောင်နှက်ပြီးလျှင် ခြေနှစ် ချောင်းကိုကိုင်ငင်၍ ဆုံလည်ဆီပွတ်ကဲ့သို့ ပတ်ပတ် ချာချာလည်စေသောညှဥ်းဆဲခြင်းကိုလည်း။ကရောန္တေ၊ တို့ကို။ ပလာလပီဌကံပိ၊ ကောက်ရိုးအင်းပျဉ်ကဲ့သို့ အရိုးစုကိုနှုတ်၍ အသားစုသာကြွင်းစေသော ညှဥ်းဆဲ ခြင်းကိုလည်း။ ကရောန္တေ၊ တို့ကို။ တတ္တေန၊ ကျိုက် ကျိုက်ဆူသော။တေလေနာပိ၊ဆီဖြင့်လည်း။ဩသိဉ္စန္တေ၊ သွန်းလောင်းသည်တို့ကို။ သုနခေဟိပိ၊ ခွေးတို့ကိုလည်း။ ခါဒါပေန္တေ၊ ကိုက်စားစေသည်တို့ကို။ ဇီဝန္တံပိ၊ အသက်ရှိလျက်လည်း။ သူလေ၊ တံကျင်ဖြင့်။ ဥတ္တာ

သေန္တေ၊ လျှိုသည်တို့ကို။ အသိနာ၁ပိ၊ သန်လျက်ဖြင့်လည်း။သိသံ၊ဦးခေါင်းကို။ ဆိန္ဒန္တေ၊ ဖြတ်သည်တို့ကို။ နအဒ္ဒသ၊မမြင်ခဲ့လော။ဣတိ-ဧဝံ၊ သို့။ အာဟ၊မေးစစ်၏။ သော၊ ထိုယောက်ျားက။ ဘန္တေ၊အသျှင်။ အဟံ၊ သည်။ အဒ္ဒသ၊ မြင်ခဲ့ဘူးပါ၏။ ဣတိ-ဧဝံ၊သို့။ အာဟ၊ထား၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ ယမောရာဇာ၊ က။ အမ္ဘောပုရိသ၊ ယောက်ျား။ လ။ဘော၊ အချင်းတို့။ယေ၊ အကြင်လူတို့သည်။ ပါပကာနိ၊ ယုတ်မာကုန်သော။ ကမ္မာနိ၊ မကောင်းမှုတို့ကို။ ကရောန္တိကိရ၊ ပြုကုန်သတတ်။ တေ၊ ထိုလူတို့ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လျှင်။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ ဝိဝိဓာ၊ အထူးထူးအပြားပြားကုန်သော။ ကမ္မကရဏာ၊ညှဉ်းဆဲခြင်းအမှုတို့ကို။ကရိယန္တိ၊ ပြုအပ်ကုန်၏။ ပရတ္ထပန၊ တမလွန်ဘဝ၌ကား။ ကိမင်္ဂပန၊ အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ဟန္ဒ၊ ယခု။ အဟံ၊ သည်။ ကလျာဏံ၊ ကုသိုလ်ကောင်းမှုကို။ ကာယေန၊ဖြင့်။ဝါစာယ၊ဖြင့်။မနသာ၊ဖြင့်။ ကရောမိ၊ပြုအံ့။ ဣတိ၊ဤသို့သော အကြံသည်။နအဟောသိ၊မဖြစ်လော။ ဣတိ-ဧဝံ။ သို့၊ အာဟ၊မေးစစ်၏။သော၊ထိုယောက်ျားက။ ဘန္တေ၊အသျှင်။အဟံ၊သည်။နာသက္ခိံ၊ မစွမ်းနိုင်။ ဘန္တေ၊အသျှင်။အဟံ၊သည်။ပမာဒံသံ၊ပြီ။ ဣတိ-ဧဝံ၊သို့။ အာဟ၊ထား၏။

ဘိက္ခဝေ၊တို့။တမေနံ၊ကို။ယမော ရာဇာ၊က။လ။ပဋိသံဝေဒေဿသိ၊ ခံစားရလတံ့။ ဣတိ-ဧဝံ၊သို့။အာဟ၊ဆို၏။

၆။ ဘိက္ခဝေ၊တို့။ တမေနံ၊ကို။ ယမော ရာဇာ၊က။ စတုတ္ထံ၊လေးကြိမ်မြောက်ဖြစ်သော။ဒေဝဒူတံ၊ကို။ သမနုယုဉ္ဇိတွာ၊၍။လ။ပဥ္စမံ၊ငါးကြိမ်မြောက်ဖြစ်သော၊ဒေဝဒူတံ၊ကို၊သမနုယုဉ္ဇတိ၊၏။လ။ မနုဿေသု၊တို့၌။ကော-ဟမတံဝါ၊သေပြီး၍တရက်ရှိသည်လည်းဖြစ်သော။ဒွိဟမတံဝါ၊ သေပြီး၍နှစ်ရက်ရှိသည်လည်းဖြစ်သော။တီဟမတံဝါ၊ သေပြီး၍ သုံးရက်ရှိသည်လည်းဖြစ်သော။ဥဒ္ဓုမာတကံ၊ဖူးဖူးရောင်သော ကိုယ်ရှိသော။ဝိနီလကံ၊အဖြူအညို စသည်ဖြင့်ရောသော အဆင်းရှိသည်လည်း ဖြစ်သော။ ဝိပုဗ္ဗကံဇာတံ၊သွေးပြည်တို့ဖြင့် ယိုစီးသည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော။ ဣတ္ထိံ ဝါ၊မိန်းမကိုဎင်း။ ပုရိသံဝါ၊ယောကျ်ားကိုဎင်း။ တွံ၊သည်။ နအဒ္ဒသ၊မမြင်ခဲ့လော။ ဣတိ-ဧဝံ၊သို့။ အာဟ၊မေးစစ်၏။ သော၊ထိုယောကျ်ားက။ ဘန္တေ၊အသျှင်။ အဒ္ဒသံ၊မြင်ခဲ့ဘူးပါ၏။ ဣတိ-ဧဝံ၊သို့။ အာဟ၊ထား၏။

ဘိက္ခဝေ၊တို့။တမေနံ ကို။ ယမောရာဇာ၊က။လ။ အဟံပိ၊ လည်း။ခေါ၊စင်စစ်။ မရဏဓမ္မော၊ သေခြင်း သဘောသည်။ အမှိ၊ ဖြစ်ရအံ့။ မရဏံ၊ သေခြင်းသဘော ကို။ အနတီတော၊မလွန်နိုင်သည်။လ။ ပဋိသံဝေဒဿသိ၊ခံစားရလတံ့။ ဣတိ၊သို့။အာဟ၊ဆို၏။

၇။ ဘိက္ခဝေ၊တို့။တမေနံ၊ကို။ယမောရာဇာ၊သည်။ ပဥ္စမံ၊သော။ဒေဝဒူတံ၊ကို။သမနုယုဉ္ဇိတွာ၊၍။ သမနုဂ္ဂါဟိတွာ၊၍။ သမနုဘာသိတွာ၊၍။ တုဏှီ၊ဆိတ်ဆိတ်နေသည်။ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ တမေနံ၊ကို။နိရ-ယပါလာ၊ ဝေမာနိကနတ်စိမ်း ငရဲထိန်းတို့သည်။

ပဥ္စဝိဓဗန္ဓနံနာမ၊ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း မည်သော။ ကမ္မကရဏာံ၊ညှဥ်းဆဲခြင်းအမှုကို။ကရောန္တိ၊ ပြုကြကုန်၏။ တတ္တံ၊ ရဲရဲပြောင်ပြောင် မတောက်လောင် သော။အယောခိလံ၊ထန်းလုံးပမာဏရှိသော သံတံကျင် ကို။ မုခေန၊ ခံတွင်းဖြင့်။ ဂမေန္တိ၊ သွင်းကုန်၏။ တတ္တံ၊ သော။ အယောခိလံ၊ကို။ ဟတ္ထေ၊ လက်၌။ ဂမေန္တိ၊ ကုန်၏။ တတ္တံ ၊သော။ အယောခိလံ၊ ကို၊ ဒုတိ ယေ၊ နှစ်ခု မြောက်သော။ ဟတ္ထေ၊ ၌။ ဂမေန္တိ၊ ကုန်၏။ တတ္တံ၊သော။ အယောခိလံ၊ ကို။ ပါဒေ၊ ခြေ၌။ ဂမေန္တိ၊ကုန်၏။ တတ္တံ၊သော။ အယောခိလံ၊ ကို။ ဒုတိယေ၊သော။ပါဒေ၊၌။ ဂမေန္တိ၊ကုန်၏။ တတ္တံ၊ သော။ အယောခိလံ၊ကို။ မဇ္ဈေဥရသ္မိံ၊ ရင်လယ်၌။ ဂမေန္တိ၊သွင်းကုန်၏။ တတ္ထ၊ထိုငရဲ၌။ သော၊ထိုငရဲသူ သတ္တဝါသည်။ဒုက္ခာ၊ဆင်းရဲစွာသော။ တိဗ္ဗာ၊ထက်စွာ သော။ကဋုကာ၊ကျင်နာစွာသော။ဝေဒနာ၊ ဝေဒနာကို။ ဝေဒေတိ၊ခံစားရ၏။ ယာဝ၊အကြင်၍လောက်။တံ ပါပ ကမ္မံ၊ထိုမကောင်းမှုကံသည်။ ဗျန္တိ၊ကုန်သည်။နဟောတိ၊ မဖြစ်။တာဝ၊ထိုမျှလောက်ကာလပတ်လုံး။ န စ ကာ လံ ကရောတိ၊သေခြင်းကိုမပြု။

ဘိက္ခဝေ၊တို့။ တမေနံ၊ကို။ နိရယပါလာ၊တို့သည်။ သံဝေသိတွာ၊ အိပ်စေ၍။ ကုဌာရီဟိ၊ အိမ်မိုးတခြမ်း လောက် ပမာဏရှိသော ဓားမကြီးတို့ဖြင့်။တစ္ဆန္တိ၊ ရွေ ကုန်၏။ဘိက္ခဝေ၊တို့။တမေနံ၊ကို။နိရယပါလာ၊တို့သည်။ ဥဒ္ဒံပါဒံ၊ခြေမိုးမျှော်။အဓောသိရံ၊ဦးခေါင်းစောက်ထိုး။ ဌပေတွာ၊၍။ ဝါသီဟိ၊ ပဲခွပ်တို့ဖြင့်။ တစ္ဆန္တိ၊ရွေကုန်၏။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ နိရယပါလာ၊ တို့သည်။ ရထေ၊ ရထား၌။ ယောဇေတွာ၊ နွားကဲ့သို့ကဲ၍။ အာဒိတ္တာယ၊ ရဲရဲညီးသော။ သမ္ပဇ္ဇလိတာယ၊ ထက်ဝန်းကျင် တောက်သော။ သဇောတိဘူတာယ၊ အလျှံနှင့်တကွဖြစ်သော။ ပထဝိယာ၊ သံမြေ၌။ အာရောပေန္တိ၊ တက်စေကုန်၏။ ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ နိရယပါလာ၊ တို့သည်။ မဟန္တံ၊ ကြီးစွာသော။ အာဒိတ္တံ ၊သော။ သမ္ပဇ္ဇလိတံ၊ သော။သဇောတိဘူတံ၊သော။ အင်္ဂါရပဗ္ဗတံ၊မီးကျီးမီးစု တောင်သို့။ အာရောပေန္တိပိ၊ ရှေ့သို့လည်း တက်စေကုန်၏။ ဩရောပေန္တိ၊ အောက်သို့လည်း သက်စေကုန်၏။ ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ နိရယပါလာ၊ တို့သည်။ ဥဒ္ဓံပါဒံ၊ခြေမိုးမျှော်။ အဓောသိရံ၊ ဦးခေါင်း စောက်ထိုး။ ဂဟေတွာ၊ ကိုင်၍။ တတ္တာယ၊ ရဲရဲညီး သော။ အာဒိတ္တာယ၊ အလျှံရှိသော။ သမ္ပဇ္ဇလိတာယ၊ ထက်ဝန်းကျင်တောက်လောင်သော။ သဇောတိဘူတာယ၊ အလျှံနှင့်တကွ ဖြစ်သော။ လောဟကုမ္ဘိယာ၊ သံရေဖြင့် ပြည့်သောသံအိုး၌။ ပက္ခိပေန္တိ၊ ပစ်ချလိုက်ကုန်၏။ သော၊ ထိုငရဲသူသတ္တဝါသည်။ တတ္ထ၊ ထိုငရဲအိုး၌။ ဖေဏုဒ္ဒေဟကံ၊ အမြှုပ်ဖွားဖွား ထလျက်။ ပစ္စတိ၊ ကျက်၏။သော၊ ထိုသတ္တဝါသည်။ တတ္ထ၊ထိုငရဲအိုး၌။ဖေဏုဒ္ဒေဟကံ၊အမြှုပ် ဖွားဖွား ထလျက်။ ပစ္စမာနော၊ကျက်သည်ဖြစ်၍။ သကိံပိ၊ တကြိမ်လည်း။ ဥဒ္ဓံ၊ အထက်သို့။ ဂစ္ဆတိ၊ ပေါ်လာ၏။ သကိံပိ၊ တကြိမ်လည်း။ အဓောဂစ္ဆတိ၊ အောက်သို့မြုပ်လေ၏။ သကိံပိ၊ တကြိမ်လည်း။ တိရိယံ၊ ဖီလာ။ ဂစ္ဆတိ၊ သွားလေ

မျောလေ၏။ သော၊ ထိုငရဲသူသတ္တဝါသည်။ တတ္ထ၊ ထိုငရဲအိုး၌။ ဒုက္ခာ၊ သော။ တိဗ္ဗာ၊ သော။ ကဋုကာ၊ သော။ ဝေဒနာ၊ ကို။ ဝေဒေသိ၊ ခံစားရ၏။လ။န စကာလံ ကရောတိ၊ သေခြင်းကိုမပြု။

ဘိက္ခဝေ၊ တို့။ တမေနံ၊ ကို။ နိရယပါလာ၊ တို့သည်။ မဟာနိရယေ၊ အဝီစိငရဲကြီး၌။ပက္ခိပေန္တိ၊ ပစ်ချလိုက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ခေါပန၊ စင်စစ်။ သောမဟာနိရယော၊ ထိုငရဲကြီးသည်—

စတုက္ကဏ္ဏော၊ လေးထောင့် သောတ္တာနှင့်တူ၏။ စတုဒွါရော၊ တံခါးလေးမျက်နှာရှိ၏။ ဝိဘတ္တော၊တံခါးလေးခုတို့၏အစွမ်းဖြင့် ဝေဘန်အပ်၏။ ဘာဂသော၊ တံခါးလမ်းတို့၏ အဘို့အားဖြင့်။ မိတော၊ နှိုင်းရှည့်ပိုင်းခြားအပ်၏။ အယောပါကာရပရိယန္တော၊ အလျှံပြောင်ပြောင် တောက်လောင်သော သံတံတိုင်းတို့ဖြင့် ခြံရံအပ်၏။ အယသာပဋိကုဇ္ဇိတော၊အထက်၌ သံဖြင့်မိုးအပ်၏။

တဿ၊ ထိုငရဲကြီး၏။ အယောမယာ၊ သံဖြင့်ပြီးသော။ ဘူမိ၊ မြေသည်။ ဇလိတာ၊ အလျှံပြောင်ပြောင် တောက်လောင်၏။ တေဇသာ ယုတ္တာ၊ ထိန်ထိန်တောက်သော မီးလျှံနှင့်ယှဉ်၏။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ယောဇနသတံ၊ ယူဇနာတရာတိုင်တိုင်။ ဖရိတွာ၊ နှံ့၍။ ဘိဋ္ဌတိ၊ တည်၏။

ကျော်သီး နတ်မင်းကြီးတို့နှင့်။ သဒ္ဒိံ၊ တကွ။ တံ ရက္ခံ၊ ထိုအာဋာနာဋိယ ပရိတ်တော်ကို။ ဗန္ဓေတွာ၊ နှုန်းဖွဲ့စီကုံး၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံတော်သို့။ အာဂမိတွာန၊ လာလတ်၍။ ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်သခင် အရှင်ဘုရား။ ဣမသ္မိံ၊ ဤသာသနာတော်တွင်း၌။ အမနုဿာနံ၊ ဘီလူးတို့၏။ ပသာဒါယ၊ ကြည်ညိုနှစ်သက် စုံမက် မြတ်နိုးစေခြင်းငှါ။ ဣမံရက္ခံ၊ ဤအစောင့်အရှောက်ဖြစ်သော အာဋာနာဋိယ ပရိတ်တော်ကို။ ဥဂ္ဂဏှာတု၊ ညဏ်တော်သွတ်ကြွေ့ ဟောပါလော့။ ဣတိ၊ ဤသို့။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အာရောစေတွာဝ၊ မျက် မှောက်ထင်ရှားလျှောက်ပန်ကြား၍သာလျှင်။ ဂါထာယ၊ ပဗျာဝတ္တ စသည်မှန်စွာ ဆန်းဂါထာဖြင့်။ အဘာသိ၊ တွတ်တွတ်တီတီ ရွတ်လေပြီ။ တထာ၊ ထိုဝေဿဝဏ် နတ်မင်း သံညှင်းတွတ်တွတ် ရွတ်အပ်မှန်စွာ ဂါထာ လာတိုင်း။ ဘဂဝတာပိ၊ ဘုန်းတော်ခြောက်စုံ ဂုဏ် တော်သခင် အရှင်ဘုရားသည်လည်း။ တံပရိတ္တံ၊ ထို အာဋာနာဋိယပရိတ်တော်ကို။ ဇနာနံ၊ ပရိသတ်လေး ဘော် သူတော်ကောင်းတို့အား။ ဘာသိတံ၊ ဟော တော်မူအပ်၏။ တသ္မာ၊ ထိုသို့ဘီလူးဘေးဘျမ်း ချမ်း သာစေတတ် ဂုဏ်သကတ်ကြောင့်။ ဘော-မာရိသာ၊ ဘော်ရွေတသင်း အိုသားချင်းတို့။ဣမံရက္ခံ၊ ဤအစောင့် အရှောက်ဖြစ်သော အာဋာနာဋိယ ပရိတ်တော်ကို။ သုဂ္ဂဟေတွာ၊အနက်သဒ္ဒါ ကောင်းစွာမပျက် သင်လေ့ ကျက်၍။ သုခါယ၊ အများသတ္တဝါချမ်းသာစေခြင်းငှါ။

ဒါနိ-ဣဒါနိ၊ စည်းဝေးညီညာ ဤအခါ၌။မယံ၊ ငါတို့
သည်။ ဘဏာမ၊ သဒ္ဒါမပျက် အနက်ရှင်းသန့် ရွတ်
ကုန်အံ့။

ဤကား အာဋာနာဋိယသုတ်အမွှန်း၏ ယောဇနာ

---

## ၂၅—အာဋာနာဋိယသုတ်ပါဠိအနက်

### အာဋာနာဋိယသုတ်

၁။ ဝိပဿိဿစ နမတ္ထု၊
စက္ခုမန္တဿ သိရီမတော။
သိခိဿာပိစ နမတ္ထု၊
သဗ္ဗဘူတာ နုကမ္ပိနော။

၂။ ဝေဿဘုဿစ နမတ္ထု၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရသေနပ္ပမဒ္ဒိနော။ ။

၃။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿစ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။ ။

၄။ အင်္ဂီရသဿ နမတ္ထု၊
သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊
သဗ္ဗဒုက္ခာ ပနူဒနံ။

၅။ ယေစာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။

တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

၆။ ဟိတံ ဒေဝမနုဿာနံ၊
ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
မဟန္တံ ဝီတသာရဒံ။ ။

၇။ ယတော ဥဂ္ဂစ္ဆတိ သူရိယော၊
အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စုဂ္ဂစ္ဆမာနဿ၊
သံဝရီပိ နိရုဇ္ဈတိ။
ယဿ စုဂ္ဂတေ သူရိယေ၊
ဒိဝသောတိ ပဝုစ္စတိ။ ။

၈။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊
သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊
သမုဒ္ဒေါ သရိတောဒကော။ ။

၉။ ဣတော သာ ပုရိမာ ဒိသာ၊
ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿီ သော။ ။

၁၀။ ဂန္ဓဗ္ဗာနံ အဓိပတိ၊
ဓတရဋ္ဌောတိနာမ သော။
ရမတိ နစ္စဂီတေဟိ၊
ဂန္ဓဗ္ဗေဟိ ပုရက္ခတော။ ။

၁၁။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။

၁၂။ တေစာပိ ဗုဒ္ဓံ ဒိသွာန၊
ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။ ။

၁၃။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊
အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊
တသ္မာ ဧဝံ ဝဒေမသေ။ ။

၁၄။ ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။ ။

၁၅။ ယေန ပေတာ ပဝုစ္စန္တိ၊
ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊
စောရာ နေကတိကာ ဇနာ။ ။

၁၆။ ဣတော သာ ဒက္ခိဏာ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။

ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။ ။

၁၇။ ကုမ္ဘဏ္ဍာနံ အဓိပတိ၊
ဝိရူဠှော ဣတိနာမ သော။
ရမတိ နစ္စဂီတေဟိ၊
ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။ ။

၁၈။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဧကနာမာတိ မေ သုတံ။
အသီတိဒသဧကော စ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။

၁၉။ တေစာပိ ဗုဒ္ဓံ ဒိသွာန၊
ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။ ။

၂၀။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊
အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊
တသ္မာ ဧဝံ ဝဒေမသေ။ ။

၂၁။ ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။ ။

၂၂။ ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊
အာဒိစ္စော မဏ္ဍလီ မဟာ။
ယတ္ထ စောဂ္ဂစ္ဆမာနဿ၊
ဒိဝသောပိ နိရုဇ္ဈတိ။
ယတ္ထ စောဂ္ဂတေ သူရိယေ၊
သံဝရီတိ ပဝုစ္စတိ။ ။

၂၃။ ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊
သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊
သမုဒ္ဒေါ သရိတောဒကော။ ။

၂၄။ ဣတော သာ ပစ္ဆိမာ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။ ။

၂၅။ နာဂါနဉ္စ အဓိပတိ၊
ဝိရူပက္ခောတိနာမ သော။
ရမတိ နစ္စဂီတေဟိ၊
နာဂေဟေဝ ပုရက္ခတော။ ။

၂၆။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဧကနာမာတိ မေ သုတံ။
အသီတိဒသဧကော စ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။

၂၇။ တေစာပိ ဗုဒ္ဓံ ဒိသွာန၊
ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။

ဒူရတောဝ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။ ။

၂၈။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊
အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိက္ခသော၊
တသ္မာ ဧဝံ ဝဒေမသေ။ ။

၂၉။ ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။

၃၀။ ယေန ပုဗ္ဗေ ရုစိရော၊
မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊
အမမာ အပရိဂ္ဂဟာ။ ။

၃၁။ န တေ ဗီဇံ ပဝပန္တိ၊
နာပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊
ပရိဘုဉ္ဇန္တိ မာနုသာ။ ။

၃၂။ အကဏံ အထုသံ သုဒ္ဓံ၊
သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊
တတော ဘုဉ္ဇန္တိ ဘောဇနံ။

၃၃။ ဂါဝိံ ကောံ ခုရံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။
ပသုံ ကောံ ခုရံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။ ။

၃၄။ ဣတ္ထိံ ဝါ ဝါဟနံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။ ။

၃၅။ ကုမာရိံ ဝါဟနံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊
အနုယန္တိ ဒိသောဒိသံ။ ။

၃၆။ တေ ယာနေ အဘိရူဟိတွာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။ ။

၃၇။ ဟတ္ထိယာနံ အဿယာနံ၊
ဒိဗ္ဗယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာစေဝ၊
မဟာရာဇဿ ယသဿိနော။ ။

၃၈။ တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋာနာဋာ ကုသိနာဋာ ပရကုသိနာဋာ၊
နာဋသုရိယာ ပရကုသိဋနာဋာ။ ။

၃၉။ ဥတ္တရေန ကသိဝန္တော၊
ဇနောဃ မပရေနစ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဠကမန္တာနာမ ရာဇဓာနီ။ ။

၄၀။ ကုဝေရဿ ခေါ ပန မာရိသ၊
မဟာရာဇဿ ဝိသာဏာနာမ ရာဇဓာနီ။
တသ္မာ ကုဝေရော မဟာရာဇာ၊
ဝေဿဝဏောတိ ပဝုစ္စတိ။ ။

၄၁။ ပစ္စေသန္တော ပကာသေန္တိ။
တတောလာ တတ္တလာ တတောတလာ၊
ဩဇသိ တေဇသိ တတောဇသိ။
သူရော ရာဇာ အရိဋ္ဌော နေမိ။ ။

၄၂။ ရဟာဒေါပိ တတ္ထ ဓရဏီနာမ၊
ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊
သဘာပိ တတ္ထ ဘဂလဝတီနာမ။ ။

၄၃။ ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊
တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာဒိဇဂဏာယုတာ၊
မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒီဟိ ဝဂ္ဂုဟိ။ ။

၄၄။ ဇီဝဇီဝကသဒ္ဒေတ္ထ၊
အထော ဥဋ္ဌဝစိတ္တကာ။
ကုက္ကုဋ္ဌကာ ကုလီရကာ၊
ဝနေ ပေါက္ခရသာတကာ။ ။

၄၅။ သုကသာလိကသဒ္ဒေတ္ထ၊
ဒဏ္ဍမာဏဝကာနိစ။
သောဘတိ သဗ္ဗကာလံ သာ၊
ကုဝေရဿ နဠိနီ သဒါ။ ။

၄၆။ ဣတော သာ ဥတ္တရာ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿီ သော။ ။

၄၇။ ယက္ခာနဉ္စ အဓိပတိ၊
ကုဝေရောဣတိနာမ သော။
ရမတိ နစ္စဂီတေဟိ၊
ယက္ခေဟေဝ ပုရက္ခတော။ ။

၄၈။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဧကနာမာတိ မေ သုတံ။
အသီတိဒသဧကော စ၊
ဣန္ဒနာမာ မဟဗ္ဗလာ။ ။

၄၉။ တေစာပိ ဗုဒ္ဓံ ဒိသွာန၊
ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။ ။

၅၀။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊
အမနုဿာပိ တံ ဝန္ဒန္တိ။

သုတံ နေတံ အဘိဏှသော၊
တသ္မာ ဧဝံ ဝဒေမသေ။ ။

၅၁။ ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမန္တိ။ ။

## ရင်းအာဋာနာဋိယသုတ်အနက်

၁။ စက္ခုမန္တဿ၊ သမန္တစက္ခု ပညာစက္ခု ဒိဗ္ဗအား ဖြင့် စက္ခု ငါးအင် ဉာဏ်အမြင်နှင့်ပြည့်စုံတော်မူသော။ သိရီမတော၊ ဘုန်းကြက်သရေ ရှိတော်မူသော။ ဝိပဿိဿ၊ ဝိပဿီမြတ်စွာဘုရားအား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ သဗ္ဗဘူတာနုကမ္ပိနော၊ ခပ်သိမ်းသောသတ္တဝါတို့ကို သနားတော်မူတတ်သော။ သိခိဿာပိ၊ သိခီမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၂။ နှာတကဿ၊ ကိလေသာကြေး ရန်အလေးကို ဆေးကျော်တော်မူပြီးသော။ တပဿိနော၊ မြတ်သော အကျင့်ရှိတော်မူသော။ ဝေဿဘုဿာပိ၊ ဝေဿဘူ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်း သည်။ အတ္ထု၊ ဖြစ်စေသတည်း။ မာရသေနပ္ပမဒ္ဒိနော၊ ဒေဝပုတ္တ စသည်တသင်း မာရ်ခပင်းကို နှိပ်နင်းတော် မူနိုင်သော။ ကကုသန္ဓဿာပိ၊ ကကုသန်မြတ်စွာဘုရား အားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၃။ ဗြာဟ္မဏဿ၊ မကောင်းမှုကို အပပြုတော်မူ ပြီးသော။ ဝုသီမတော၊ မြတ်သော သီတင်းသုံးခြင်းရှိ တော်မူသော။ ကောဏာဂမနဿာပိ၊ ကောဏာဂုံ မြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်း သည်။ အတ္ထု၊ ဖြစ်စေသတည်း။သဗ္ဗဓိ၊ ကိလေသာမာရ် ရန်ခပ်သိမ်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်ငြိမ်းတော်မူပြီးသော။ ကဿပဿစ၊ ကဿပမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၄။ ယော ဘဂဝါ၊ အကြင်ဂေါတမမြတ်စွာဘုရား သည်။ သဗ္ဗဒုက္ခာပနူဒနံ၊ဆင်းရဲပူပန်ခပ်သိမ်း ဘေးခပ်သိမ်းကို ပျောက်ငြိမ်းစေတတ်သော။ ဣမံဓမ္မံ၊ နိဗ္ဗာနဓာတ် ပရိယတ်နှင့် မဂ်ဖိုလ်တရား ဤဆယ်ပါးကို။ ဒေသေသိ၊ ဟောကြားတော်မူပေ၏။ အင်္ဂီရသဿ၊ ကိုယ်တော်မှ ထွက်သော နီလ,ပီတ,လောဟိတ,ဩဒါတ,ပဘဿရ, မဉ္ဇိဋ္ဌတည်းဟူသော ရောင်ခြည်တော်ခြောက်ပါးရှိတော် မူသော။ သိရီမတော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော် မူသော။ သကျပုတ္တဿ၊ မဟာသမ္မတ ခတ္တိယသန္တာန် နွယ်ရှိန်မပြား သာကီဝင်မင်းသား ဖြစ်တော်မူသော။ တဿစ၊ ထိုဂေါတမမြတ်စွာဘုရားအားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၅။ လောကေ၊ လောက၌။ နိဗ္ဗုတာ၊ ဆင်းရဲပူပန်ရှိမ်း ဘေးခပ်သိမ်းမှ ငြိမ်းတော်မူကုန်ပြီးသော။ ယေစာပိ၊ အကြင်ရှေးဘုရားတို့ သည်လည်း။ ယထာဘူတံ၊ မ ဘောက်မပြန် ဟုတ်မှန်တိုင်းသောတရားကို။ ဝိပဿိသုံ၊

မြင်တော်မူကုန်ပြီ။ တေဇနာ၊ ထိုရှေးဘုရားတို့သည်။ အပိသုဏာ၊ သူနှစ်ယောက်တို့ကြား ကုန်းကားခြင်းမှ ကင်းလွတ်တော်မူကုန်၏။ အထ၊ ထိုမှတပါး။ မဟာ န္တာ၊ ကာယဉာဏ ဗလနှစ်ပါး ကြီးမားမြင့်မြတ်တော်မူကုန်၏။ ဝီတသာရဒါ၊ စိုးရိမ်ကြောက်လန့် တွန့်ရွံ့ခြင်းမှ ကင်းပပျောက်စဲ ရဲရင့်တော်မူကုန်၏။ တေသံပိ၊ ထိုရှေးဘုရားတို့အားလည်း။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။အတ္ထု၊ဖြစ်စေသတည်း။

၆။ ဒေဝမနုဿာနံ၊နတ်လူတို့၏။ ဟိတံ၊ အကျိုးစီးပွား များကြောင်းဖြစ်တော်မူသော။ ဂေါတမံ၊ ဂေါတမအနွယ်ဖြစ်တော်မူသော။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသော။မဟ န္တံ၊မြတ်နိုးကော်ရော် ပူဇော် အပ်တော်မူသော။ ဝီတသာရဒံ၊မျက်နှာမသာ ရွံ့ရှာခြင်းမှ ကင်းလွတ်တော်မူသော။ ဂေါတမံ၊ သကျသမ္ဘိန် နွယ်ရှိန်စောင့်တတ် ဂုဏ်သကတ်ဖြင့် ပညတ် မူလ ဂေါတမဟု ရအပ်မည်တွင် အကြင်မြတ်စွာဘုရားကို။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ နမဿ န္တိ၊ရှိခိုးကြကုန်၏။ တဿပိ၊ ထိုမြတ်စွာဘုရားအားလည်း။ မေ၊ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

၇။ ယတော၊အကြင်အရပ်မျက်နှာမှ။ အာဒိစ္စော၊ အဒိတိမည်မှတ် နတ်သ္မီး၏သားဖြစ်သော။ မဏ္ဍလီ မဟာ၊ယူဇနာငါးဆယ် ကျယ်သော အဝန်းရှိသော။ သူရိယော၊နေမင်းသည်။ဥဂ္ဂစ္ဆတိ၊ ရောင်ခြည်ပုံ့မွန်း ပေါ်

တက်ထွန်း၏။ယဿ၊ အကြင်အရပ်မျက်နှာ၌။ ဥဂ္ဂစ္ဆ
မာနဿ၊တက်ထွန်းစဉ်။ သံဝရိပိ၊ ညဉ့်သည်လည်း။ နိ
ရုဇ္ဈတိ၊ ချုပ်ပျက်ပျောက်ကင်း၏။ ယဿ၊အကြင်အရပ်
မျက်နှာ၌။သူရိယေ၊နေမင်းသည်။ဥဂ္ဂတေ၊ရောင်ခြည် ပုံး
မွှန်း တက်ထွန်းလတ်သော်။ ဒိဝသောတိ၊နေ့ဟူ၍။ ပဝုစ္စ
တိ၊ခေါ်ဝေါ်အပ်၏။

၈။ တတ္ထ၊ ထိုနေတက်ရာ၌။ သရိတော ဒကော၊
သန့်ရှင်းကြည်လင် စင်ကြယ်သောရေရှိသော။သမုဒ္ဒေါ၊
မဟာသမုဒ္ဒရာဟု ဆိုအပ်သော။ ရဟဒေါပိ၊ ရေအိုင်
ကြီးသည်လည်း။ ဂမ္ဘီရော၊ နက်စွာ၏။ တတ္ထ၊ ထိုနေ
တက်ရာအရပ်၌။ တံ၊ ထိုရေအိုင်ကြီးကို။ သရိတော ဒ
ကော၊ မြစ်အပေါင်းတို့မှ သက်ဝင်သော ရေရှိသော။
သမုဒ္ဒေါ၊သမုဒ္ဒရာဟူ၍။ဧဝံ၊ဤသို့။ဇာနန္တိ၊သိကုန်၏။

၉။ ယသဿီ၊မဆိတ်မညံ ခြိရံကျော်စောခြင်း ရှိ
သော။သောမဟာရာဇာ၊ထိုနတ်မင်းကြီးသည်။ ယံဒိသံ၊
အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုမျက်
မှောက် စောင့်ရှောက်တော်မူ၏။ သာ၊ထိုအရပ်မျက်
နှာကား။ ဣတော၊ ဤမြင်းမိုရ်တောင်မင်းမှ။ ပုရိမာဒိ
သာ၊အရှေ့မျက်နှာတည်း။ ဣတိ၊ဤသို့။နံ၊ထိုအရပ်မျက်
နှာကို။ဇနော၊လေးကျွန်းနေသူ လူများအပေါင်းသည်။
အာစိက္ခတိ၊ပြောဟော၏။

၁၀။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗနတ်တို့၏။ အဓိပတိ၊ စိုးရ
သခင် အရှင်ဖြစ်သော။သောမဟာရာဇာ၊ ထိုနတ်မင်း
ကြီးကား။ ဓတရဋ္ဌောတိနာမ၊ ဓတရဋ္ဌ အမည်ရှိ၏။

ဂန္ဓဗ္ဗေဟိ၊ ဂန္ဓဗ္ဗနတ်တို့သည်။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း, သီခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော် ပျော်ပါး၏။

၁၁။ တဿ၊ ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ်တယောက်ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒနှင့် အမည်တွင်ကုန်သည်ဖြစ်၍။ ဧကနာမာ၊ တူသောအမည်ရှိကုန်၏။ မဟဗ္ဗလာ၊ ကြီးသောခွန်အားစွမ်းပကာလည်းရှိကုန်၏။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ သုတံ၊ ကြားရ၏။

၁၂။ တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန်သောနတ်တို့သားသည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝီတသာရဒံ၊ စိုးရိမ်ကြောက်လန့်တွန့်ရွံ့ခြင်းမှ ကင်းပပျောက်စဲ ရဲရင့်တော်မူသော။ မဟန္တံ၊ မြတ်နိုးချီငေါ် ပူဇော်အပ်တော်မူထသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်းအဆွေဖြစ်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒူရတော၀၊ အဝေးကသာလျှင်။ နမဿန္တိ၊ ရှိခိုးကုန်၏။

၁၃-၁၄။ ပုရိသာဇည၊ ယောကျ်ားပိပိ အာဇာနီအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ တွံ၊ အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့စင်ကြယ် နက်ကျယ်သော သဗ္ဗညုတ

ဉာဏ်တော်ဖြင့်။သမေက္ခ သီ၊ကြည့်ရှုဆင်ခြင်တော်မူပေ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ဆိုကုန်၍။အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။ တံ၊ အရှင်ဘုရားကို။ ဝန္ဒန္တိ၊ ရှိခိုး ကုန်၏။ တေံ၊ ဤအကြောင်းကို။ နော၊ ငါတို့သည်။ အဘိဏှသော၊ မပြတ်လျှင်။ သုတံ၊ကြားနာရ၏။ တသ္မာ၊ထို့ကြောင့်။ ဟေယကွာ၊ဟယ်ဘီးလူးတို့။ တုမ္ဟေ၊သင်တို့သည်။ ဂေါတမံ၊ဂေါတမဟု ရအပ်ထူးလည်အမည်တော်ရှိသော။ဇိနံ၊မြတ်စွာဘုရားကို။ဝန္ဒထ၊ရှိခိုးကုန်၏လော။ ဣတိ၊ဤသို့။ ပုဋ္ဌာ၊မေးအပ်ကုန်သည်ရှိသော်။ဂေါတမံ၊ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဇိနံ၊မြတ်စွာဘုရားကို။ မယံ၊အကျွန်ုပ်တို့သည်။ဝန္ဒာမ၊ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ဂေါတမဟု ရအပ်ထူလည် အမည်တော်ရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ရှိခိုးပါကုန်၏။ ဧဝံ၊ဤသို့။ ဝဒေမသေ၊သံတော်ဦးရှိ တင်ကုန်၏။

ဓတရဋ္ဌ နတ်မင်းကြီးအဘွဲ့ ပြီး၏။

၁၅။ ယေန၊ အကြင်အရပ်မျက်နှာဖြင့်။ ပေတာ၊ သေလွန်ကုန်သောသူတို့ကို။ ပဝုစ္စန္တိ၊ သုသာန်ရပ်မြေ ဆောင်ထုတ်လေဟု ဆိုအပ်ကုန်၏။ ယေန၊ အကြင် အရပ်မျက်နှာဖြင့်။ပိသုဏာစ၊မျက်မာန်မဖြစ် သူ့အချစ် ကို ချောပစ်တတ်ကုန်သောသူတို့ကိုရင်း။ပိဋ္ဌိမံသိကာစ၊ သူ့ကျောက်သားကို စားကုန်ဘိသကဲ့သို့ ကွဲရဲ့မျက်ကွယ် ပေါ်ယယ်အထူးသူ့ကျေးဇူးကို ထိမ်မြှုပ်မြှုပ် ရှုတ်ချ

တတ်ကုန်သော သူတို့ကိုဂုဏ်း။ ပါဏာတိပါတိနောစ၊ သူ့အသက်ကို ငဲ့ကွက်မမူ သတ်တတ်ကုန်သောသူတို့ကို ဂုဏ်း။ လုဒ္ဒါစ၊ ဒေါသမူယုတ် ကြမ်းကြုတ်ကုန်သော သူတို့ကိုဂုဏ်း။စောရာစ၊ ခိုးသူတို့ကိုဂုဏ်း။ နေကတိကာ ဇနာစ၊ စဉ်းလဲသောသူတို့ကိုဂုဏ်း။ ပဝုစ္စန္တိ၊ဆွဲငင်ရွတ် ရွတ် သတ်လေကုန်ဟု ဆိုအပ်ကုန်၏။

၁၆။ ယဿသိ၊ မဆိတ်မည့် ခြီရံကျော်စောခြင်း ရှိသော။သောမဟာရာဇာ၊ထိုနတ်မင်းကြီးသည်။ယံဒိသံ၊ အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုမျက် မှောက် စောင့်ရှောက်တော်မူလေ၏။ သာ၊ ထိုအရပ် မျက်နှာကား။ ဣတော၊ဤမြင်းမိုရ်တောင်မင်းမှ။ ဒက္ခိ ဏာဒိသာ၊ တောင်မျက်နှာတည်း။ ဣတိ၊ ဤသို့။ နံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊လေးကျွန်းနေသူ လူများ အပေါင်းသည်။ အာစိက္ခတိ၊ ပြောဟော၏။

၁၇။ ကုမ္ဘဏ္ဍာနံ၊ကုမ္ဘဏ်ရက္ခိုသ်တို့၏။ အဓိပတိ၊ စိုးရသခင် အရှင်ဖြစ်သော။ သောမဟာရာဇာ၊ ထိုနတ် မင်းကြီးကား။ ဝိရူဠှောဣတိနာမ၊ ဝိရူဠှအမည်ရှိ၏။ ကုမ္ဘဏ္ဍေဟိ၊ ကုမ္ဘဏ်ရက္ခိုသ်တို့သည်။ ပုရက္ခတော၊ ခြီရံအပ်သည်ဖြစ်၍။နစ္စဂီတေဟိ၊ ကခြင်း,သီခြင်းတို့ဖြင့်၊ ရမတိ၊ မွေ့လျော်ပျော်ပါး၏။

၁၈။ တဿ၊ ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့ သည်လည်း။ အသီတိဒသဧကောစ၊ကိုးကျိပ်တယောက် ရှိကုန်သည်ဖြစ်၍။ဗဟဝေါ၊များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒနှင်နှင် အမည်တွင်ကုန်သည်ဖြစ်၍။ ဧကနာမာ၊

တူသောအမည်ရှိကုန်၏။ မဟဗ္ဗလာ၊ ကြီးစွာခွန်အား စွမ်းပကားလည်းရှိကုန်၏။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ သုတံ၊ ကြားနာရ၏။

၁၉။ တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန်သော နတ်သားတို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝီတ သာရဒံ၊ စိုးရိမ်ကြောက်လန့် တွန့်ရွံ့ခြင်းမှ ကင်းပပျောက်စဲ ရဲရင့်တော်မူသော။ မဟန္တံ၊ မြတ်နိုးချီငေါ် ပူဇော်အပ်တော်မူသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒူရတောဝ၊ အဝေးကလျှင်။ နမဿန္တိ၊ ရှိခိုးကုန်၏။

၂၀-၂၁။ ပုရိသာဇည၊ ယောကျ်ားပီပီ အာဇာနီ အစစ်ဖြစ်တော်မူသောမြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား၊ နမော၊ ရှိခိုးပါ၏။ တွံ၊ အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့စင်ကြယ် နက်ကျယ်သောသဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှုဆင်ခြင်တော်မူပေ၏။ ဣတိ၊ ဤသို့။ ဝတ္ထာ၊ ဆိုကုန်၍။ အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။ တံ၊ အရှင်ဘုရားကို။ ဝန္ဒန္တိ၊ ရှိခိုးကုန်၏။ ဧတံ၊ ဤအကြောင်းကို။ နောငါတို့သည်။ အဘိဏှသော၊ မပြတ်လျှင်။ သုတံ၊ ကြားနာရ၏။ တသ္မာ၊ ထို့ကြောင့်။ ဟေ-ယက္ခာ၊ ဟယ်ဘီလူးတို့။ တုမှေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ ရှိခိုးကုန်၏လော။

ဇုတိ၊ ဤသို့။ ပုဗ္ဗာ၊ မေးအပ်ကုန်သည်ရှိသော်။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော် ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော် ရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ သံတော်ဦးရှိ တင်ကုန်၏။

ဝိရူဠှကနတ်မင်းကြီးအဘို့ပြီး၏။

၂၂။ ယတ္ထ၊ အကြင်အရပ်မျက်နှာ၌။ အာဒိစ္စော၊ အဒိတိမည်မှတ် နတ်သမီး၏သားဖြစ်သော။ မဏ္ဍလီမဟာ၊ ယုဇနာငါးဆယ် ကျယ်သော အဝန်းရှိသော။ သူရိယော၊ နေမင်းသည်။ ဩဂ္ဂစ္ဆတိ၊ ဝင်ပျောက်၏။ ယတ္ထ၊ အကြင်အရပ်မျက်နှာ၌။ ဩဂ္ဂစ္ဆမာနဿ၊ ဝင်ပျောက်စဉ်။ ဒိဝသောပိ၊ နေ့သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်ပျက်ပျောက်ကင်း၏။ ယတ္ထ၊ အကြင်အရပ်မျက်နှာ၌။ သူရိယေ၊ နေမင်းသည်။ ဩဂ္ဂတေ၊ ဝင်ပျောက်သည် ရှိသော်။ သံဝရီတိ၊ ညဉ့်ဟူ၍။ ပဝုစ္စတိ၊ ခေါ်ဝေါ်အပ်၏။

၂၃။ တတ္ထ၊ ထိုနေမင်းဝင်ရာအရပ်၌။ သရိတောဒကော၊ သန့်ရှင်းကြည်လင် စင်ကြယ်သောရေရှိသော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာဟုဆိုအပ်သော။ ရဟဒေါပိ၊ ရေအိုင်ကြီးသည်လည်း။ ဂမ္ဘီရော၊ နက်စွာ၏။ တတ္ထ၊

ထိုနေမင်း ဝင်ရာအရပ်၌။ တံ၊ ထိုရေအိုင်ကြီးကို။ သရိ တော ဒကော၊ မြစ်အပေါင်းတို့ သက်ဝင်သော ရေရှိ သော။ သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာဟူ၍။ ဝေံ၊ ဤသို့။ ဇာနန္တိ၊ သိကုန်၏။

၂၄။ ယသ္မိ၊ မဆိတ်မည့် ခြိုးကျော်စောခြင်း ရှိသော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီးသည်။ ယံဒိသံ၊ အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုမျက်မှောက် စောင့်ရှောက်၏။ သာ၊ ထိုအရပ် မျက်နှာကား။ ဣတော၊ ဤမြင်းမိုရ်တောင် မင်းမှ။ ပစ္ဆိမာဒိသာ၊ အနောက်မျက်နှာတည်း။ ဣတိ၊ ဤသို့။ နံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊ လေးကျွန်းနေသူ လူများအပေါင်းသည်။ အာစိက္ခတိ၊ ပြောဟော၏။

၂၅။ နာဂါနဉ္စ၊ နဂါးတို့၏ သာလျှင်။ အဓိပတိ၊ စိုးရသခင် အရှင်ဖြစ်သော။ သောမဟာရာဇာ၊ ထိုနတ် မင်းကြီးကား။ ဝိရူပက္ခောတိနာမ၊ ဝိရူပက္ခအမည်ရှိ၏။ နာဂေဟေဝ၊ နဂါးတို့သည်သာလျှင်။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း, သီခြင်းတို့ ဖြင့်။ ရမတိ၊ မွေ့လျော်ပျော်ပါး၏။

၂၆။ တဿ၊ ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သား တို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ် တယောက် ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန် ၏။ ဣန္ဒနာမာ၊ ဣန္ဒနှင့်နှင့် အမည်တွင်ကုန်သည် ဖြစ်၍။ဧကနာမာ၊ တူသော အမည်ရှိကုန်၏။မဟဗ္ဗလာ၊ ကြီးသောခွန်အား စွမ်းပကားလည်း ရှိကုန်၏။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ သုတံ၊ ကြားနာရ၏။

၂၇။ တေစာပိ၊ ထိုကိုးကျိပ်တယောက်ကုန်သော နတ်သားတို့သည်လည်း။ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝီတသာရဒံ၊ စိုးရိမ်ကြောက်လန့် တွန့်ရွံ့ခြင်းမှ ကင်းပပျောက်စဲ ရဲရင့်တော်မူသော။ မဟန္တံ၊ မြတ်နိုးချီးငေါ် ပူဇော်အပ်တော်မူသော။အာဒိစ္စဗန္ဓုနံ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒူရတော၀၊ အဝေးကလျှင်။ နမဿန္တိ၊ ရှိခိုးကုန်၏။

၂၈-၂၉။ ပုရိသာဇည၊ ယောကျ်ားပီပီ အာဇာနီအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော၊ ရှိခိုးပါ၏။ တွံ၊ အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့စင်ကြယ် နက်ကျယ်သော သဗ္ဗညုတဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှုဆင်ခြင်တော်မူပေ၏။ ဣတိ၊ ဤသို့။ ၀တွာ၊ ဆိုကုန်၍။ အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။ တံ၊ အရှင်ဘုရားကို။ ၀န္ဒန္တိ၊ ရှိခိုးကုန်၏။ တော်၊ ဤအကြောင်းကို။ နော၊ ငါတို့သည်။ အဘိဏှသော၊ မပြတ်လျှင်။ သုတံ၊ ကြားနာရ၏။တသ္မာ၊ ထို့ကြောင့်။ဟေ-ယက္ခာ၊ ဟယ်ဘီလူးတို့။ တုမ္ဟေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ၀န္ဒထ၊ ရှိခိုးကုန်၏လော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးအပ်ကုန်သည် ရှိသော်။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဇိနံ၊

မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆဲ့ငါးပါးနှင့်ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ မယံ၊အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ သံတော်ဦးရှိတင်ကုန်၏။

ဝိရူပက္ခနတ်မင်းကြီးအဘွဲ့ ပြီး၏။

၃၀။ ယေန၊ အကြင်အရပ်မျက်နှာ၌။ ဥတ္တရကုရု ဧ၀ါ၊ ဥတ္တရကုရုမည်သော မြောက်ကျွန်းသည်ဖင်း။ သုဒဿနော၊ လေးပါးအရောင် ပြောင်ပြောင်တင့်တယ်ရှုချင်ဘွယ်ရှိသော။ မဟာနေရု၊ မြင်းမိုရ်တောင်ကြီးသည်ဖင်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုဥတ္တရကုရုကျွန်း၌။ အမမာ၊ ဝတ်စားတန်းဆာ ဒွါဒရာပတ်ပိုး အမျိုးမျိုးတို့၌ မြတ်နိုးခြင်းကင်းကုန်သော။ အပရိဂ္ဂဟာ၊ မယားနှင့်သား ဤနှစ်ပါးကို ပိုင်ကားစောင့်ထိန်း သိမ်းဆည်းခြင်းမရှိကုန်သော။ မနုဿာ၊ လူတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၃၁။ တေ မာနုဿာ၊ ထိုမြောက်ကျွန်းသူတို့သည်။ ဗီဇံ၊ မျိုးစေ့ကို။ နပဝပန္တိ၊ မစိုက်ပျိုးကုန်။ နင်္ဂလာ။ ထွန်တုံးတို့ကို။ နာပိနိယန္တိ၊ ဆောင်လည်း မဆောင်ကုန်။ အကဋ္ဌပါကိမံ၊ ထင်းမီးဖြင့်မကျက်သော။ သာလိံ၊ သလေးထမင်းကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။

၃၂။ အကဏ်၊ ဆန်ကွဲမရှိသော။ အထုသံ၊ ဖွဲမရှိသော။ သုဒ္ဓံ၊ စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်းသောအနံ့ ရှိသော။ တဏ္ဍုလပ္ပလံ၊ သလေးဆန်ကို။ တုဏ္ဍိကိရေ၊ ထမင်းအိုး၌။ ပစိတွာန၊ ဇောတိမည်သောကျောက်ခုံလောက်မှ ထွက်သောမီးဖြင့် ချက်ကုန်၍။ တတော၊ ထိုထမင်းအိုးမှ။ ဘောဇနံ၊ အစာကို။ ဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။

၃၃။ ပစာရာ၊ ဝေဿဝဏ်ဟု ဂုဏ်မွန်ကျော်သီးနတ်မင်းကြီး၏ထံနီးခြွေရွေ အစေအပါးဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်။ ဂါဝိံ၊ နွားမကို။ ကော်ခုရံကတွာ၊ ခွါတခုရှိသော မြင်းကိုကဲ့သို့ပြုကုန်၍။ ဒိသောဒိသံ၊ တူရူအရပ်,အထောင့်အရပ်သို့။ အနုယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။ ပသုံ၊ ခြေလေးခုရှိသော သတ္တဝါကို။ ကော်ခုရံကတွာ၊ ခွါတခုရှိသော မြင်းကိုကဲ့သို့ ပြုကုန်၍။ ဒိသောဒိသံ၊ တူရူအရပ်,အထောင့်အရပ်သို့။အနုယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။

၃၄။ ဣတ္ထိံဝါ၊ လူမိန်းမကိုမူလည်း။ ဝါဟနံကတွာ၊ ယာဉ်ပြုကုန်၍။ ဒိသောဒိသံ၊ တူရူ အရပ်, အထောင့်အရပ်သို့။ အနုယန္တိ၊ သွားလာ လှည့်ပတ်ကုန်၏။ ပုရိသံ၊ လူယောကျ်ားကို။ ဝါဟနံကတွာ၊ ယာဉ် ပြုကုန်၍။ ဒိသောဒိသံ၊ တူရူအရပ်,အထောင့်အရပ်သို့။ အနုယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။

၃၅။ ကုမာရိံ၊ သတို့သမီးကို။ ဝါဟနံကတွာ၊ ယာဉ်ပြုကုန်၍။ ဒိသောဒိသံ၊ တူရူအရပ်,အထောင့်အရပ်သို့။ အနုယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။ ကုမာရံ၊

သတ္တိသားကို။ ဝါဟနံကတွာ၊ ယာဉ်ပြုကုန်၍။ ဒိသော ဒိသံ၊ တူရှုအရပ်, အထောင့်အရပ်သို့။ အနုယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။

၁၆။ တဿရာဇိနော၊ ထိုဝေဿဝဏ်နတ်မင်းကြီး၏။ ပစာရာ၊ အစေအပါး အလုပ်အကျွေးဖြစ်ကုန်သော။ တေ၊ ထိုဘီလူးတို့သည်။ ယာနေ၊ ယာဉ်၌။ အဘိရူဟိတွာ၊ တက်စီးကုန်၍။ သဗ္ဗာဒိသာ၊ အရပ်ခပ်သိမ်းတို့သို့။ အနုပရိယာယန္တိ၊ သွားလာလှည့်ပတ်ကုန်၏။

၁၇။ ဟတ္ထိယာနံ၊ ဆင်ယာဉ်ရင်း။ အဿယာနံ၊ မြင်းယာဉ်ရင်း။ ဒိဗ္ဗယာနံ၊ နတ်ယာဉ်ရင်း။ ပါသာဒါ စ၊ ပြာသာဒ်ယာဉ်ရင်း။ သိဝိကာ စေဝ၊ ထမ်းစင်ယာဉ်ရင်း။ ဧတံယာနံ၊ ထို ယာဉ် အပေါင်းသည်။ ယသဿိနော၊ မဆိတ်မညံ ခြံရံကျော်စောခြင်းရှိသော။ မဟာရာဇဿ၊ ဝေဿဝဏ်ဟု ဂုဏ်မွန်ကျော်သီး နတ်မင်းကြီးအား။ ဥပဋ္ဌိတံ၊ ရှေးရှုလိုရှိ ရောက်လာ၏။

၁၈။ အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ သုမာပိတာ၊ ကောင်းစွာထူးမြတ် ဖန်ဆင်းအပ် ကုန်သော။ တဿ၊ ထိုဝေဿဝဏ်ဟု ဂုဏ်မွန်ကျော်သီး နတ်မင်း ကြီး၏။ နဂရာ စ၊ မြို့တို့သည်ကား။ အာဋာနာဋာ၊ အာဋာ နာဋမည်သောမြို့။ ကုသိနာဋာ၊ ကုသိနာဋမည်သောမြို့။ ပရကုသိနာဋာ၊ ပရကုသိနာဋမည်သောမြို့။ နာဋသုရိယာ၊ နာဋသုရိယမည်သောမြို့။ ပရကုသိဋနာဋာ၊ ပရကုသိဋနာဋမည်သောမြို့။

၃၉။ ဥတ္တရေန၊ မြောက်စူးစူး၌။ ကသိဝန္တော၊ ကသိဝန္တမည်သောမြို့။ အပရေန စ၊ အနောက် စူးစူး၌လည်း။ ဇနောဃံ၊ ဇနောဃမည်သောမြို့။ နဝနဝုတိယော၊ နဝနဝုတိယမည်သောမြို့။ အမ္ဗရ အမ္ဗရဝတိယော၊ အမ္ဗရ အမ္ဗရဝတိယမည်သောမြို့။ အာဠကမန္ဒာနာမ၊ အာဠကမန္ဒာမည်သော။ ရာဇဋ္ဌာနီ၊ မင်းနေမြို့။ ဣမေ၊ ဤမြို့တို့သည်။ အဟု၊ အံ့ဘွယ်တရှိ ဖြစ်ကုန်၏။

၄၀။ မာရိသ၊ ဆင်းရဲကင်းတော်မူသော မြတ်စွာဘုရား။ ကုဝေရဿ၊ ကုဝေရမည်သော။ မဟာရာဇဿ၊ နတ်မင်းကြီးအား။ ဝိသာဏာနာမ၊ ဝိသာဏာမည်သော။ ရာဇဋ္ဌာနီ၊ မင်းနေမြို့သည်။ ခေါ်ပန၊ စင်စစ်လျှင်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ကုဝေရော၊ ကုဝေရမည်သော။ မဟာရာဇာ၊ နတ်မင်းကြီးကို။ ဝေဿဝဏောတိ၊ ဝေဿဝဏ်ဟူ၍။ ပဝုစ္စတိ၊ ခေါ်ဝေါ်အပ်၏။

၄၁။ တတောလာစ၊ တတောလာမည်သော နတ်မင်းငှင်း။ တတ္တလာစ ၊တတ္တလာမည်သော နတ်မင်းငှင်း။ တတောတလာစ၊ တတောတလာမည်သောနတ်မင်းငှင်း။ ဩဇသိစ၊ ဩဇသိမည်သောနတ်မင်းငှင်း။ တေဇသိစ၊ တေဇသိမည်သောနတ်မင်းငှင်း။ တတောဇသိစ၊ တတောဇသိမည်သော နတ်မင်းငှင်း။ သူရောရာဇာစ၊ သူရမည်သောနတ်မင်း, ရာဇမည်သောနတ်မင်း, သူရရာဇမည်သောနတ်မင်းငှင်း။ အရိဋ္ဌောနေမိစ၊ အရိဋ္ဌမည်သောနတ်မင်း,နေမိမည်သောနတ်မင်း,အရိဋ္ဌနေမိမည်သောနတ်မင်းငှင်း။ ဣတိ၊ ဤသို့။ ဒွါဒသရဋ္ဌိကာ၊ တိုင်းမှူး တိုင်းကွပ် နတ်မင်းတကျိပ်နှစ်ပါးတို့သည်။

ပစ္စေသန္တော၊ အသီးအသီး အကျိုးစီးပွားကို ရှာမှီးကြည့်ရှုကုန်လျက်။ ပကာသေန္တိ၊ ထင်ရှားပြုကုန်၏။

၄၂။ တတ္ထ၊ ထိုဝိသာဏာမည်သော နတ်ပြည်၌။ ဓရဏီနာမ၊ ဓရဏီမည်သော။ ရဟဒေါပိ၊ ယူဇနာ ငါးဆယ်ကျယ်သော ရေအိုင်ကြီးသည်လည်း။ အတ္ထိ၊ ရှိ၏။ ယတော၊ အကြင်ဓရဏီမည်သော ရေအိုင်ကြီးမှ။ မေဃာ၊ မိုယ်းတို့သည်။ ပဝဿန္တိ၊ ရွာသွန်းကုန်၏။ ယတော၊ အကြင်ဓရဏီမည်သောရေအိုင်ကြီးမှ။ ဝဿာ၊ ရွာသော မိုယ်းရေတို့သည်။ ပတာယန္တိ၊ လျှံ၍ဓိးဓိး ယိုစီးကုန်၏။ တတ္ထ၊ ထိုဓရဏီမည်သော ရေအိုင်ကြီး အနား၌။ ဘဂလဝတီနာမ၊ ဘဂလဝတီ မည်သော။ သဘာပိ၊ တဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍပ်သည်လည်း။ အတ္ထိ၊ ရှိ၏။

၄၃။ ယတ္ထ၊ အကြင်ရတနာမဏ္ဍပ်၌။ ယက္ခာ၊ ဘီလူးတို့သည်။ ပယိရုပါသန္တိ၊ ဆည်းကပ်ညီမူကုန်၏။ တတ္ထ၊ ထိုရတနာမဏ္ဍပ်၌။ ရုက္ခာ၊ သစ်ပင်တို့သည်။ နိစ္စဖလာ၊ မပြတ်သီးကုန်၏။ နာနာဒိဇဂဏာယုတာ၊ အထူးထူးသော ငှက်အပေါင်းတို့နှင့် ယှဉ်ကုန်၏။ မယူရကောဉ္စာဘိရုဒါ၊ ဥဒေါင်း,ကြိုးကြာတို့ တွန်မြူးခြင်းရှိကုန်၏။ ဂဂ္ဂုဟိ၊ သာယာသော အသံ ရှိကုန်သော။ ကောကိလာဒိဟိ၊ ဥဩစသောငှက်တို့သည်။ အဘိရုဒါ၊ တွန်မြူးအပ်၏။

၄၄။ တတ္တ၊ ဤရတနာမဏ္ဍပ်၌။ ဇီဝဇီဝကသဒ္ဒေါ၊ ဇီဝဇိဝ်းဟု ခေါ်ရိုးမပျက်သော ငှက်တို့၏ သက်ရှည်သက်ရှည်ဟု ထူးလည်ကျံကျံ တွန်မြူးသောအသံသည်

လည်း၊ အတ္ထိ၊ ရှိ၏။ အ-ထော၊ ထိုမှတပါး။ ဥဋ္ဌဝစိတ္တကာ၊ ဆန်းကြယ်စွ ဆန်းကြယ်စွ ထလော့ထလော့ဟု တွန်မြူးတတ်ကုန်သော ဥပုသ်ငှက်တို့သည်၎င်း။ ကုက္ကုတ္ထကာ၊ တောကြက်တို့သည်၎င်း။ ကုလီရကာ၊ ရွှေဗုဒ္ဓန်တို့သည်၎င်း။ ပေါက္ခရသာတကာ၊ သက်နှင်းဖွပ်ငှက်တို့သည်၎င်း။ ဝနေ၊ ပဒုမာကြာတော၌။ ဝိစရန္တိ၊ မြူးတူးပျော်ပါး သွားလာကုန်၏။

၄၅။ ဧတ္ထ၊ ဤမြရကီမည်သော ရေအိုင်၌။ သုကသာလိကသဒ္ဒေါ၊ ကျေးငှက်, ဆက်ရက်တို့ တွန်မြူးသံသည်လည်း။ အတ္ထိ၊ ရှိ၏။ ဒဏ္ဍမာဏဝကာနိစ၊ လက်ျာလက်ဝဲ ရွှေလုံဒဏ်ကိုင်စွဲလျက် ကြာဖက်အပေါ်မှာ လျှော်ကန်စွာခြေသ၍ ချတုံချီတုံကစားတတ် ကုန်သော ငှက်ဘီလူးတို့သည်လည်း။ဝိစရန္တိ၊မြူးတူးသွားလာကုန်၏။ကုဝေရဿ၊ကုဝေရနတ်မင်းကြီး၏။သာ နဠိနီ၊ထိုမြရကီမည်သော-ပဒုမာကြာအိုင်သည်။ သဗ္ဗကာ-လံ၊ အခါခပ်သိမ်း။ သဒါ၊အစဉ်မပြတ်။ သောဘတိ၊နှုန်းဘွယ်မရှိ တင့်တယ်၏။

၄၆။ ယသဿိ၊ မဆိတ်မည့် ခြီရံကျော်စောခြင်းရှိသော။သောမဟာရာဇာ၊ထိုနတ်မင်းကြီးသည်။ယံဒိသံ၊ အကြင်အရပ်မျက်နှာကို။ အဘိပါလေတိ၊ ရှေးရှုမျက်မှောက်စောင့်ရှောက်၏။ သာ၊ ထိုအရပ်မျက်နှာကား။ ဣတော၊ဤမြင်းမိုရ်တောင်မင်းမှ။ဥတ္တရာဒိသာ၊မြောက်မျက်နှာတည်း။ ဣတိ၊ဤသို့။နံ၊ ထိုအရပ်မျက်နှာကို။ ဇနော၊ လေးကျွန်းနေသူ လူများအပေါင်းသည်။ အာစိက္ခတိ၊ပြောဟော၏။

၄၇။ ယက္ခာနဉ္စ၊ ဘီလူးတို့၏သာလျှင်။ အဓိပတိ၊ စိုးရသခင် အရှင်ဖြစ်သော။ သောမဟာရာဇာ၊ ထိုနတ်မင်းကြီးကား။ ကုဝေရောဣတိနာမ၊ ကုဝေရအမည်ရှိ၏။ ယက္ခေဟော၀၊ ဘီလူးတို့သည်သာလျှင်။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ နစ္စဂီတေဟိ၊ ကခြင်း, သီခြင်းတို့ဖြင့်။ ရမတိ၊ မွေ့လျော်ပျော်ပါး၏။

၄၈။ တဿ၊ ထိုနတ်မင်းကြီး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အသီတိဒသဧကောစ၊ ကိုးကျိပ်တယောက်ရှိကုန်သည်ဖြစ်၍။ ဗဟဝေါ၊ များစွာကုန်၏။ ဣန္ဒနာမာ၊ ဣန္ဒနှင်နှင် အမည်တူကုန်သည်ဖြစ်၍။ ဧကနာမား တူသောအမည်ရှိကုန်၏။ မဟဗ္ဗလာ၊ ကြီးသောခွန်အား စွမ်းပကားလည်းရှိကုန်၏။ ဣတိ၊ ဤသို့။ မေ။ ငါသည်။ သုတံ၊ ကြားနာရ၏။

၄၉။ တေစာပိ။ ထိုကိုးကျိပ်တယောက်ကုန်သော နတ်သားတို့သည်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒိသွာန၊ ဖူးမြင်ကုန်၍။ ဝီတသာရဒံ၊ စိုးရိမ်ကြောက်လန့် တွန့်ရှုံ့ခြင်းမှ ကင်းပပျောက်စဲ ရဲရင့်တော်မူသော။ မဟန္တံ၊ မြတ်နိုးချီးငေါ်ပူဇော်အပ်တော်မူသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဒူရတော၀၊ အဝေးကလျှင်။ နမဿန္တိ၊ ရှိခိုးကုန်၏။

၅၀-၅၁။ ပုရိသာဇည၊ ယောကျ်ားပီပီ အာဇာနီစစ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမော။ ရှိခိုးပါ၏။ ပုရိသုတ္တမ၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်

H 500—24 [ဟံသာဝတီ]

ဘုရားအား။ နမော၊ရှိခိုးပါ၏။ တွံ၊ အရှင်ဘုရားသည်။ ကုသလေန၊ သိမ်မွေ့စင်ကြယ် နက်ကျယ်သောသဗ္ဗညုတ ဉာဏ်တော်ဖြင့်။ သမေက္ခသိ၊ ကြည့်ရှုဆင်ခြင်တော် မူပေ၏။ ဣတိ၊ဤသို့။ ဝတွာ၊ဆိုကုန်၍။ အမနုဿာပိ၊ နတ်ဘီလူးတို့သည်လည်း။ တံ၊အရှင်ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုးကုန်၏။ဧတံ၊ ဤအကြောင်းကို။ နော၊ ငါတို့သည်။ အဘိဏှသော၊ မပြတ်လျှင်။ သုတံ၊ ကြားနာရ၏။ တသ္မာ၊ ထို့ကြောင့်။ ဟေ-ယက္ခာ၊ဟယ်- ဘီလူးတို့။ တုမှေ၊ သင်တို့သည်။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူး လည် အမည်တော်ရှိသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒထ၊ ရှိခိုးကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆာ၊ မေး အပ်ကုန်သည်ရှိသော်။ ဂေါတမံ၊ ဂေါတမဟု ရအပ် ထူးလည် အမည်တော်ရှိသော။ဇိနံ၊ မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ ဂေါတမံ၊ ဂေါတမဟု ရအပ်ထူးလည် အမည်တော်ရှိသော။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ဝန္ဒာမ၊ ရှိခိုးပါကုန်၏။ ဧဝံ၊ ဤသို့။ ဝဒေမသေ၊ သံတော်ဦးရှိ တင်ကုန်၏။ ဣတိ၊ ဤသို့။ အဘာသိ၊ တွတ်တွတ်တီတီ ရွတ်လေပြီ။

ကုဝေရ နတ်မင်းကြီး အဘွဲ့ပြီး၏။

ဤကား အာဋာနာဋိယ သုတ်၏ ယောဇနာ

## ၂၆- သမဒ္ဒအာသိသ ၂•ဂါထာ

၁။ တေသံ ဝေဿဝဏ္ဏာဒီနံ၊
ပုတ္တာနဉ္စ ကတံ ဣဒံ။
ပုညံပိ နော ပဏ္ဏာကာရံ၊
ရက္ခကာနဉ္စ ဒုက္ခမံ။ ။

၂။ မဟာသေနာပတီနဉ္စ၊
ဘော ပိတာနံ တတော ပရံ။
ဘဝ ရက္ခေထ ယက္ခာနံ၊
တံ အမှေဟိ သဒါ သဒါ။ ။

### ရင်းအနက်

ဝေဿဝဏ္ဏာဒီနံ၊ ယက္ခစိုးမှန် ဝေဿဝဏ်မှ ဂန္ဓဗ္ဗ စိုးလတ် ဓတရဋ္ဌနှင့် ဂုမ္ဘဏ်စိုးခြီ ဝိရူဠှက နာဂစိုးမူ ဝိရူပက္ခ မည်ရကျော်သီး နတ်မင်းကြီးတို့အားရင်း။ ပုတ္တာနဉ္စ၊ ဣန္ဒနှင့်နှင် မည်တွင်ကျော်ထိတ် ကိုးကျိပ်တပါး ကုန်သော နတ်သားတို့အားရင်း။မဟာသေနာပတီနဉ္စ၊ ဣန္ဒမည်သောနတ်မင်း, သောမမည်သော နတ်မင်း, ဝရုဏမည်သောနတ်မင်း,ဘာရဒွါဇမည်သောနတ်မင်း, စန္ဒနမည်သောနတ်မင်း,ကာမသေဋ္ဌမည်သောနတ်မင်း, ကိန္နုဃဏ္ဍုမည်သောနတ်မင်း, ယက္ခဏ္ဍုမည်သောနတ်မင်း, နိဃဏ္ဍုမည်သောနတ်မင်း, ပနာဒမည်သောနတ်မင်း, ဩပမညမည်သော နတ်မင်း, မာတလိမည်သော နတ်မင်း, စိတ္တသေနမည်သောနတ်မင်း, နဠောရာဇာမည် သောနတ်မင်း, သာတာဂိရိမည်သောနတ်မင်း, ပုဏ္ဏက မည်သောနတ်မင်း, ကရတိယမည်သောနတ်မင်း, ဂုဠ

မည်သောနတ်မင်း,သိဝကမည်သောနတ်မင်း, မုစလိန္ဒ မည်သောနတ်မင်း, ဝေသာမိတ္တမည်သော နတ်မင်း, ယုဂန္ဓရမည်သောနတ်မင်း, ဂေါပါလမည်သော နတ်မင်း, သုပရောဓမည်သောနတ်မင်း, ဟိရိမည်သော နတ်မင်း, နေတ္တိမည်သောနတ်မင်း, မင်္ဂလိယမည်သော နတ်မင်း, ပဉ္စာလစန္ဒမည်သောနတ်မင်း, အာဠဝက မည်သောနတ်မင်း, ပဇ္ဇုန္နမည်သောနတ်မင်း, သုမန မည်သောနတ်မင်း, သုမုခမည်သောနတ်မင်း, ဒဓိမုခ မည်သောနတ်မင်း, မဏိမည်သောနတ်မင်း, မာဏိ မည်သောနတ်မင်း, ဝရုဒ္ဓမည်သောနတ်မင်း, ဒီဃမည် သောနတ်မင်း,သေရီသကဟု မည်ရကျော်ထိတ် သုံး ကျိပ်ရှစ်ပါးကုန်သော ယက္ခမဟာ သေနာပတိ ရာထူး ရှိ၍ နံ့သိထင်ရှား နတ်တို့အားရင်း။ ရှဋ္ဌိကာနဉ္စ၊ တတောလာမည်သောနတ်မင်း, တတ္တလာမည်သော နတ်မင်း, တတောတလာမည်သောနတ်မင်း, ဩဇသိ မည်သော နတ်မင်း, တေဇသိမည်သော နတ်မင်း, တတောဇသိမည်သော နတ်မင်း, သူရမည်သောနတ် မင်း, ရာဇမည်သောနတ်မင်း, သူရောရာဇာမည်သော နတ်မင်း, အရိဋ္ဌမည်သော နတ်မင်း, နေမိမည်သော နတ်မင်း, အရိဋ္ဌောနေမိမည်သောနတ်မင်းဟု မည်ရ ထင်ရှား တကျိပ်နှစ်ပါးကုန်သော တိုင်းမှူးတိုင်းကွပ် နတ်တို့အားရင်း။ ပိတာနံ၊ ပရမေဿရ ခန္ဓကုမာရဟု စသည်များစွာကမ္ဘာစောင့်နတ်တို့အားရင်း။ယက္ခာနံ၊ မျက်မာန်မဆိတ် နှိပ်စက်ကြမ်းကြုတ်တတ် ကုန်သော ဘီလူးတို့အားရင်း။တတော၊ထိုနတ်ဘီလူးတို့မှ။ ပရံ-ပ

ရေသံ၊ တပါးကုန်သော ဘုတ်ပြတ်တစ္ဆေ မြေသံဘက်မှင်စာ သတ္တဝါတို့နှင့်တကွ ဘတုံနတ်မင်းတဘုန်းတောင်ပြိုးမှာမင်းညီနောင် ပုပ္ပါးတောင်မှာမင်းမာဂရီနှစ်လီမောင်နှမ တရုပ်မြို့ကမြင်းသည်ကျော် ကူးခန်းပျော်သည့်မင်းကျော်စွာ ပြည်တော်မှာရှင်မ ပင်လယ်ဝက မောင်ရှင်ကြီး ဂုဏ်သီးမချို့ ကိုးမြို့ရှင်ရွှေလေးရှင်နတ်စင်မှာအသွယ်သွယ် သုံးဆဲ့ခုနစ်မင်း နတ်သီချင်းတစာစာနှင့်ပ-သ-ကာနေရကုန်သောနတ်တို့အားဖင်း။ နော၊ ငါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ကတံ၊ ညီညာရောရှ ပြုအပ်သော။ ဣဒံပုညံပိ၊ ဤကုသိုလ်အစု ကောင်းမှုအပေါင်းသည်လည်း။ ပဏ္ဍာကာရံ၊ မေတ္တာမြဲနှောင်သလက်ဆောင်သည်။ ဘဝ၊ ပြုတ္တ၊မသွေ ဖြစ်ပါစေ။ တတော၊ထိုငါတို့ပဏ္ဍာကာရ ဝေဌများမြောင် သလက်ဆောင်ကြောင့်။ဘော-မာရိသာ၊ဘော်ရွှေတသင်းအိုနတ်မင်းတို့။ တုမှေ၊ သင်နတ်မင်းတို့သည်။ အမှေဟိ၊ငါတို့မှ။ တံဒုက္ခမံ၊ ထိုသို့နှိပ်စက် ဆင်းရဲနက်ကို။ သဒါ၊ အခါခပ်သိမ်း။ရက္ခထ၊မမေ့မလျော့ စောင့်ကုန်လော့။

ဤကား သမဒဒအာသိသ ၂-ဂါထာ၏ယောဇနာ

---

## ၂၇-ပထမဉဇ္ဈာပနဂါထာ

ဣမသ္မိံ အသုခံ ကတွာ၊
စဏ္ဍာ ရုဋ္ဌါ ဘသာတိ တေ။
ဣန္ဒာဒယော ဘော ကိရ ဝါ၊
ယက္ခုဇ္ဈော ထ ဝသန္တိ နေ။ ။

[ဤကား ဘီလူးမလွှတ်လျှင် သေနာပတိနတ်တို့အား သိစေရန်ဂါထာ။]

## ရှင်းအနက်

ဘော-ဇုန္ဒြာဒယော၊ ဇုန္ဒသောမ ရုဝဏာမှ စသည် များစွာ ယက္ခမဟာ သေနာပတိ ရာထူးရှိ၍ နှံ့သိကျော်ထိတ် သုံးကျိပ်ရှစ်ပါး ရှင်နတ်များတို့။ ဇုမဿံ ဂါမ ခေတ္တေ၊ ဤရွာ၌မြို့ ဤသို့သောခေတ် ဤရပ်ဤသိမ် ဤသည့်အိမ်၌။ စဏ္ဍာ၊ အမျက်စောင်းမာန် သည်းထန်ကုန်သော။ ရုဒ္ဒါ၊ နှိပ်စက် ဖျက်ဆီးတတ် ကုန်သော။ ဘသာ၊ ကြမ်းကြုတ်ရုန့်ရင်းကုန်သော။ ယက္ခာ၊ ဘီလူး တို့သည်။ တေ၊ ထိုလူအပေါင်းတို့ကို။ အသုခံ၊ ကိုယ် စိတ်ပင်ပန်း မချမ်းသာလေအောင်။ ကတွာဝ၊ ပြုကုန်၍ လျှင်။ ဝသန္တိကိရ၊ ခိုမှီစွဲမှတ် နေကုန်သတတ်။ ဇုတိ- တသ္မာ၊ ထိုအကြောင်းကြောင့်။ နေ၊ ထိုဘီလူးတို့ကို။ တုမှေ၊ သင်နတ်မင်းတို့သည်။ ဥဗ္ဗောထ၊ မြော်မြင် အသေ့ သိကုန်လော့။

ဤကား ပထမဥဗ္ဗာပနဂါထာ၏ယောဇနာ

---

## ၂၈-ဒုတိယဥဗ္ဗာပနဂါထာ

ဇုမဿံ ဇုန္ဒြာဒယော ဏံ၊
ယံ ဝုတ္တံ အသုခန္တိ တံ။
ဒွာယံ ယက္ခောပိ နော ကတွာ၊
ဘော ဇာနာထ ကရောမ တံ။ ။

[ဤဂါထာဖြင့် နတ်သေနာပတိတို့ကို သိစေ၍ ပရိတ်ရွတ်ရန်။]

## ရှင်းအနက်

ဘော-ဇုန္ဒြာဒယော၊ ဇုန္ဒသောမ စသည်များစွာ ယက္ခမဟာ သေနာပတိ ရာထူးရှိ၍ နှံ့သိကျော်ထိတ်

သုံးကျိပ်ရှစ်ပါး ရှင်နတ်များတို့။ ဣမသ္မိံ၊ ဤရွာ ဤမြို့ ဤသို့သောသူ ဤသို့လူ့၌။ အယံယက္ခော၊ ဤမည်သော ဘီလူးသည်။ အသုခံ၊ ကိုယ်စိတ်ပင်ပန်း မချမ်းသာမှု ကို။ ကတွာ၊ ခန္တိမေတ္တာ ဒယာလွတ်ကင်း ပြုလေခြင်း ကြောင့်။ နော-အမှာကံ၊ ငါတို့က။ ယံမင်္ဂလာကထံ၊ အကြင်မင်္ဂလာနှင့်စပ်သောစကားကို။ ဗုတ္တာ၊ ဆိုအပ်ပြီ။ တံဝစနံပိ၊ ထိုစကားကိုလည်း။ နောကရောတိ၊ လိုက် နာယူဆောင် နားမထောင်။ ဣတိတသ္မာ၊ ထိုအကြောင်း ကြောင့်။ ယံအာဏံ၊ အကြင်ဘုရားအာဏာတော်သည်။ ဣမသ္မိံ၊ ဤသာသနာတော်၌။ အတ္ထိ၊ ထင်ရှားပကတိ လာရှိ၏။ တံအာဏံ၊ ထိုဘုရား အာဏာတော်ကို။ မယံ၊ ငါတို့သည်။ ကရောမ၊ မကြောက်မရွံ့ ပြုကုန်အံ့။ တုမှေ၊ သင်နတ်မင်းတို့သည်။ တမတ္ထံ၊ ထိုအကြောင်း ကို။ ဇာနာထ၊ မြော်မြင်အသော့ သိကုန်လော့။

ဤကား ဒုတိယဥဇ္ဈာပနဂါထာ၏ယောဇနာ

---

## ၂၉-ဘီလူးကိုအားမင်္ဂလာစကားဆိုရန်

ယက္ခိတ္တာယန္တိ တေ ဗုတ္တံ၊
ပုညဘာဂါကရိတ္တထံ။
ဘိက္ခုသံဃေ ဂါရဝေန၊
မုဉ္စ နေန ဇနော ဇနံ။ ။

[ဤကားဘီလူးတို့အားကုသိုလ်အဘို့ကိုပေးဝေ၍မင်္ဂလာစကားဆိုရန်။]

### ရင်းအနက်

ဣတ္တံယက္ခ၊ ဤမည်သောဘီလူး။ တေ၊ သင့်အား။ အယံဇနော၊ ဤမည်သောလူက။ ပုညဘာဂံ၊ ကောင်း

မှုကုသိုလ်အဘို့ကို။ အကရိ၊ ကိုယ်နှင့်သမ အမျှဝေ
အပ်လေပြီ။ အနေနဘိက္ခုသံဃေန၊ ဤမှာယခု တစု
ညီညာ စည်းဝေးရောက်လာ ရဟန်းသံဃာအပေါင်း
ကလည်း။ ကထံ၊ မင်္ဂလာနှင့်စပ်သော စကားကို။ဝုတ္တံ၊
ဆိုအပ်ပြီ။ ဣတိ-တသ္မာ၊ ထိုအကြောင်းကြောင့်ရင်း။
ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ ဂါရဝေန၊ ရိုသေခြင်း
ဖြင့်ရင်း။ တံဇနံ၊ ထို သင်ဖမ်းစားသော လူကို။ မုဋ္ဌ-
မုဋ္ဌာဟိ၊ သာယာအသော့ လွှတ်ပါလော့။

ဤကား မင်္ဂလာဂါထာ၏ ယောဇနာ

---

## ၃၀–လက္ခဏာတော်ကြီး ၃၂-ပါးရှိခိုး

၁။ အနိဝတ္တိတပုညတော တိတံ.
သုပ္ပတိဋ္ဌိတပ္ပါဒလက္ခဏံ။
သပရိဝါရဒါနတော ပရံ၊
စက္ကံ သုဝစနေဏိဇယ်တံ။ ။

၂။ အယာတေန ဥဇ္ဇုဂတ္တတံ၊
ဒီဃင်္ဂုလဋ္ဌ ပဏှိလက္ခဏံ။
ပါဒိဒါ သတ္တုဿဒံ ဗိန္နံ၊
သာကစ္ဆာ သုခုမစ္ဆဝိံ လိတံ။ ။

၃။ မုဒုဇာလဟတ္ထပါဒေ စ၊
သင်္ဂဟတ္ထာ သုဝဏ္ဏ သောဝတ္တာ။
အကုဓေန ဝတ္ထဂုယှံ၊
သမဂ္ဂဆာဒေန ယော ဘဂဝါ။ ။

၄။ ဓမ္မယာဂုဿင်္ခပါဒံ၊
ဥဒ္ဓဂ္ဂလောမ မာပရံ။
ပုဝိကာ ပရိမဏ္ဍလံ၊
ပရိမဇ္ဇနဇာဏုကံ။ ။

၅။ စိတန္တရံသတ္တကာမာ၊
ဝဋ္ဋက္ခန္ဓဉ္စ ဝါ တထာ။
သီဟပုဗ္ဗဍ္ဎကာယဉ္စ၊
ရသဂ္ဂသဂ္ဂိဗာဓကာ။ ။

၆။ ဥဒိက္ခေန ဂေါပခုမံ၊
နီလနေတ္တဉ္စ ပုဗ္ဗဂါ။
ဥဏှိဿာ နဘူတတ္တာ စ၊
ဥဏ္ဏံ ဧကေကလောမကံ။ ။

၇။ စတ္တာလီသဒန္တဉ္စေဝ၊
အဝိရဠဉ္စ ပေသုဏာ။
အဖြုဿေန ဗြဟ္မဿရံ
ပဟုတဇိဝှ မာပရံ။ ။

၈။ သီဟဟနုံ ဝိပ္ပလာသတော၊
သမဒန္တဉ္စ သမာဘရဏာတော။
တေဟိ တံ သုသုက္ကဒါဌကံ၊
သမ္ပတ္တိံ ဝန္ဒာမိ ဟံ ဇိနံ။ ။

## ရင်းအနက်

၁။ ယောဘဂဝါ၊ အကြင် မြတ်စွာ ဘုရားသည်။ အတီတံ၊လွန်လေပြီးသော လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး။ အနိဝတ္တိတပုညတော၊ ကုသိုလ်ဓမ္မ

ဟူသမျှ၌ လုံ့လမယုတ် မဆုတ်မနစ် သစ်သစ်မကျန် မြမြပြဘူး ကုသိုလ်ထူးကြောင့်။ (၁) သုပ္ပတိဋ္ဌိတပ္ပါဒ လက္ခဏာ၊ နိမ့်မြင့်မထင် ရွှေခြေနင်းအသွင်ကဲ့သို့ မြေပြင်ဦးထိပ် နင်းနှိပ်ညီညာ ထိခြင်းငှါ စွမ်းနိုင်သော ဘဝါးတော်အပြင် တည်းဟူသော "သုပ္ပတိဋ္ဌိတပါဒ" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။ သပရိဝါရဒါနတော၊ အလှူပရိက် အလှူအရံနှင့်တကွ ဒါနဝတ္ထု ပြုခဲ့လေဘူး ကုသိုလ်ထူးကြောင့်။ (၂) စက္က၊ ဘဝါးတော်အပြင်၌ နီလွင်စွေးစွေး ကန့်ရေးတထောင် ပုံတောင်း အကွပ်တို့နှင့်တကွ တရာ့ရှစ်ကွက် စက်လက္ခဏာတော်တို့ဖြင့် တန်းဆာဆင်အပ်သော စက်မြတ်အစုံ တည်းဟူသော "ပါဒစက္က" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။ ပရံ-ပရသူ၊ သူတပါးအား။ သုဝစနာ၊ *သိပ္ပဝိဇ္ဇ ကမ္မစရဏ လေးဝပိုင်းခြား အတတ်များကို ရှည်လျားမကြာ လျင်စွာမသွေ တတ်ခစေခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၃) ဧဏီဇင်္ဃတံ၊ သလေးစပါးဖုံး လုံးဝန်းအညီ ဧဏီမည်သော သား၏ မြင်းခေါင်းတူစွာ သားလုံးမြင်းခေါင်းတော် တည်းဟူသော "ဧဏီဇင်္ဃ" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။

* ဤဂါထာအရာ၌ သိပ္ပ-ဟူသည်ကို အိုးလုပ်အတတ်, ဂဏန်းအတတ်စသည်ကိုမှတ်၊ ဝိဇ္ဇာဟူသည်ကို ဆေးအတတ်ကိုမှတ်၊ ကမ္မဟူသည်ကို ကမ္မဿကတာဉာဏ်ကို ဖြစ်စေတတ်သော အတတ်ကိုမှတ်၊ စရဏဟူသည်ကို ပဉ္စသီလ,ဒသသီလ, ပါတိမောက္ခသံဝရသီလအတတ်တို့ကို မှတ်လေ။

၂။ အဃာတေန၊ ပါဏာတိပါတ် မသတ်မညှဉ်း လွှတ်ကင်းဝေးအောင် ကြဉ်ရှောင်ခဲ့ဘူး ကုသိုလ်ထူး ကြောင့်။(၄)ဥဇုဂ္ဂတ္တတံ၊ဗြဟ္မာမင်း၏ ကိုယ်သဏ္ဌာန် ကဲ့သို့ တလံမျှမရွေ့ ကြပတော့ကိုယ်ရောင် တောက် လောင်ထွန်းပလျက် ညီမျှသပ်ရပ် ဖြောင့်မတ်သော ကိုယ်တော်တည်းဟူသော "ဗြဟ္မုဇ္ဇုဂ္ဂတ္တ" လက္ခဏာ တော်ကိုရင်း။ (၅) ဒီဃင်္ဂုလဋ္ဌ၊ သင်းကြိုင်ထုံး ဆိမ္မွေးတို့ဖြင့် နယ်အပ်သော မြင်းသိလာနှစ်ကဲ့သို့ ပြေ ပြစ်ရှည်သွယ် သပ္ပါယ်နွဲ့ပျောင်းသော ခြေချောင်း လက်ချောင်းတော်တည်းဟူသော"ဒီဃင်္ဂုလ"လက္ခဏာ တော်ကိုရင်း။(၆) ပဏှိလက္ခဏံ၊ဘဝါးတော်အလျား လေးပါးညီမှု ကောင်းစွာပြု၍ တစုပမာဏ ညီမျှသွယ် ဖြောင့် ဖနောင့်တော်တည်းဟူသော "အာယတပဏှိ" လက္ခဏာတော်ကိုရင်း။ လဘတိ၊ ရတော်မူ၏။ ပါဒိဒါ၊ ကောင်းမြတ်လှစွာ အရသာယို၍ ခဲဘွယ်လျက်ဘွယ် ငါးသွယ်ဘောဇဉ် ရှစ်အင်အဖျော် သင့်လျော်မလပ် ထောပတ်ဆီဥ ရသာစုကို ရောရှုကြည်ဖြူ ပေးလှူခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၇) ပိန္ဒံ သတ္တုဿဒံ၊ လက် ဖမိုးတော်နှစ်ဖက်,ခြေဖမိုးတော်နှစ်ဖက်,ပခုံးစွန်းတော် နှစ်ဖက်,လည်ပင်းတော်မြတ် ခုနစ်ရပ်သောဌာန၌ ညီမျှ ထင်ရှား အသားတော်၏ ပြည့်ဖြိုးတော်မူခြင်းတည်းဟူ သော"သတ္တုဿဒ"လက္ခဏာတော်ကိုလည်း။ လဘ တိ၊ ရတော်မူ၏။ သာကစ္ဆာ၊မြင့်ကြာကာလချမ်းသာရ ကြောင်း ကောင်းစွာဆွေးနွေး တရားရေး၌ မေးမြန်း ခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၈) အလိတံ သုခုမစ္ဆဝိ၊

ပဒုမ္မာကြာရွက် ပိန်းဘက်အပြင်တို့၌ ရေမတင်မစွတ် သကဲ့သို့ ညစ်ထပ်မြူညှင်း မချဉ်းမစပ် မကပ်နိုင်အောင် ရွှေစိုင်ပွတ်ကြည် အရည်နှိုင်းဆ မကသိမ်မွေ့ ချောမွေ့ ညက်ပြေ အရေတော်တည်းဟူသော "သုခုမစ္ဆဝိ" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။

၃။ သင်္ဂဟဝတ္ထာ၊ များစွာသောင်းပြောင်း လူ အပေါင်းတို့အား ကောင်းစွာဒါန ချီမြှစကား စီးပွား ဖြစ်မှု ပြုရကိုယ်တူ လေးဆူမြေ့ သင်္ဂဟကို လို့လခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၉) မုဒုဇာလဟတ္ထပါဒေစ၊ ဝါဂွမ်းလဲနှ ထောပတ်စုနှင့် ရောရှုခင်းထား ပမာအား ဖြင့် ညှံ့ထွားမွေ့ညက် ခြေလက်ဘဝါးတော်တည်း ဟူသော "မုဒုတလုနဟတ္ထပါဒ" လက္ခဏာတော်၊ (၁၀) ဒေဝရင်နတ် ပန်ဆင်အပ်သော လေသွန် ကွန်ရက်ပမာ လက္ခဏာတော်ရေး နီစွေးရောင်မောင်း တချောင်းမှသည်တချောင်းသို့ ကူးပြောင်းယှက်သန်း လျက် တခဲနက်စေ့စပ်သော လက်ချောင်းတော်လေး ရပ်, ခြေချောင်းတော်ငါးရပ်တည်းဟူသော "ဇာလ ဟတ္ထပါဒ" လက္ခဏာတော်တို့ကိုလည်း။ လဘတိ၊ ရ တော်မူ၏။ သောဝတ္ထာစ၊ နူးညံ့သိမ်မွေ့ ချောမြေ့လုံးစုံ ဝတ်ရုံအခင်း ပေးလှူခြင်းကြောင့်ငှင်း။ အကုဓေနစ၊ ကိုယ်တွင်အမျက် မထွက်စေမှု ပြုခဲ့လေဘူး ကုသိုလ် ထူးကြောင့်ငှင်း။ (၁၁) သုဝဏ္ဏံ၊ နတ်ပွဲဝင်ဇမ္ဗူရာဇ် ရွှေစင်နှစ်ကဲ့သို့ မည်းညစ်မထင် ကြည်လင်သန့်ရှင်း သော အဆင်းတည်းဟူသော "သုဝဏ္ဏဝဏ္ဏ" လက္ခ ဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။ သမဂ္ဂ

ဆာဒေန၊ မိဘသားချင်း ချစ်တင်းဆွေညာ မိတ်ကလျာတို့ နာနာဘာဝ ကွေကွင်းကြရာ ညီညာဖူးတွေ့ ချမ်းမြေ့ကြအောင် ရှက်ဆောင်သည်ပိုးခြင်း, ဆွေမျိုးဖြစ်သူ လူတို့အားလည်း စီးပွါးမဲ့ကြောင်း မကောင်းစကား ကြားသော်ခဏ အသံကိလိဌ ဟာဒယရှင်ပြီး စိတ်နှလုံးဖြင့် ဇှက်ဖုံးခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၁၂) ဝတ္ထဂုယှံ၊ မဟာဂေါဏ ဥသဘ၏ ဗျဥ္ဇနနိမိတ်ကဲ့သို့ သိုသိပ်မြုပ်တိမ် အအိမ်တို့ဖြင့်ဖုံးလွှမ်းလျှို့ဇှက်အပ်သော မဟာပုရိသဗျဥ္ဇန နိမိတ်တည်းဟူသော "ဝတ္ထဂုယှ" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။

၄။ ဓမ္မယာဂ၊ ကောင်းကျိုးနှင့်စပ် တရားမြတ်ကို ဟောအပ်ခဲ့ဘူး ကုသိုလ်ထူးကြောင့်။(၁၃)ဥဿန်ပါဒံ၊ ခြေဘမိုးတော်နှစ်ဘက် အထက်လေးသစ်ခန့်တက်၍ နှစ်ဘက်သောအရပ်၌ ရွှေပွတ်တိုင်တွင် ခိုင်ခိုင်တည့်မတ် တပ်ထားအပ်သော ပတ္တမြားကြယ်ဝန်းကဲ့သို့ ရှန်းစက်ညီညာသော ခြေဘမျက်တော် တည်းဟူသော "ဥဿန်ပါဒ" လက္ခဏာ တော်ကိုရင်း။ (၁၄)ဥဒ္ဓဂ္ဂလောမံ၊ ရွှေမျက်နှာတော်ကို မော်ကြည့်သကဲ့သို့ အထက်သို့သာ လက်ျာရစ်လည်မြူးလျက် ဦးညွှတ်သော မွေးညှင်းတော်တည်းဟူသော "ဥဒ္ဓဂ္ဂလောမ" လက္ခဏာတော်ကိုရင်း။ လဘတိ၊ ရတော်မူ၏။ အပရံ၊ ထိုမှတပါး။ ပုဝိကာ၊ ဤသူယောကျ်ား ထူးတကားဟု ပိုင်းခြားရည်စူး ယောကျ်ားထူးတို့အလိုက် ထိုက်သည့်အားလျော်စွာ စိတ်ဖြာခွဲခြမ်း လျှူဒါန်းခဲ့ဘူး ကုသိုလ်

ထူးကြောင့်။(၁၅)ပရိမဏ္ဍလံ၊ပင်စည်ကိုင်းမ ညီမျှရုပ် ရောင် ပညောင်ပင်အဝန်းကဲ့သို့ မစွန်းအမှန့် အလံ တော်နှင့်အမျှ ရုပကာယတော် ညီညွတ်ခြင်း တည်းဟူ သော "နိဂြောဓပရိမဏ္ဍလ" လက္ခဏာတော်ကိုရင်း။ (၁၆)ပရိမဇ္ဇနဇာဏုကံ၊မညွတ်မကိုင်း မရှိုင်းမတ်မတ် ရပ်တော်မူလျက် ဒူးနှစ်ဘက်ကို လက်တော်နှစ်ရပ်ဖြင့် သုံးသပ်တော် မူနိုင်ခြင်းတည်းဟူသော "ပရိမဇ္ဇနဇာ ဏုက"လက္ခဏာတော်ကိုရင်း။ လဘတိ၊ ရတော်မူ၏။

၅။ အတ္တကာမာ၊ များစွာသောင်းပြောင်း လူ အပေါင်းတို့အား လောကဓမ္မ နှစ်ဝအကျိုး ကွန့်မြူး စေကြောင်း ကောင်းစွာတောင့်တ ဟဒယကြည်နူး ကုသိုလ်ထူးကြောင့်။ (၁၇)စိတန္တရံသဥ္စ၊ လက်ပြင် ကျောစပ် နှစ်ရပ်သောဌာနဥ္စ အစမထင် ရွှေအင်းပျဉ် ကဲ့သို့ တပြင်တည်းပြည့်ဖြိုးတော်မူခြင်း တည်းဟူသော "စိတန္တရံသ" လက္ခဏာတော်ကိုရင်း။ ဝါ-တထာ၊ ထို့အတူ။(၁၈)ဝဋ္ဋက္ခန္ဓဥ္စ၊ နိလာအသွေး လည်ရေး တော်သုံးဆင့်နှင့်တကွ ညီမျှလုံးဝန်းသော ရွှေမုရိုးစည် ပမာ ကမ္ဗုဂီဝါမည်သော လည်ညွန့်တော် တည်းဟူ သော "သမဝဋ္ဋက္ခန္ဓ" လက္ခဏာတော်ကို ရင်း။ (၁၉)သီဟပုဗ္ဗဒ္ဓကာယဥ္စ၊ ကေသရာဇာ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်သဏ္ဌာန်နှင့်တူစွာ ညီညာ ပြည့်ဖြိုးသော ကိုယ်တော်တည်းဟူသော "သီဟပုဗ္ဗဒ္ဓ ကာယ" လက္ခဏာတော်ကိုရင်း။ လဘတိ၊ ရတော်မူ ၏။ အဗ္ဗဓကာ၊ ခဲ, လက်, ဒုတ်, ဓားး လက်နက်များ ဖြင့် တပါးများစွာသတ္တဝါကို ကျင်နာလွန်မင်း မညှဉ်း

ခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၂၀)ရသဂ္ဂသဂ္ဂိ၊ နိုလာ အသွေး လည်ရေးတော်တိုင်အောင် မယိုင်မထုံး အလုံးစုံ ဖြောင့်မတ်သဖြင့် မြတ်သော အရသာကို ကောင်းစွာ ဆောင်တတ်သော ခုနစ်ထောင်ကုန်သော အကြောတို့၏ စုရုံးခြင်းတည်းဟူသော "ရသဂ္ဂသဂ္ဂိ" လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။

၆။ ဥဒိက္ခေန၊ အမျက်ပြင်းထန် ဒေါသမာန်ဖြင့် ဗုဇွန်ကဲ့သို့ ပြူးရရူးကြည့်ခြင်း, ကျီးကန်း ငှက်ကဲ့သို့ စောင့်ငဲ့မြော်လင့် မှိတ်ဖွင့်မကင်း ကြည့်ခြင်းသုံးဖြာ လက္ခဏာမှ ကောင်းစွာမနှောင့် ဖြောင့်ဖြောင့် တည့် တည့် ကြည့်ခဲ့လေဘူး ကုသိုလ်ထူးကြောင့်။ (၂၁)ဂေါ ပခုမံ၊ ဥသဘနုနယ် နွားငယ်၏ မျက်မှောင်မျက်ဝန်း မျက်မွေးပမာ ကောင်းစွာသွေးအပ်သော ပတ္တမြားညို အသွင် ကြည်လင်သော မျက်မှောင် မျက်ဝန်း မျက် မွေးတော် တည်းဟူသော "ဂေါပခုမလက္ခဏာတော် ကိုရင်း။ (၂၂)နီလနေတ္တဠ္ဌ၊ နီမြန်းဝါရွှေ ငွေဟန် အပြီး ပုတီးနက်ရောင်ပမာ လေးဖြာသော အဆင်း တို့နှင့်တကွ ပတ္တမြားညိုအသွင် ညိုညိုလွင်သော မိသ စက္ခုတည်းဟူသော "အဘိနီလနေတ္တ" လက္ခဏာ တော်ကိုရင်း။ လဘတိ၊ ရတော်မူ၏။ ပုဗ္ဗဂါ၊ ကုသိုလ် ဓမ္မ ဟူသမျှကို လုံ့လလွန်မင်း အားထုတ်ခြင်း၌ ခပင်း များစွာ လူဗိုလ်ပါတို့၏ အကြီးအမှူး ပြုခဲ့လေဘူး ကုသိုလ်ထူးကြောင့်။ (၂၃)ဥဏှိသံ၊ ရွှေပြားညွန့်သစ် သင်းကျစ်သျှိဝါ ပုံပမာသို့ လက်ျာတော်နားပန်စွန်းမှ လက်ဝဲတော် နားပန်စွန်းတိုင်အောင် ယှက်သန်းကူး

မြောက်၍ လျှံတောက်ထိန်ဝင်း တလင်းလင်း ထွန်းပ
သော သင်းကျစ်တော်တည်းဟူသော"ဥဏှိသသီသ"
လက္ခဏာတော်ကိုလည်း။ လဘတိ၊ ရတော်မူ၏။ အနု
ဘူတတ္တာ၊ ကိုယ်တော်နှင့်တကွ များလှသောင်းပြောင်း
လူအပေါင်းကို မကောင်းမှုသား ဆိုစကားကို ပယ်
ရှားစေပြီး ဟောနည်းမှန်စွာ သစ္စာစကား ပြောကြား
ခဲ့ဘူးကုသိုလ်ထူးကြောင့်။(၂၄)ဥဏ္ဏာစ၊ရောင်ဝါလျှံကွန့်
ပုလဲညွန့်အလား ရွှေကရားမှ ကျသွားရောင်လင်း နို့
ရည်အဆင်းကဲ့သို့ သန့်ရှင်းဖြူစင် ရောင်ထင်ငွါးငွါး
မျက်မှောင်ကြား၌ ဖြစ်လားဆန်းထွေ လက်ျာရစ်လျက်
ဖူးနေအထက် အညွန့်တက်၍ ပေါ်ထွက်သောဥဏ္ဏာလုံ
မွေးရှင်တော် တည်းဟူသော "ဥဏ္ဏာဘမုကန္တရေဇာတ
တ"လက္ခဏာတော်ကိုရင်း။(၂၅)ဧကေကလောမကံ၊
ရတနာရောင်ဆန်း ကြွင်းတိုင်ထက် ပေါ်ထွက် ကွန့်
မြူးသောမြခြူးနွယ်လိမ်ကဲ့သို့ တအိမ်တအိမ်သောမွေး
တွင်း၌မွေးညှင်းတဆူတဆူစီသာ ညီညာပေါ်ထွက်ခြင်း
တည်းဟူသော "ဧကေကလောမ" လက္ခဏာတော်
ကိုရင်း။ လဘတိ၊ရတော်မူ၏။

၄။ အပေသုဏာ၊ နှစ်ယောက်စပ်ကြား ဂုံးစကား
ကို ပယ်ရှားကင်းလွတ် ညီညွတ်စွာမှု ပြုခဲ့လဘူး
ကုသိုလ်ထူးကြောင့်။ (၂၆) စတ္တာလီသ ဒန္တ ဒွေဝ၊
ခရုသင်း ပွတ်သစ်အဆင်း အရောင်ချင်းကူးယှက်ပျက်
အထက်အောက်ညီ နှစ်ဆယ်စီပေါ်ထွက်သဖြင့် လေး
ဆယ်မျှ ပမာဏရှိသော သွားတော် တည်းဟူသော
"စတ္တာလီသ ဒန္တ"လက္ခဏာတော်ကိုရင်း။ (၂၇)

အဝိရုဠှ၊ သန္တာနိအပြင်၌ စီရရီစိုက်ထားအပ်သော ဝရဇိန်အတူ ဇ ဆူနှင့်ဇာဆူ မြူနုပမာ စပ်ရာမထင် တပြင်တည်းစေ့စပ်တော်မူခြင်းတည်းဟူသော "အဝိ ရုဠှ"လက္ခဏာတော်ကိုရင်း။လဘတိ၊ရတော်မူ၏။ အ ဖြူသွေးနု၊ လျှာကိုတွန့်လိပ် ဒေါသစိတ်ဖြင့် နှိပ်နင်း ကြမ်းကြုတ် ဖြူဿစကား နှုတ်လွှသွားကို ပယ်ရှားခဲ့ ဘူး ကုသိုလ်ထူးကြောင့်။ (၂၈) ပြဟ္မဿရ၊ကရဝိက် ငှက်မင်း, ပြဟ္မာမင်း၏အသံကဲ့သို့ ပုံဟန်တပါး ပတ္တ မြားပလွေကို မှုတ်လေသောပမာ အင်္ဂါရှစ်လီ သမင်္ဂီ ကြောင့် မမှိန်နှုင်းစံ အသံတော်တည်းဟူသော"ပြဟ္မဿ ရ"လက္ခဏာတော်ကိုရင်း။ အပရံ၊ထိုမှတပါး။(၂၉) ပဟုတဇိဝှါ၊ နွားဥသဘ၏လျှာကဲ့သို့ ရှည်သွယ်ကျယ် ပြန့် နူးညံ့ခြင်းလက္ခဏာသုံးဦး အထူးရှု၍ နဖူးတော် အလုံးကို သုံးသပ်ခြင်းငှါ စွမ်းနိုင်သော လျှာတော် တည်းဟူသော"ပဟုတဇိဝှ" လက္ခဏာတော်ကိုရင်း။ လဘတိ၊ရတော်မူ၏။

၈။ ဝိပ္ပလာသတော၊အနက်ဖြမ်ကင်း စကားဖျင်း ကိုပယ်ရှင်းခဲ့ဘူး ကုသိုလ်ထူးကြောင့်။ (၃၀) သီဟ ဟနုံ၊သရဒဇုဏှ ထွန်းပရောင်လက် လထက်ဝက်မျှ ဇိန္ဒြိမနဲ့ရေး သက်တင်လေးကဲ့သို့ကေသရာဇာ ခြင်္သေ့ မင်း၏အောက်မေးနှင့်တူသောမေးတော်နှစ်ရပ် စေ့စပ် ပြည့်ဖြိုးတော်မူခြင်းတည်းဟူသော"သီဟဟနု" လက္ခ ဏာတော်ကိုလည်း။လဘတိ၊ရတော်မူ၏၊သမာဘရဏ တော၊မိစ္ဆာသည်စ်ထေး အသက်မွေးကို ဝေးစွာပယ်ခွါ၍ သမ္မာဇီဝ မွေးရကျေးဇူး ကုသိုလ်ထူးကြောင့်။ (၃၁)

သမဒန္တဥ္စ၊သန္တာရိုး၌စိုက်ထားအပ်သောရွှေဖူးစွေ့ပမာ ပေါ်ထွက် လာကုန်သော သွားတော်တို့၏ဓလေ့ ရှေ့ နောက်ယွင်းယို ရှည်တိုမရှိခြင်း တည်းဟူသော "သမ ဒန္တ"လက္ခဏာတော်ကိုင်ရင်း။ (၃၂)သုသုက္ကဒါဌဏ်၊ သရဒရာသီ ခါမှိုကွန့်မြူး သောက်ရှူး ကြယ်အဆင်း ထက် သန့်ရှင်းဖြူစင်လျက် ရောင်ထင် ယှက်ကူးသော စွယ်တော်လေးဆူ တည်းဟူသော "သုသုက္ကဒါဌ" လက္ခဏာတော်ကိုရင်း။ လာဘတိ၊ ရတော်မူ၏။ တေ ဟိ၊ ထိုသုံးဆဲ့နှစ်ဖြာ လက္ခဏာတော် တို့ကြောင့်။ သမ္ပတ္တိ ၊ရူပကာယ အထူးနှင့်ပြည့်စုံတော်မူသော။ တံ ဇိနံ၊ ထိုမြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။ ဝန္ဒာ မိ၊ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

လက္ခဏာတော်ကြီး ၃၂–ပါး ရှိခိုးပြီး၏။

---

## ၃၁-မဟာရာဟုလောဝါဒသုတ်အဖွင့်

၁။ ဝဏ္ဏဝါသုတိရေ့တွယျော၊
ဂေဟန္တံမမ္ဗဒေသနေ။
ဘွာဟောသုဏာတိရောစေသု၊
ကပိလဂတ နုတ္တရော။ ။

၂။ ပုနျံ ဘောမ ပေသျဒါယံ၊
ဘိပါဒံလိမ္ပ၂ ရောဒတိ။
ပဗ္ဗဇျ ဝိတက္ကောဝါဒံ၊
ဋ္ဌသတ္တော ကံ မယံ မယံ။ ။

## ၎င်းအနက်

အနုတ္တရော၊ ဘိုသုံးဆဲ့တစ် တိလောကခေတ် လူသုံးရပ်ဘုံခေတ်တွင် သယမ္ဘူစစ်ဂုဏ် မဟန္တဂု သမ္ဗုဏ္ဏဖြင့် တစုံတယောက်နတ်လူ မြင့်မြတ်သူမထင် သောကြောင့် အနုတ္တရဟု နာမတံဆိပ် ကျော်ထိပ် ထင်ရှားတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကပိလဂတေ၊ကပိလရိပ်မြို့ မျိုးသာကီနန်းဘုံသို့ ဇာရွှ ရှစ်ကွက် စက်ရှေကြာမုံ ခြေတော်စုံဖြန့်မြူး၍ ရှေးဦး မဆွ ကြွရောက်တော်မူဆဲအခါ၀ယ်။ ဂေဟန္တ၀မ္မဒေ- သနေ၊ ခမည်းတော်စံခင်း နန်း၀ေယန်ဘုံအတွင်း၌ ဗိုလ်လူခပင်းတို့အလယ် မဟာဓမ္မပါလ ဇာတ်ဘာ၀ ဒေသနာကို နက်ကျယ်ကျယ်၀ိတ္ထာရအားဖြင့် ဟော ကြားတော်မူလေလျှင်။ အဟောသုဏာတိ ရောစေသု၊ လေးသောင်းကျော်ဘော်ရွှေတို့ဥသျှောင်ဖျား ယသော် ဒေ၀ီမဟေသီထိပ်ခေါင်ထားကို မျှားရွှေဘော်ဖူးတော် ပေါင်းတို့က ဩော်ကျွန်မတို့ထိပ်ခေါင်တင် ရှုမညောင်း တဲ့ သောင်းခွေရှင် မောင်မောင်တော်ဘုရားထံ စက်ဖြန့် ကြွသွား၍ တရားတော်သံသီတဂုကို နာယူတော်မူပါ ဘုရားဟု ညွတ်တွားချီငေါ်၍ သံတော်ဦးတင်ကြလေ သော်။ အယျေ-ဘဂိနီ၊ ငါ့ထံတော်ပါး ခစားပျော်ကြ အိုညီမတို့။ ၀ဏ္ဏ၀ါသုတိရှေ၊ ငါ၌ဂုဏ်ထူး ကျေးဇူး နက်ကျယ် အကယ်တိတိ ရှိလေမူကား မောင်တော် ဘုရား ငါ့ထံပါးသို့ ကြွရောက်ဟောကြားမှ သူ့တရား ကိုငါကြားနာအံ့သည်ဟု သာယာသံချို မယ်ယသော် က မိန့်ဆိုတော်မူသောစကားသံကို သယမ္ဘူထွတ်ထား

ကုန်ကုန်အောင်ကြားတော်မူသောကြောင့်နော်တာအမွှ၊
မဟာကရုဏာတော်ရှေးရှုလျက် ကြွလာတော်မူသော
အခါဝယ်။ပါဒံလိမ့်ချ ရောဒတီ၊သူဇာနှုန်းလျော် မယ်ယ
သော်သည် မောင်တော်ခြေရင်း ဆံတော်ကိုခင်းဖြန့်
လျက်သင်းပျံ့ပျံ့မွှေးထုံထုံ စုံနှစ်ဖြာရွှေစက်ကို ရွှေလက်
တော်နှစ်ဘက်ဖြင့် နမ်းရှုပ်ဘက်ယမ်း၍ ဖြေမစွမ်းတဲ့နိုင်
သောကလောင်မီး ရွှေရင်ဆိုင်မှာ လှိုင်လှိုင်ကြီးထ
သောကြောင့် ဪ-နှမလေးသက်ဝေ ရွှေနားသွယ်
ကုံး မမုန်းနိုင်တဲ့ဇော်နဝရတ်ခွေ ဪ-မောင်ကြီး
လေ မောင်ကြီးလေ မဲ့မောင်ကြီးဘုန်းဝေဝေ မဲ့ကို
မသနား ရွှေရင်တော်ဘွား သားတော်ကိုလည်း
မချစ်ခင် တော်စုံဂနိုင် ဟိုမြိုင်ယံသို့ ဝင်စံတော်မူသော
ကြောင့် ရွှေနန်းသူမဲ့ကိုယ်မှာ ကိုယ်ရည်မလန်း ဂုဏ်
သရေအလွန်နွမ်းလေမို့ ရွှေနန်းရိပ်လွှင် ဘမရာခွင်
စံပလ္လင်ဘုံထက်မှ နန်းဥကင်ဗိုလ်သဘင်အလယ်ချက်
သို့ မယ်မထွက်ဝံ့ပြီဘူးရှင်၊ ဪ-အတိတာနန္တရ
ဘဝထိုထိုကပင် ဥဏ္ဏာလုံယံ ရွှေဖူးစာနှံ့တုန်းက မဲ့ကံ
မောင့်ကံ ကံနှစ်ကံလုံး ပြိုင်မနှုန်းရော့ထင့် အသက်အ
ရွယ်နုနုနယ် ငယ်ငယ်တုန်းကပင် ကြင်လက်စ ကြင်မ
ဆုံးခင်က ခင်ခင်လေးမဲ့ကိုယ်မှာ ကြင်ကြင်ဘော်ကွာဝေး
လို့မဖေးနိုင်ဘူးမောင် မယ့်ရွှေရင်မှာ ဗျာဝင်ဆိုက်လို့
မောလိုက်ပါဘိ မောင်ကြီးရှင်။ ဪ—လူဘုံတလွှား
ကြားကြားသမျှ သဲ့မိဘုရား တကဲ့မိဘုရား အိုဘဲ့
မိဘုရား သူ့သခင် လင်ထိပ်ထား မင်းသိဒ္ဓတ်ဗုဒ္ဓင်္ကူကို
ပြုစုရမ်းကား မယားအပြား ခုနစ်ပါးတွင် သူသတ်ခိုးသူ

သခင်မှုအလား မယားနှင့်တစေ လင်ဝတ်ငါးပါး တရားမကျေသောကြောင့် ရှေ့ရင်တော်ဘွား သားနှင့် မယ်တော် မင်းနှစ်ဘော်ကို ရှုမြော်မငဲ့ စွန့်ပစ်ထား၍ ထွက်သွားလေသတဲ့ဟု ဂုဏ်အသရေမဲ့ ကဲ့ရဲ့အံ့ အကြောင်းကို အောက်မေ့တိုင်းခါခါ နေဝါဂ္ဂိုန်ဖွေ့ နှမ်းခွေ့သော ကြာကဲ့သို့ မဲ့မျက်နှာ မသာနိုင်ဘူးလေ။ ဩော်- ရှေ့ကိုယ်တော်ဘုရား မယ်နှင့်သားတော် မင်းနှစ်ဘော်ကို ရှုမြော်မငဲ့ မြူနှင်းရက်ဆို ရဂုံဆိုတဲ့ ဟိုဘုံနန်းသို့ စံမြန်းတော်မူသောကြောင့် ရှေ့သရေမှု မျက်ခြယ် မယ်နှင့်တကွ သာကီယ ဆွေတော်ပေါင်းတို့ မျက်နှာတော်မပြုံး နှလုံးတော်မသာ ဗျာပါကြီးထပ် လောင်း၍ သောင်းသဲ့သဲ့မျက်ရည်လျှံ ငိုမြည်သံ ဖိစီးလျက် အရှက်ကြီးရကြလေသည် ထွတ်ခေါင်ဆုံး နှုန်းမရှိတဲ့မောင်ဘုန်းဝေ။ ဩော်-မဲ့မောင်ထိပ်ထား လူသုံးပါးတို့သင်းကျစ် ဘုရားဖြစ်တော် မူလေလျှင် ဖန်ရေဆွတ်ဖျန်း ဝတ်သက်န်းကို ဖုံးလွှမ်းဝတ်ရုံခါ ဒွါဒရာမဆင် ပန်းနံ့သာမယင်ဘဲ နေရှင်ရိပ်လွှဲ ပွဲတော် လည်းမခင်း နေတော်မူခြင်းကို သတင်းစကား နှမ လေးမယ့်နားမှာ အဘန်ဘန် ကြားသောကြောင့် မောင်ကြီးကဲ့ပမာ ဖန်ရည်ဆွတ်တဲ့ ဝတ်သည်လွှာကို ဖုံးလွှမ်းကာဝတ်ဆင်၍ ဒွါဒရာပန်းကပ် စုံလက်ာ အရပ်ရပ်ကို မယ်မသုံးသပ်ပါဘူး အခါရိပ်လွှဲ ပွဲတော် လည်းမယ် မတည်ပါဘူးရှင်၊ ဤသို့ခြင်းရာ ချစ်ကြင်နာ မယ်က အသွန်များပါလျက် မောင်ဘုရားကတမူ ချစ်ကြင်နာမတူရေ့ထင့် ချစ်ကြင်နာတုံးကို တို့မပြန်

ဘူးနော် ဂေါစန္ဒကုး မဲ့ဆံကျင်ပုံပြုတဲ့ သားရာဟုဖေ ယင်းသို့ဗျာခဝ အထွေထွေ ဆိုယောင်ယမ်းလျက် ပင်ပန်းစွာပူဆွေး၍ ငိုကြွေးတော်မူလေသည်၊ ပုနံျ-ပုန ယန္တော၊ ထိုရောအခါ အံ့ဘွယ်ရာများ မယ်ယသော် ဖြစ်လားကို လူများတို့သမုနတ် ခမည်းတော်မင်းမြတ်က လူနတ်တို့သခင် တုမထင်တဲ့ သားတော်ရှင် ထိုထို ထီးဆောင်း မင်းအပေါင်းတို့က သမီးတော်မြတ်ဇော် မယ်ယသော်အား ဖြားယောင်းစကား လျှောက်တင် ကြားကြသော်လည်း ဆံဖျားတည္ထနဲ့ သားတော်မြတ် ဘုန်းကြွယ်ကို ပယ် မစွန့်ဘူးဟု ထူးထွေစကား လျှောက်ထား ပြန်လေသော် ပြည်သူတို့ ကနက်ထီး အောင်စည်တီးပေတဲ့ ခမည်းတော်မင်းကြီး၊ သမီးတော် မျက်ဇော် မင်းယသော်ကား အခုအခါ ပါရမီတော် ကွန့်၍ မစွန့်သည်ကိုကား အံ့ဘွယ်တစ် မရှိလေသေး၊ ရှေးသောအခါ ပါရမီစု နုတုန်းကပင် လင်ကိုမစွန့် ပေဘူးဟု အမြွက်စကား မိန့်ကြားကျူးရင့်၍ ကိန္နရာ ကိန္နရီ ဇာတ်တန္တိကို နက်ဂမ္ဘီ ဝိတ္ထာရအားဖြင့် ဟော ကြားတော်မူပြီးမှ မယ်ယသော်ဘုံနန်းက ဆင်းသက် ကြွမြန်းတော်မူစဉ်။ ပေသျှ ဒါယံ၊ သောင်းရွှေလုံးဇော် မယ်ယသော်က မျိုးဘော်မျက်ရှု သားရာဟုရင်တော် သွေးကို ရွှေအိုးကြီးလေးလုံး ပျောက်ဆုံးသောအမွေကို တောင်းယူချေမဲ့ရွှေသွေးဟု စေလွှတ်တော်မူလိုက်သော် ရာဟုလာရင်တော်သွေး ခုနစ်နှစ်ရွယ်သူငယ်ကလေးက အိုသမဏာဘုန်းဝေ စံမနှုန်းတဲ့ခမည်းတော်ဖေ၊ ရွှေအိုး ကြီးလေးလုံး ပျောက်ဆုံးသောအမွေကို ပေးပါလေ

ပေးပါလေ ပေးပါနော် ပေးပါနော်ဟု သက်နီးတော် ဝတ်လဲကို ဆွဲငင်ကာ တတွတ်တွတ် ဆိုရှာလျက် တကောက်ကောက် နောက်တော်က အစဉ်လျှောက်၍ ကျောင်းတော်သို့ ရောက်လေလျှင်။ ပဗ္ဗဇ္ဇ၊ ခမည်းတော် မြတ်ဗုဒ္ဓ ဘုရားက ငါ့သားမြတ်စွာ ရာဟုလာကား ပဒုမုတ္တရ နာမထင်ရှား ဘုရားရှင်ထံ ဗျာဒိတ်တော် သံကို ခံယူရပြီး ကပ်တသိန်းလုံး ဖြည့်သုံးရင်း နှီး ပါရမီဉာဏ် ရင့်သန်ကြီးမြင့် ပွင့်အံ့လူလူ ဖြစ်မည် သူဟု မြော်ရှုရှေးရှုလျက် မြင်သိတော်မူလတ်၍ ဝိမောက္ခရှစ်ထွေ လောကုတ္တရာအမွေမြတ်ကို ငါပေး အပ်မည်ယု ရည်မှတ်တော်မူပြီးမှ ဓမ္မသေနာပတိ သာရိပုတ္တရာ မဟာထေရ်မြတ်အား ဆောက်နှင်းအပ် ပေး၍ ရင်သွေးတော်မျက်ရှု သားရာဟုကို ရှင်ပြု တော်မူစေပြီးမှ ကပိလရိပ်မြို့ နိဂြောဓာရုံ ကျောင်း ရှေ့ဘုံစခန်းက သာဝတ္ထိနန်းမြေ ဇေတဝန်ခေါ် ရွှေ ကျောင်းတော်သို့တဘန် ရောက်ပြန်တော်မူသောအခါ ဝယ်။ အဋ္ဌသတ္တေ-သတ္တမေ၊ ဝါသိက္ခာရှစ် ဆဲ့ငါးနှစ် မြောက် သက်တော်သို့ရောက်လတ်သော်။ ဝိတက္ကော ဝါဒံ မိုးကောင်းကင်လုံး မဖုံးတိမ်တိုက် မကြိုက်မင်း လွှင် ဆဲ့နှစ်အင်ရောသီစက်ကို နင်းတက်ဖြန့်ချိသော ပတ္တမြားငွေနှစ် ဥဥ၊ရာဇ်သတ်ဓရီတို့ မှိမကွာလမ်း ဖြန့်မြန်းရှင်မြူးသော သောက်ရှူးကြယ်ကြိုးပမာသမ္ဘာ သမ္ဘုဒ္ဓ အနုတ္တရမြတ်စွာသည် သာဝတ္ထိပြည်ယံ ဂေါ စရဂံဌာနသို့ စက်ဖြန့်တော်မူစအခါ ရာဟုလာသာ မဏော ရွှေရင်တော်သွေးသည် ဝေးနီးမကွာ နောက်

တော်ကပါလိုက်၍ သုံးတိုက်လုံးဥဿျှောင်ဖျား ရွှေကိုယ်တော်ဘုရား၏ သုံးဆဲ့နှစ်ပါး ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီးအရောင် အတောင်ရှစ်ဆယ်မျှ ထွန်းပသော ကိုယ်တော်ရောင်တို့ဖြင့် ရွှေတောင်ကြီးကဲ့သို့ ထိန်ညီးရောင်ကယ် ရှုချင်ဘွယ် အလွန်တင့်တယ်သော ရွှေကိုယ်တော်မြတ်ရုပ်တသိလ်းကို တစိန်းစိန်းမျှော်ရှု၍ ဩော်-ခမည်းတော်ပမာ လက္ခဏာကိုယ်ရောင် ထွန်းပြောင်စွင့်စွင့် ငါ့မှာတဝေး ပြည့်စုံသေး၏ရှင့်၊ လေးကျွန်းလုံး စက္ကဝတ်နတ် ခမည်းတော်မြတ်ဖြစ်လေလျှင် ပရိနာယကစစ် သားကြီးရတနာငါဖြစ်အံ့သကားဟု ဧဂဟာသိတ ဆန္ဒရာဂတရားကြီမှားလေသောကြောင့် ပရမေထွတ်ထား မြတ်ဘုရားကဩော်-ငါ့သားမြတ်စွာ ရာဟုလာမှာ ဂေဟာသိတဆန္ဒရာဂတရား အဘန်ဘန်ပွားလေက အပါယ်လေးဝဒုက္ခပူရှိန် ဇာတိဇရာ ဗျာဓိမရဏ စသည်များစွာသံသရာဝတ်နှောင်အိမ်မှာ ညှိုးပိန်စုတ်စုတ် အကြိမ်ကြိမ်နစ်မြုပ်လေတော့မည်၊ ဩော်-ငါမှတပါး ငါ့သားမျက်ရှု မင်းရာဟုဘုန်းလျှိုင်ကို ကယ်ယူနိုင်သူ နတ်လူဗိုလ်ခြေ မရှိလေဟု နတ်ရေစင်ပရမာနု မဟာကရုဏာတော် ပင့်ဆော်ကွန့်လျှိုင်၍ ရှစ်ဆိုင်သောအင်္ဂါစုံသံတော်ဂုဏ်ပွဲ့တင်ထပ်လျက် မွှေးထုံသပ်လျှိုင်ကြူကြူနတ်မဥ္ဇူပန်းကပ်နှင့် ပုံစပ်သောရွှေခံတွင်းနှုတ်မြတ်ဖြင့် ထိုဂေဟာသိတ ဆန္ဒရာဂတရား များဒုက္ခခပင်းမှ ကင်းပလွှတ်ရှင်းစေခြင်းငှါ မဟာရာဟုလောဝါဒသုတ် ဒေသနာကို။ အဘိ-အဒေသိ၊ သာယာကျူးချိ ဟောလေ

ပြီ။ ဘော—သဟာယကာ၊ ဘော်ရွေတသင်း အိုသား ချင်းတို့။ ဧတ္တ၊ ဤမဟာရာဟုလောဝါဒသုတ်၌။ ကော-ကေဒေသံ၊ တစိတ်မျှသော ခါတ်ငါးပါး, ပြဟ္မစိုရ် လေးပါး,အသုဘသညာတပါး, အနိစ္စသညာတပါး, အာနာပါနတပါး၊ တဆဲ့နှစ်ပါးသော တရားဒေသ နာတော်ကို။ မယံ၊ သင်အို့လေ့ကျက် နှုတ်တက်ဆောင် ယူ၍။ မယံ၊ ငါတို့သည်။ဘောမ-ဘာဝေမ၊ အာရုံမပျံ့ ပွါးကုန်အံ့။

ဤကား မဟာရာဟုလောဝါဒသုတ်အမွှန်း၏ယောဇနာ

---

## ၃၂-မဟာရာဟုလောဝါဒသုတ်ပါဠိအနက်

### မဟာရာဟုလောဝါဒသုတ်

အတ္ထိ ဣမသ္မိံ ရာဟုလ ကာယေ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တ-ဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပထဝီဓါတုရေ-ဝေသာ၊ တံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။ ဝေမေတံ ယထာဘူတံ သမ္မပညာယ ဒိသွာ ပထဝီဓါ-တုယာ စိတ္တံ နိဗ္ဗိန္ဒတိ၊ ပထဝီဓါတုယာ စိတ္တံ ဝိရာ-ဇေတိ။ ။(ဤကား ပထဝီဓါတ် ၂၀-ကို ဆင် ခြင်ရန် ပါဠိ၊ ရာဟုလောဝါဒသုတ်လာ)။

အတ္ထိ ဣမသ္မိံ ရာဟုလ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော

သိယာ်ဂါကိကာ လသိကာ မုတ္တံ့ အာပေါ်ဓာတုရေဝေ-
သာ၊ တံ နေတံ မမ၊နေသော ဟမသ္မိ၊ န မေသော
အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။
ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာပေါ-
ဓာတုယာ စိတ္တံ နိဗ္ဗိန္ဒတိ၊ အာပေါ်ဓာတုယာ စိတ္တံ
ဝိရာဇေတိ။ ။(ဤကား အာပေါ်ဓာတ် ၁၂-ပါးကို
ဆင်ခြင်ရန်ပါဠိ၊ ၎င်းသုတ်လာ)။

အတ္ထိ ဣမသ္မိံ ကာယေ ရာဟုလ ယေနစ
သန္တပ္ပတိ၊ ယေနစ ဇီရတိ၊ ယေနစ ပရိဒယှတိ၊ယေ-
နစ အသိတံ ပီတံ ခါယိတံ သာယိတံ သမ္မာပရိ-
ဏာမံ ဂစ္ဆတိ၊ တေဇောဓာတုရေဝေသာ၊ တံ နေတံ
မမ၊ နေသော ဟမသ္မိ။ န မေသော အတ္တာတိ ဧဝ
မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ဝေမေတံ
ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ တေဇောဓာတု-
ယာ စိတ္တံ နိဗ္ဗိန္ဒတိ၊ တေဇော ဓာတုယာ စိတ္တံ ဝိရာ-
ဇေတိ။ ။(ဤကားတေဇောဓာတ်၄-ပါးကို ဆင်ခြင်
ရန်ပါဠိ၊၎င်းသုတ်လာ)။

အတ္ထိ ဣမသ္မိံ ကာယေ ရာဟုလ ဥဒ္ဓင်္ဂမာဝါ-
တာ အဓောဂမာဝါတာ ကုစ္ဆိသယာဝါတာ ကော-
ဋ္ဌာသယာ ဝါတာ အင်္ဂမင်္ဂါနုသာရိနော ဝါတာ
အဿာသော ပဿာသော ဝါယောဓာတုရေဝေသာ၊
တံ နေတံ မမ၊နေသော ဟမသ္မိ၊န မေသောအတ္တာတိ
ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝမေ-
တံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ဝါယော-
ဓာတုယာ စိတ္တံ နိဗ္ဗိန္ဒတိ၊ ဝါယောဓာတုယာ စိတ္တံ

ဝိရာဇေတိ။ ။(ဤကား ဝါယောဓာတ် ၆-ပါးကို ခြင်ဆင်ရန်ပါဠိ၊ ဝုင်းသုတ်လာ)။

